ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲဝင်ရောက်ဖြေဆိုလိုသူများ နှင့် ဖလှယ်လိုသူများအတွက်

ဓမ္မဗျူဟာ

အဘိဓမ္မာဂုဏ်ထူးဆောင် (ဒုတိယကဏ္ဍ)



ဒုတိယဆင့်မှတ်စု

(ဝီထိ၊ ဝီထိမုတ်၊ ရုပ်)

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ
ဓမ္မဗျူဟာသာသနာမဟကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

သဗ္ဗညုတဉာဏ်တော်အစွမ်း

* သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

* သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

* ကျွတ်ထိုက်ကြပေ များဝေနေ၏
ကွန်ဒေစရိုက် သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

* သဗ္ဗဉ်ညာဏ်အား စွမ်းသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှုစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင်....ငါတို့ဘုရားတည်း။

တောင်မြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

"ကောင်းမွန်" ကွန်ပျူတာ အမှတ် ၁၁၇၊ ၁၄ လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၁၈၉၀၂၉, ၀၉၅၁၆၀၀၀၁

ဓမ္မပဒုမာ

အာဘိဓမ္မာဝတာရ်ထူးဆောင် (ဦးကာကျော်)

ဒုတိယဆင့်မှတ်စု

(ဝိထိ၊ ဝိထိမုတ်၊ ဂျပ်)

သင်တန်းမှူး
ဓမ္မပဒုမာ-ဒေါ်ခင်လှတင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)

ဓမ္မပဒုမာသာသနမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

ဒီဃိပိုင်း

၁။ ဝိထိ ၁
၂။ ဝိထိအမည် သတ်မှတ်ပုံ ၂-မျိုး ၂
၃။ ဆ,ဆက္ကတရား ၆-ပါး ၂
၄။ ဝိသယပွဝတ္တိ ၂
၅။ ပဉ္စဒွါရဝီထိခန်း ၄
(၁) စိတ်သက်ဆိုင်ရာသိဖွယ်များ ၄
(၂) ရုပ်သက်ဆိုင်ရာသိဖွယ်များ ၅
(၃) စက္ခုဒွါရ အတိမဟန္တာရုံဝီထိ ၈
မဟန္တာရုံဝီထိ ၁၈
ပရိတ္တာရုံဝီထိ ၂၀
အတိပရိတ္တာရုံဝီထိ ၂၀
၆။ မနောဒွါရဝီထိခန်း ၂၂
(၁) မနောဒွါရ ကာမဇောဝါရ ၂၂
(၂) မနောဒွါရ အပ္ပနာဇောဝါရ ၂၃
၇။ ဝိပါကနိယာမ ၂၆
၈။ အာဂန္တုကဝီထိ ၃၀
၉။ တဒါရုံဖြစ်ကြောင်းအင်္ဂါ ၃၂
၁၀။ ဇဝနနိယာမ ၃၄
၁၁။ ပုဂ္ဂလဘေဒ-ပုဂ္ဂိုလ်အပြား ၃၇
၁၂။ ဘူမိဝိဘာဂ-ဘုံ၌စိတ်ရ ၄၀
၁၃။ ဝီထိပိုင်း နိဂုံး ၄၁

ဒီထိမှတ်ပိုင်း

၁။ ဘူမိစတုက္က ၄၃
(၁) အပါယ် ၄-ဘုံ ၄၄
(၂) ကာမသုဂတိ ၇-ဘုံ ၄၆
(၃) ရူပါဝစရ ၁၆-ဘုံ ၄၇
(၄) အရူပါဝစရ ၄-ဘုံ ၅၀
၂။ ပဋိသန္ဓိစတုက္က ၅၁
(၁) အပါယ်ပဋိသန္ဓေ ၅၁
(၂) ကာမသုဂတိပဋိသန္ဓေ ၅၁
(၃) ရူပပဋိသန္ဓေ ၅၅
(၄) အရူပပဋိသန္ဓေ ၅၆
၃။ ကမ္မစတုက္က ၅၇
(၁) ကိစ္စစတုက္က ၅၇
(၂) ပါကဒါနပရိယာယစတုက္က ၅၈
(၃) ပါကကာလစတုက္က ၅၉
(၄) ပါကဌာနစတုက္က ၆၁
- အကုသိုလ်ကံ ၆၁
- ကာမာဝစရကုသိုလ်ကံ ၆၈
- ရူပါဝစရကုသိုလ်ကံ ၇၄
- အရူပါဝစရကုသိုလ်ကံ ၇၄
- ကံအကျိုးပေးပုံ ၇၅
၄။ မရဏုပ္ပတ္တိစတုက္က ၈၇
(၁) သေခြင်း မရဏ ၄-ပါး ၈၇
(၂) စုတိခါနီး နိမိတ်ထင်ပုံ ၈၇

(၃) စုတေခါနိုး စိတ်အစဉ်ဖြစ်ပုံ ၉၀
(၄) မရဏာသန္နဝီထိ ၉၀
(၅) စုတိနောင် ပဋိသန္ဓေနှောင်းပုံ ၁၀၀
(၆) ဘဝင်, စုတိဖြစ်ပုံ ၁၀၁
(၇) သံသရာစက် လည်ပုံ, ပြတ်ပုံ ၁၀၂

ရုပ်ပိုင်း

၁။ ရူပသမုဒ္ဒေသ ၁၀၃
၂။ ရူပဝိဘာဂ ၁၂၁
(၁) ဧကဝိဓနည်းအားဖြင့် ၁၂၁
(၂) ဒွိဝိဓနည်းအားဖြင့် ၁၂၂
၃။ ရူပသမုဋ္ဌာန ၁၂၇
(၁) ကံက ရုပ်ကို ဖြစ်စေပုံ ၁၂၇
(၂) စိတ်က ရုပ်ကို ဖြစ်စေပုံ ၁၂၈
(၃) ဥတုက ရုပ်ကို ဖြစ်စေပုံ ၁၃၁
(၄) အာဟာရက ရုပ်ကို ဖြစ်စေပုံ ၁၃၂
(၅) ဧကဇ, ဒွိဇ, တိဇ, စတုဇရုပ်များနှင့် စတုဝိမုတ်ရုပ်များ ၁၃၂
၄။ ရူပကလာပ ၁၃၄
၅။ ရူပပဝတ္တိက္ကမ ၁၃၅
(၁) ကာမဘုံ၌ ရုပ်ဖြစ်စဉ် ၁၃၅
(၂) သေခြင်းသတ်မှတ်ပုံ ၁၃၉
(၃) ရူပဘုံ၌ ရုပ်ဖြစ်စဉ် ၁၃၉
၆။ နိဗ္ဗာန်အကြောင်း ၁၄၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဓမ္မပဒဋ္ဌကထာ
အာဘိဓမ္မာဝတာရ-ထူးဆောင်(ဋီကာကျော်)
ဒုတိယဆင့် မှတ်စု

ဝိဏိပိုင်း

စိတ်စေတသိက်တို့ကို ဝေဒနာ, ဟေတု, ကိစ္စ အစရှိသော အပြားအားဖြင့် ရောပြွမ်း၍ ပကိဏ်းပိုင်းတွင် ပြဆိုခဲ့ပြီး ဖြစ်သည်၊ တစ်ဖန် ကာမာဝစရ အစရှိသော ဘုံအပြားအားဖြင့်လည်းကောင်း, ဒွိဟိတ် တိဟိတ် အစရှိသော ပုဂ္ဂိုလ်အပြားအားဖြင့်လည်းကောင်း, မှတ်အပ်သော ဤစိတ်သည် ဤစိတ်မှ နောက်၌ ဖြစ်၏၊ ဤစိတ်၏ အခြားမဲ့၌ ဤစိတ်ဖြစ်၏ဟု ရှေ့စိတ်နောက်စိတ်တို့ဖြင့် သတ်မှတ်ပြခြင်းများ ဖြစ်သည့် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ စိတ်စေတသိက်တို့၏ ဖြစ်ပုံအစဉ်ကို ပြဆိုသော ပဝတ္တိသင်္ဂဟကို ပြဆိုမည်၊ ဤပဝတ္တိသင်္ဂဟသည် -

(၁) ပဋိသန္ဓိ ပဝတ္တိသင်္ဂဟ = ပဋိသန္ဓေအခါ စိတ်စေတသိက်တို့၏ ဖြစ်ပုံအစဉ် (ဝီထိမုတ္တပဝတ္တိသင်္ဂဟ) (ဝီထိမုတ်ပိုင်း) နှင့်

(၂) ပဝတ္တိ ပဝတ္တိသင်္ဂဟ = ပဝတ္တိအခါ စိတ်စေတသိက်တို့၏ ဖြစ်ပုံအစဉ် (ဝီထိပဝတ္တိသင်္ဂဟ) (ဝီထိပိုင်း) ဟူ၍ နှစ်မျိုးရှိရာ -

ပဝတ္တိအခါ စိတ်စေတသိက်တို့၏ ဖြစ်ပုံအစဉ်ကို ပြဆိုသော **ဝီထိပဝတ္တိသင်္ဂဟ** ကို ရှေးဦးစွာ ပြဆိုမည် ဖြစ်သည်။

ဝီထိ

လူတို့၏သွားလာရာခရီးသည် ရွာစဉ်ကို မကျော်ဘဲ အစဉ်သွားဘိသကဲ့သို့ ထို့အတူ စိတ္တနိယာမအတိုင်းဖြစ်သော စိတ်တို့၏အစဉ်သည်လည်း ဖြစ်သင့်သောစိတ်တစ်ခုနှင့် တစ်ခု မကျော်မူ၍ အစဉ်အတိုင်းဖြစ်တတ်သောကြောင့် **ဝီထိ** မည်၏။

ဝိထိအမည် သတ်မှတ်ပုံ ၂-မျိုး

(၁) စကျွဒွါရ၌ဖြစ်သော စိတ်အဆက်ဆက်သည် **စက္ခဒွါရဝိထိ မည်၏**ဟု ဒွါရဖြင့် သတ်မှတ်၍လည်းကောင်း၊

(၂) စက္ခုဝိညာဏ်နှင့်အတူ အာရုံတူ, ဒွါရတူ ဖြစ်သဖြင့် အတူတကွ ဖြစ်တတ်သော ကြောင့် စက္ခုဝိညာဏ်နှင့် ဆက်စပ်သော စိတ်တို့၏အဆက်ဆက်သည် **စက္ခု-ဝိညာဏဝီထိ မည်၏** ဟု ဝိညာဏ်ဖြင့် သတ်မှတ်၍လည်းကောင်း ဝီထိတို့၏အမည်ကို ခေါ်ဝေါ်အပ်၏။

ဆ,ဆက္တတရား ၆-ပါး

(၁) ဝတ္ထုဆက္က - ဝတ္ထုရုပ် ၆-ပါး
(၂) ဒွါရဆက္က - ဒွါရ ၆-ပါး
(၃) အာရမ္မဏဆက္က - အာရုံ ၆-ပါး
(၄) ဝိညာဏဆက္က - ဝိညာဏ် ၆-ပါး
(၅) ဝီထိဆက္က - ဝီထိ ၆-ပါး
(၆) ဝိသယပွဝတ္တိဆက္က - ဝိသယပွဝတ္တိ ၆-ပါး တို့ ဖြစ်၏။

ဝိသယပွဝတ္တိ

(၁) အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း၊ (ဝီထိစိတ်တို့၏ ဝိသယပွဝတ္တိ)
(၂) အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း၊ (ဝီထိမုတ်စိတ်တို့၏ ဝိသယပွဝတ္တိ)

ရှင်းဦးအံ့ - "အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း" ဟူသည် အာရုံတို့၏ ဒွါရတို့၌ ထင်လာခြင်းတည်း။ "အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း" ဟူသည် အာရုံတို့၌ အာရုံပြုသည့်အစွမ်းဖြင့် စိတ်တို့၏ ဖြစ်ခြင်းတည်း။

ဝီထိမုတ်စိတ်နှင့် ဝီထိမုတ်စိတ်တို့၏ ဝိသယပွဝတ္တိ ၃-ပါး

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ် ၁၉-ပါးတို့သည် ရှေးကံအဟုန်ကြောင့် ထင်မြင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို သာ အမြဲအာရုံပြု၍ ဖြစ်ကြကုန်၏၊ ၆-ဒွါရ၌ ထင်ပေါ်လာသော ရူပါရုံ စသည်တို့ကို အာရုံပြုရိုး မရှိချေ၊ သို့ဖြစ်၍ ၆-ဒွါရ၌ ထင်ပေါ်လာသောအာရုံကို အာရုံပြုရိုးရှိသော ဝီထိစိတ်မှအပ အခြားဖြစ်သောကြောင့် **ဝီထိမုတ်စိတ်** မည်၏။

ဝီထိစိတ်တို့၏ ဝိသယပွဝတ္ထို ၆-ပါး

(၁) ပဉ္စဒ္ဒါရဝီထိ၌ - ဝိသယပွဝတ္ထို ၄-ပါး
(အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ)

(၂) မနောဒ္ဒါရဝီထိ၌ - ဝိသယပွဝတ္ထို ၂-ပါး
(ဝိဘူတာရုံ၊ အဝိဘူတာရုံ)

ပဉ္စဒ္ဒါရဝီထိ ဝိသယပွဝတ္ထို ၄-ပါး

(၁) အတိမဟန္တာရုံ = အလွန်များသော စိတ္တက္ခဏ အသက်ကြွင်းရှိသော အာရုံ။
(စိတ္တက္ခဏ ၁-ချက် လွန်ပြီးမှ ငါးဒ္ဒါရဉ် ထင်လာသော,
စိတ္တက္ခဏ ၁၆-ချက် အသက်ကြွင်းရှိသော,
အလွန်အားကောင်းသော ပဉ္စာရုံ)

(၂) မဟန္တာရုံ = များသော စိတ္တက္ခဏ အသက်ကြွင်းရှိသော အာရုံ။
(စိတ္တက္ခဏ ၂-ချက် ၃-ချက် လွန်ပြီးမှ ငါးဒ္ဒါရဉ် ထင်လာသော,
စိတ္တက္ခဏ ၁၅-ချက် ၁၄-ချက် အသက်ကြွင်းရှိသော,
သင့်ရုံမျှ အားကောင်းသော ပဉ္စာရုံ)

(၃) ပရိတ္တာရုံ = နည်းသော စိတ္တက္ခဏ အသက်ကြွင်းရှိသော အာရုံ။
(စိတ္တက္ခဏ ၄-ချက်မှ စ၍ ၉-ချက်တိုင်အောင် လွန်ပြီးမှ ငါး
ဒ္ဒါရဉ် ထင်လာသော, စိတ္တက္ခဏ ၁၃-ချက်မှ စ၍ ၈-ချက်
တိုင်အောင် အသက်ကြွင်းရှိသော, အားနည်းသောပဉ္စာရုံ)
မြင်သလို ကြားသလိုအာရုံ။

(၄) အတိပရိတ္တာရုံ = အလွန်နည်းသော စိတ္တက္ခဏ အသက်ကြွင်းရှိသော အာရုံ။
(စိတ္တက္ခဏ ၁၀-ချက်မှ စ၍ ၁၅-ချက်တိုင်အောင် လွန်ပြီးမှ ငါး
ဒ္ဒါရဉ် ထင်လာသော, စိတ္တက္ခဏ ၇-ချက်မှစ၍ ၂-ချက်တိုင်
အောင် အသက်ကြွင်းရှိသော, အလွန်အားနည်းသောပဉ္စာရုံ)

မနောဒ္ဒါရဝီထိ ဝိသယပွဝတ္ထို ၂-ပါး

(၁) ဝိဘူတာရုံ = ထင်ထင်ရှားရှား ထင်လာသော အာရုံ။
(မနောဒ္ဒါရဉ် ထင်ရှားပေါ်လွင်သော အာရုံ ၆-ပါး။)

(၂) အဝိဘူတာရုံ = မထင်ရှားသောအာရုံ။
(မနောဒွါရ၌ မထင်ရှား မပေါ်လွင်သော အာရုံ ၆-ပါး။)

ပဋ္ဌာနဝိဂတိခန်း

စိတ်သက်

စိတ်တစ်ခုတစ်ခု၏ ဖြစ်ရာ, တည်ရာ, ပျက်ရာ ဥပါဒ်, ဌီ, ဘင်တို့၏ အစွမ်းဖြင့် ခဏငယ် ၃-ခုတို့၏အပေါင်းသည် စိတ္တက္ခဏတစ်ခု မည်၏။ (စိတ်သက် ၁-ခု မည်၏)

ဥပါဒ် = ဖြစ်ပေါ်ရန် အကြောင်း ပြည့်စုံညီညွတ်၍ ပရမတ္ထသဘောတရားတို့၏ ရှေးဦးစွာဖြစ်ပေါ်လာသောခဏသည် ဥပါဒ်ခဏ မည်၏။

ဌီ = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ မချုပ်သေးမီ တည်နေသော အခိုက်အတန့်ခဏသည် ဌီခဏ မည်၏။

ဘင် = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ ကွယ်ပျောက်ချုပ်ဆုံးသောခဏသည် ဘင်ခဏ မည်၏။

(**ခဏ** = အတိုဆုံးသော အချိန်ကာလ)

စိတ်၏ ဌီခဏ ရှိ-မရှိ ပြဿနာ

အဘိဓမ္မာ စိတ္တယမိုက်ကျမ်း၌ ဌီခဏကို ဘုရားရှင် တိုက်ရိုက်ဟောထားခြင်း မရှိသောကြောင့် ဌီခဏ မရှိဟု အချို့ ဆရာတို့က ယူဆကြ၏။

ဘုရားရှင်သည် ဌီခဏကို တိုက်ရိုက်မဟောသည်မှာ မရှိ၍ မဟုတ်၊ ဝေနေယျသတ္တဝါတို့၏အလိုဆန္ဒအား မဆန့်ကျင်သောအားဖြင့် (နည်းကို ပြသည်၏အစွမ်းဖြင့်) ဌီခဏကို မဟောခြင်း ဖြစ်သည်။

ကျောက်ဖျာပေါ် သားသမင် ဖြတ်သွားရာ၌ ကျောက်ဖျာ၏ ဟိုဘက် ဒီဘက် ဘေးကို၌ တက်ရာ ဆင်းရာ သမင်ခြေရာကို တွေ့သဖြင့် ကျောက်ဖျာပေါ် သားသမင် ဖြတ်သွားသည်ကို သိနိုင်သည့် မိဂပဒဝလဉ္ဇနနည်း (သမင်၏လှည့်လည်သွားလာသော ခြေရာကို ကြည့်၍ သိရသောနည်း)ကို ပြသကဲ့သို့ ဥပါဒ်-ဖြစ်စနှင့် ဘင်-ချုပ်ဆုံးခြင်း

အစွန်းဘေးနှစ်ဖက်ကို ကြည့်၍ ဌိ-တည်တံ့မှု ရှိသည်ကို သိနိုင်၏။

ဌိခဏ မရှိဟု ယူသော် ဥပါဒ်နှင့် ဘင်တို့သည် တခြားစီ ဖြစ်နေသည်၊ ဖြစ်ခြင်းက တရားတစ်မျိုး၊ ချုပ်ခြင်းက တရားတစ်မျိုးဟု ယူဆစရာ ဖြစ်နေသည်၊ အမှန်မှာ ဖြစ်သောတရားပင် ချုပ်ခြင်း ဖြစ်၏၊ တစ်မျိုးစီ မဟုတ်ပေ၊ ထို့ကြောင့် ဥပါဒ်နှင့် ဘင်တို့ကို ဆက်စပ်ပေးသော, ဥပါဒ် ဘင်တို့နှင့် သဘောတရား မတူသော, ဘင်သို့ ရှေ့ရှုသော အခိုက်အတန့် ဌိခဏကို အလိုရှိအပ်၍ အရှင်အနုရုဒ္ဓါဆရာက ထည့်၍ဆိုခြင်းဖြစ်သည်။

"ဘုရားရှင်သည် သုတ္တန်ဒေသနာဌ်သာ ဝေနေယျသတ္တဝါတို့ အလိုဆန္ဒအား လိုက်၍ နည်းအမျိုးမျိုး ဟောသည်မှာ လက်ခံနိုင်စရာ ဖြစ်၏၊ အဘိဓမ္မာဒေသနာဟူသည် ရုပ်နာမ်ခမ္မ သဘာဝသက်သက်ကိုသာ ဟော၍ ဝေနေယျသတ္တဝါတို့၏အလိုဆန္ဒအား လိုက်၍ မဟောသည် မဟုတ်ပါလော" ဟု မေးစရာ ရှိ၏။

မှန်ပေ၏၊ အဘိဓမ္မာဌ် သတ္တဝါတို့၏အလိုသို့လိုက်၍ ဟောကြားချက်မှာ ရှားပါး၏၊ သို့သော် တစ်ခါတစ်ရံကား ရှိပါ၏၊ ဥပမာ - ရုပ်ပိုင်းတွင် ဇာတိရုပ်တစ်မျိုးကိုပင် ဥပစယနှင့် သန္တတိဟု ခွဲခြားဟောကြားခြင်းမျိုးပင်တည်း။

သုတ္တန်ပါဠိတော်၌ "ရဟန်းတို့ - သခ်ၤတတရား၏လက္ခဏာတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်းဟူမူ - ဖြစ်ဆဲကိုလည်း သိအပ်၏၊ ပျက်ဆဲကိုလည်း သိအပ်၏၊ တည်သောသခ်ၤတတရား၏ ဖောက်ပြန်သည်အဖြစ်ကိုလည်း သိအပ်၏" ဟု ဟောတော်မူ၍ ဌိခဏ-တည်ခြင်းကို အလိုရှိအပ်၏။

ရုပ်သက်

လက္ခဏရုပ် ၄-ပါး, ဝိညတ်ဒွေးကြဉ်သော ရုပ် ၂၂-ပါးတို့၏ ရုပ်သက်သည် စိတ်တို့၏သက်တမ်းဖြင့် သတ်မှတ်သောအခါ စိတ္တက္ခဏ ၁၇-ချက် အသက် ရှိ၏။

ရုပ်တရားတို့မှာလည်း ဥပါဒ်အခိုက်, ဌိအခိုက်, ဘင်အခိုက်ဟု အခိုက်အခါ ၃-မျိုး ရှိ၏၊ ရုပ်တို့၏တွက်ကိန်းအတိုင်း သတ်မှတ်ရလျှင် ရုပ်တို့၏သက်တမ်းသည် ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏဟု ၃-မျိုးသာ ရှိ၏။

ထိုတွင် ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏသည် စိတ်၏ဥပါဒ်ခဏ ဘင်ခဏနှင့် ညီမျှ၏ (ခဏငယ် ၁-ချက်စီ ရှိ၏)၊ ရုပ်၏ဌိခဏမှာမူ စိတ်၏ခဏငယ်ပေါင်း ၄၉-ချက် (စိတ္တက္ခဏ ၁၆-ချက်နှင့် ခဏငယ် ၁-ချက်ခန့်) အသက်ရှိ၏။

သို့ဖြစ်၍ ရုပ်၏ဖြစ်စဉ် အစခဏငယ် ၁-ချက်သည် ရုပ်၏ဥပါဒ် မည်၏။ အလယ်ခဏငယ် ၄၉-ချက်သည် ရုပ်၏ဌီ မည်၏။ အဆုံးခဏငယ် ၁-ချက်သည် ရုပ်၏ဘင် မည်၏။

စိတ်သက် တို၍ ရုပ်သက် ရှည်ရခြင်း

စိတ်စေတသိက်တရားတို့သည် အကောင်အထည် အတုံးအခဲသဘောမှ ကင်းဆိတ်သောကြောင့် လျင်မြန်စွာ ဖြစ်တတ်, ပျက်စီးတတ်ကုန်၏။

ရုပ်တရားတို့သည်ကား အကောင်အထည် အတုံးအခဲသဘော ရှိသောကြောင့် နှေးလေးစွာ ဖြစ်တတ်, ပျက်စီးတတ်ကုန်၏။

ထို့ကြောင့် စိတ်၏အသက်သည် စိတ္တက္ခဏ ၁-ချက်သာ ရှိ၍ ရုပ်၏အသက်သည် စိတ္တက္ခဏ ၁၇-ချက် အသက်ရှိကာ စိတ်သက်တိုပြီး ရုပ်သက်ရှည်ရခြင်း ဖြစ်ပါသည်။

စိတ်သက်(နာမ်သက်)-ရုပ်သက် ဖြစ်ပုံ ဥပမာ

ယောက်ျားတစ်ယောက်သည် အသီးကို ကျစေရန် တုတ်လှံစသည်ဖြင့် ပစ်ခတ်ချလေရာ -

(၁) အသီးတို့သည်လည်းကောင်း၊ အရွက်တို့သည်လည်းကောင်း၊ တစ်ပြိုင်နက် ကြွေကျကုန်၏။	ထိုသို့ အညာမှ အသီးအရွက်တို့၏ တစ်ပြိုင်နက် ကြွေကျသောအခါကဲ့သို့ ပဋိသန္ဓေအခါ နာမ်နှင့် ရုပ်တရားတို့၏ တစ်ပြိုင်နက် ဖြစ်မှုကို မှတ်အပ်၏။
(၂) ထိုကျလာသောအသီးအရွက်တို့တွင် အသီးတို့သည် ဝန်လေးသောကြောင့် မြေသို့ ရှေးဦးပထမ လျင်မြန်စွာ ကျကုန်၏။	ထိုသို့ အသီးတို့၏ ဝန်လေးသောကြောင့် ရှေးဦးစွာ မြေသို့ လျင်မြန်စွာ ကျသကဲ့သို့ ရုပ်တရား မချုပ်သေးမီ နာမ်တရားတို့၏ ၁၆-ကြိမ်တိုင်တိုင် ဖြစ်မှု-ပျက်မှု ပြီးစီးပြီး ဖြစ်သည်ကို သိအပ်၏။

(၃) အရွက်တို့သည်ကား ပေါ့ပါးသောကြောင့် ဖြေးနှေးစွာ နောက်မှ မြေသို့ ကျကုန်၏။	အရွက်တို့၏ပေါ့ပါးသောကြောင့် နောက်မှ မြေသို့ ကျသကဲ့သို့ ရုပ်တရားတို့၏ ၁၇-ကြိမ်မြောက်သောစိတ်နှင့်မှအတူ ချုပ်ငြိမ်းကွယ်ပျောက်မှုကို သိအပ်၏။

လက္ခဏရုပ် ၄-ပါးနှင့် ဝိညတ်ရုပ် ၂-ပါးကို ကြဉ်၍ ၂၂-ပါးသော ရုပ်တို့ကိုသာ ရုပ်သက် ရေတွက်ရခြင်း

လက္ခဏရုပ် ၄-ပါးတို့တွင် **ဥပစယနှင့် သန္ဟတိ ၂-ပါးသည်** ရုပ်၏ဥပါဒ်ခဏမျှသာ အသက်ရှည်၍ ခဏငယ် ၁-ချက် အသက် ရှိ၏။ **ဇရတာရုပ်**ကား ရုပ်၏ဌိခဏမျှသာ အသက်ရှည်၍ ခဏငယ်ပေါင်း ၄၉-ချက် အသက် ရှိ၏။ **အနိစ္စတာရုပ်**ကား ရုပ်၏ဘင်ခဏမျှသာ အသက်ရှည်၍ ခဏငယ် ၁-ချက် အသက် ရှိ၏။

ဝိညတ်ရုပ် ၂-ပါးမှာမူ စိတ်အစဉ်သို့ လိုက်တတ်သော စိတ္တာနုပရိဝတ္တိတရား ဖြစ်၍ စိတ်နှင့် အသက်တူမျှခြင်းကြောင့် စိတ္တက္ခဏ ၁-ချက် (ခဏငယ် ၃-ချက်မျှသာ) အသက် ရှိ၏။ ဤသို့ လက္ခဏရုပ် ၄-ပါးနှင့် ဝိညတ်ရုပ် ၂-ပါးတို့သည် စိတ္တက္ခဏ ၁၇-ချက် (ခဏငယ် ၅၁-ချက်) မပြည့်ဝသောကြောင့် ကြဉ်ရခြင်း ဖြစ်ပါသည်။

နာမ်သက် ၁-ချက်, ရုပ်သက် ၁၇-ချက် ရှိရခြင်းအကြောင်း

နာမ်တရားဟူသည် အာရုံကို ယူတတ်သောတရားမျိုး ဖြစ်၍ စိတ္တက္ခဏ ၁-ချက်မျှဖြင့် အာရုံကို ယူနိုင်သိနိုင်သောကြောင့် စိတ္တက္ခဏ ၁-ချက်မျှသာ အသက် ရှိ၏။

ရုပ်တရားများကား အာရုံယူခြင်း ခံရသောတရားမျိုး ဖြစ်၍ စိတ္တက္ခဏ ၁၇-ချက်ကြာမှ အာရုံယူခြင်းခံရမူကိစ္စ၊ ပုရေဇာတစသော ပစ္စည်းတပ်သောကိစ္စ၊ ဖောက်ပြန်မှုကိစ္စ ပြီးစီးနိုင်သောကြောင့် စိတ္တက္ခဏ ၁၇-ချက် အသက် ရှိ၏။

"ရုပ်သက်ကို စိတ္တက္ခဏ ၁၆-ချက်သာ ရှိ၏" ဟူသော ကေစိဝါဒ

ပဋိစ္စသမုပ္ပါဒ်ဝိဘင်းအဋ္ဌကထာ၌ မနောဒွါရဝယ် ဂတိနိမိတ်ဖြစ်သော ရူပါရုံ ထင်လာပုံကို ပြရာတွင် "ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၅-ကြိမ်, တဒါရုံ ၂-ကြိမ်, စုတိ၊ ဤသို့ စိတ္တက္ခဏ ၁၁-ချက် ချုပ်သွားပြီး

နောက် စိတ္တက္ခဏ ၅-ချက် အသက်ကြွင်းရှိသေးသော ရူပါရုံ၌ ပဋိသန္ဓေစိတ် ဘဝင်စိတ် ၄-ကြိမ်တို့ ဖြစ်ကြ၏"ဟု ဆိုသောကြောင့် ရူပါရုံသည် စိတ္တက္ခဏ ၁၆-ချက် အသက် ရှိ၏ဟု ကေစိဆရာတို့ ယူကြခြင်း ဖြစ်သည်။

ထိုသို့ ယူဆခြင်းမှာ မသင့်ပါ။ **ခန္ဓဝိဘင်းအဋ္ဌကထာ**၌ "ပဋိသန္ဓေစိတ်နှင့် တကွ ဖြစ်သောရုပ်တရားသည် ထိုပဋိသန္ဓေစိတ်မှစ၍ ၁၇-ချက်မြောက်သော စိတ်၏ဘင်နှင့် အတူချုပ်၏။ ထိုပဋိသန္ဓေစိတ်၏ဌိ၌ ဖြစ်သော ရုပ်တရားသည် ၁၈-ချက်မြောက်သော စိတ်၏ဥပါဒ်ခဏ၌ ချုပ်၏" အစရှိသည်ဖြင့် ရုပ်တို့၏အသက်ကို ၁၇-ချက်ဟု တိုက်ရိုက်လာသောကြောင့် ကေစိဆရာတို့၏အယူအဆသည် မသင့်ခြင်း ဖြစ်သည်။

ကေစိဆရာ၏ အကိုးပြသော အဋ္ဌကထာအဓိပ္ပါယ် ရှင်းပြချက်

ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဋ္ဌကထာ၌ ဘဝင်္ဂစလနစိတ်ဖြစ်ခြင်းအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်းငှာ လျောက်ပတ်သော ခဏ၏အစွမ်းဖြင့် ၁၆-ချက်ဟူသောနည်းကို အဋ္ဌကထာဆရာသည် ထုတ်ဆောင်ပြခြင်း ဖြစ်၏။

မှတ်ချက် ။ ။ ပဋိစ္စသမုပ္ပါဒ်ဝိဘင်းအဋ္ဌကထာ အလိုကား ဌီခဏကျသော ရူပါရုံကသာ ထင်နိုင်အောင် ကျေးဇူးပြုသောကြောင့် ဥပါဒ်ခဏကို ကြဉ်၍ ၁၆-ချက်သည် ရုပ်၏အသက်ဟု မိန့်တော်မူ၏။

ခန္ဓဝိဘင်းအဋ္ဌကထာ အလိုကား ရူပါရုံသည် အနည်းဆုံး စိတ္တက္ခဏ ၁-ချက် လွန်ပြီးနောက် ဌီခဏသို့ ရောက်မှသာ ထင်ခြင်းသို့ ရောက်၍ ကျေးဇူးပြုနိုင်သောကြောင့် အာရုံမထင်မီ ဖြစ်နှင့်သော အတီတဘဝင်ကိုပါ ထည့်သွင်းရေတွက်၍ ရုပ်၏အသက်ကို ၁၇-ချက်ဟု ဆိုတော်မူ၏။

~ ~

စက္ခုဒ္ဒါရ အတိမဟန္တာရုံဝိထိ

အာရုံ ၅-ပါး ဖြစ်ပေါ်ပုံ

ရူပါရုံနှင့် သဒ္ဒါရုံတို့သည် အသမ္မတ္တ ဂေါစရဂ္ဂါဟက ဖြစ်သော စက္ခု, သောတ ပသာဒရုပ်တို့၌ ထင်လာရကား ပသာဒ၌ မငြိကပ်ဘဲ မိမိတည်ရာအရပ်၌ တည်လျက် သာလျှင် အာရုံအဖြစ်သို့ ရောက်နိုင်ကြသည်။

(ဥပမာ - နေ လတို့သည် ယူဇနာများစွာ ဝေးကွာသောအရပ်တို့၌ တည်လျက်ပင် စက္ခုပသာဒ၌ ထင်လာနိုင်ကြ၏၊ မိုးချုန်းသံ စသည်တို့ သောတပသာဒ၌ ထင်လာကြရာ၌လည်း နည်းတူပင်။)

ထိုသို့ထင်လာရာ၌ တစ်ခုသောရုပ်ကလာပ်၌တည်ရှိသော ရူပါရုံ သဒ္ဒါရုံတို့က ထင်လာနိုင်ကြသည် မဟုတ်၊ များစွာသောရုပ်ကလာပ်တို့၌တည်ရှိသော ရူပါရုံ သဒ္ဒါရုံတို့ကသာ ထင်လာနိုင်ကြသည်၊ ထိုသို့ အများထင်လာရာ၌လည်း မြင်သူကြားသူ၏ နှလုံးသွင်းအားလျော်စွာ ထင်လာသည်။

(ဥပမာ - လူတစ်ယောက်ကို ကြည့်ရာဝယ် ကြည့်သူ၏နှလုံးသွင်းက ဦးခေါင်းပိုင်းကို နှလုံးသွင်းလျှင် ဦးခေါင်းပိုင်းရှိ ရူပါရုံအများ ထင်လာ၏၊ ဤသို့ စသည်ဖြင့် နှလုံးသွင်းအားလျော်စွာ ထင်လာပုံကို သိပါ။)

ဂန္ဓာရုံ, ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံတို့သည်ကား သမ္မတ္တ ဂေါစရဂ္ဂါဟက ဖြစ်ကြသော ဃာန, ဇိဝှါ, ကာယ ပသာဒရုပ်တို့၏ မှီရာ မဟာဘုတ်တို့၌ သွားရောက်ထိစပ်ငြိကပ်လျက်သာ ဃာနဝိညာဏ်စသည်တို့ ဖြစ်ခြင်း၏အကြောင်းများ ဖြစ်ကြသောကြောင့် ရုပ်ကလာပ်အများ၌တည်သော ဂန္ဓာရုံ စသည်တို့သာမက ရုပ်ကလာပ်တစ်ခု၌တည်သော ဂန္ဓာရုံ စသည်တို့သည်လည်း ဃာနဒွါရ စသည်တို့၌ ထင်ခြင်းသို့ ရောက်လာကြပါသည်။

ပသာဒရုပ် ၅-ပါး

စက္ခုပသာဒရုပ်၏ကိစ္စသည် ရူပါရုံ၏ထင်ခြင်းကိစ္စ, စက္ခုဝိညာဏ်၏ မှီရာကိစ္စ အားဖြင့် ၂-ကိစ္စရှိရာ ထို ၂-ကိစ္စလုံးကိုပင် စက္ခုဒသကကလာပ်တစ်ခုတည်းဖြင့် ပြီးစီးစေနိုင်၏။

သို့ဖြစ်၍ ပသာဒရုပ် ၅-ပါးတို့သည် ရုပ်ကလာပ် ၁-ခုစီအနေနှင့် ပေါင်းစုနေရုံမျှဖြင့်ပင် ငါးပါးသောအာရုံ၏ ထင်ခြင်းကိစ္စ, ငါးပါးသောဝိညာဏ်၏ မှီရာကိစ္စတို့ကို အသီးအသီး ပြီးစေနိုင်သည်။

ထိုပသာဒရုပ်တို့သည် ဘဝင်္ဂစလန၏ အနန္တရပစ္စည်းဖြစ်သော အတီတဘဝင်နှင့် ပြိုင်၍ ဖြစ်ကုန်၏။ **(အပရေဆရာတို့ကား အာဝဇ္ဇန်းနှင့်တကွ ဖြစ်၏ဟူ၍ဆိုကြ၏။)**

ပဉ္စာရုံတို့ ပဉ္စဒွါရ၌ ထင်လာပုံ

ပဉ္စာရုံတို့ ပဉ္စဒွါရ၌ ထင်လာသောအခါ အဖြစ်က အလွန်မြန်သောကြောင့် အာရုံနှင့် ဒွါရတို့ ထိခိုက်တိုက်ဆိုင်သောခဏာ၌ မထင်နိုင်သေးဘဲ ဖြစ်ပြီးနောက် ဌီသို့ ရောက်မှ ထင်နိုင်ကြသည်။

ဤသို့ ထင်ကြရာ၌လည်း အာရုံနှင့် ဒွါရ စုံရုံမျှဖြင့် ထင်နိုင်ကြသည် မဟုတ်၊ ဆိုင်ရာအကြောင်းများ အားကောင်းလျှင် စိတ္တက္ခဏ ၁-ချက်အလွန်တွင် ထင်လာနိုင်၏။ အာရုံ ဒွါရနှင့် ဆိုင်ရာအကြောင်းအချက်များ အားလုံးသော်လည်းကောင်း, တစ်စုံတစ်ခုသော်လည်းကောင်း ညံ့နေလျှင် စိတ္တက္ခဏ ၁-ချက် ၂-ချက် စသည်ဖြင့် လွန်၍ ဌီသို့ ရောက်မှ ထင်လာနိုင်၏။ (စက္ခုဒွါရ၌ စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ စသော ပဉ္စဒွါရဓိထိဖြစ်ကြောင်းများ အဘိဓမ္မာအတိုင်း သိပါ။)

စိတ်အစဉ်ဖြစ်ပုံ

သတ္တဝါတို့၏ စိတ်အစဉ်ဝယ် ဝီထိစိတ်မဖြစ်သောအခါ ဘဝင်အစဉ် ဖြစ်နေ၏၊ ဝီထိစိတ်သည် ထိုဘဝင်အစဉ်မှ မတူသောဝိညာဏ် (အာရုံနှင့် ဒွါရတိုက်ဆိုင်သောအခါ ဖြစ်ပေါ်လာသော စိတ်အစဉ်) ဖြစ်သည်၊ ဘဝင်အစဉ်သည် နဂိုဖြစ်နေကျသဘောမှ လှုပ်လာလျှင် ဝီထိစိတ်အစဉ်ဖြစ်ဖို့ရန်အကြောင်း ပေါ်လာပြီ ဖြစ်၏၊ ထိုဘဝင်သည် အာရုံအသစ် ထင်လာသောကြောင့် လှုပ်ရသော်လည်း ထိုအာရုံအသစ်ကို အာရုံမပြု၊ နဂိုယူမြဲသော (ကံ, ကမ္မနိမိတ်, ဂတိနိမိတ်) အာရုံတစ်ခုခုကိုသာ အာရုံပြု၍ ၂-ကြိမ် ဖြစ်၏။

အတီတဘဝင် ▪ အာရုံနှင့် ပသာဒတို့ မထိခိုက်, မတိုက်ဆိုင်, မထင်သေးမီ ချုပ်ပျောက်လွန်သွားသောဘဝင်။

ဘဝင်စလန ▪ အာရုံနှင့် ပသာဒတို့ အသီးသီးထိခိုက်သည်ရှိသော် ထိုထိခိုက်ခြင်း၏အစွမ်းသတ္တိကြောင့် ဘဝင်စိတ်တို့သည် ပင်ကိုယ်က ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍နေရာမှ အာရုံအသစ်ထင်လာမှုကြောင့် ထိုအာရုံသစ်ကိုပင် ယူရတော့မလို, ပင်ကိုယ်ယူဆဲအာရုံကိုလည်း စွဲမြဲငြိမ်သက်စွာ မယူနိုင်-လွတ်လည်း

မလွတ်နိုင်ဘဲ ပင်ကိုယ်သဘောမှ ဖောက်ပြား၍ တုန်လှုပ်ချောက်ချား သောဘဝင်။

ဘဝင်္ဂုပစ္ဆေဒ - မြစ်ရေအလျဉ်ကဲ့သို့ အစဉ်အတိုင်း ဖြစ်နေသော ဒုတိယဘဝင်စိတ် သည် အာရုံအသစ် ထင်လာသဖြင့် မိမိယူမြဲတိုင်းသော အာရုံဟောင်း ကို စွန့်လွှတ်၍ အာရုံအသစ်ကို ယူဖို့ရန် ဘဝင်အလျဉ် ပြတ်လေ သည်၊ ဤသို့ ဘဝင်အစဉ်မှန်သမျှတို့၏ အဆုံးစွန့်ပြတ်သောဘဝင်။

ဘဝင်နှစ်ကြိမ်လှုပ်ရခြင်းအကြောင်း

မေး ။ ။ မနောဒွါရ ဟူသော ဘဝင်၌ အာရုံအသစ် ထင်လာခြင်းကြောင့် ဘဝင်လှုပ်သည် ရှိသော် တစ်ကြိမ်တည်း မလှုပ်ဘဲ အဘယ်ကြောင့် နှစ်ကြိမ်တိုင်အောင် လှုပ်ပြီးမှ ဘဝင်အစဉ် ပြတ်ရသနည်း။

အာရုံသစ်မထင်ခင် ဖြစ်နှင့်သော ဘဝင်အစဉ်သည် အာရုံသစ်ထင်သည်နှင့် တစ်ပြိုင်နက် အစဉ်ရပ်၍ မပြတ်နိုင်သောကြောင့် ဘဝင်နှစ်ကြိမ်တိုင်အောင် လှုပ်ပြီးမှ ပြတ်ရလေသည်။ ဥပမာ - အပြေးပြိုင်ပွဲ၌ အဟုန်ပြင်းစွာ ပြေးလာသောယောက်ျား သည် ပန်းတိုင်သို့ ရောက်လျှင် ရပ်လိုသော်လည်း မရပ်နိုင်သေးဘဲ ခြေလှမ်းတစ် လှမ်း နှစ်လှမ်း လွန်ပြီးမှ ရပ်နိုင်သကဲ့သို့တည်း။

ဘဝင်လှုပ်ရခြင်းအကြောင်း

မေး ။ ။ ရူပါရုံ စသည်သည် စက္ခုပသာဒ စသည်ကို ထိခိုက်သည်ရှိသော် ထိုပသာဒ၌ မှီသော စက္ခုဝိညာဏ် စသည်ကသာ လှုပ်သင့်ပါလျက် အဘယ့်ကြောင့် ဟဒယဝတ္ထုကို မှီသော ဘဝင်စိတ်က လှုပ်ရပါသနည်း။

ရူပါရုံစသည်သည် စက္ခုပသာဒ စသည်ကိုသာ ထိခိုက်သော်လည်း စက္ခု-ပသာဒ စသည်၏မှီရာ မဟာဘုတ်သည် ဟဒယဝတ္ထု၏မှီသော မဟာဘုတ်နှင့် တစ်ခု တည်းသော သန္တာန်အစဉ်အဆက်၏အစွမ်းဖြင့် တစ်စပ်တည်း စပ်သည်၏အဖြစ် ကြောင့် ဟဒယဝတ္ထုကိုမှီသော ဘဝင်လှုပ်ရခြင်း ဖြစ်ပါသည်။

ဥပမာ - စည်မျက်နှာပြင်တစ်ဖက်၌ ကပ်ငြိသော သကာခဲတွင် ယင်ကောင် နားနေရာ ကျန်စည်မျက်နှာပြင်တစ်ဖက်ကို တုတ်စသည်ဖြင့် ပုတ်ခတ်လျှင် အစဉ် အတိုင်း စည်ကို ကျော်သော သားရေကြိုးစသည် လှုပ်သဖြင့် သကာခဲလည်း လှုပ်

၍ ယင်ကောင်ပျံသွားခြင်းကဲ့သို့တည်း။

ထို့အတူ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည်ရှိသော် စက္ခုပသာဒ၏ မှီရာမဟာဘုတ်နှင့်စပ်သော မဟာဘုတ်အဆက်ဆက်လှုပ်သဖြင့် ဟဒယဝတ္ထု၏ မှီရာ မဟာဘုတ် လှုပ်၏။ ထို့နောက်မှ ထိုမဟာဘုတ်ကို မှီသော ဟဒယဝတ္ထု လှုပ်သဖြင့် ဟဒယဝတ္ထု၌ မှီသော ဘဝင်လည်း လှုပ်လေ၏။

ပဉ္စဒ္ဒါရာဝဇ္ဇန်းစသော ဝိထိစိတ်များ

ဖြစ်လတ္တံ့သော ဝိထိစိတ်အပေါင်းတို့တွင် ရှေးဦးပထမဖြစ်သော ဝိထိစိတ်သည် ဒ္ဒါရ ၅-ပါး၌ ထင်လာသော အာရုံ ၅-ပါးကို ဤအာရုံကား အဘယ်ဟူမျိုးပါနည်းဟု ဆင်ခြင်တတ်သောကြောင့် ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ် မည်၏။

(ကြွင်း စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ ဟူသော ဝိထိစိတ်များ၏အဓိပ္ပါယ်ကို အဘိဓမ္မာအတိုင်း သိပါ။)

စက္ခုဝိညာဏ်စသည် ဖြစ်ပုံ

မေး ။ ။ "စက္ခုနှာ ရူပံ ဒိသွာ"ဟု ဟောတော်မူသောကြောင့် စက္ခုန္ဒြေသည်သာလျှင် ဒဿနကိစ္စကို ပြီးစေနိုင်၏၊ စက္ခုဝိညာဏ်သည် ဒဿနကိစ္စကို မပြီးစေနိုင်သည် မဟုတ်ပါလော။

မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ရုပ်၏ကန်းသည်ဖြစ်၍ ရုပ်ကိုမြင်ရာ၌ မစွမ်းနိုင်သောကြောင့် ဖြစ်ပါသည်၊ အကယ်၍ ထိုစက္ခုန္ဒြေသည် ရုပ်ကိုမြင်ငြားအံ့၊ ထိုသို့ ရုပ်က မြင်ပါမူ စက္ခုဝိညာဏ်မှ တစ်ပါးသောဝိညာဏ်နှင့် ပြည့်စုံသောသူလည်း ရူပါရုံကို မြင်၏ဟု လျှောက်ပါးခြင်းသည် ဖြစ်ရာ၏။

မေး ။ ။ "ဤသို့ စက္ခုဝိညာဏ်၏ ဒဿနကိစ္စကို ပြီးစေနိုင်သည်"ဆိုလျှင် စက္ခုဝိညာဏ်၏ အဆင်းကို မြင်ခြင်းကို မတားမြစ်အပ်သည်၏အဖြစ်ကြောင့် တိုက်နံ့ရဲစသည် ခြားသော ရူပါရုံကိုလည်း စက္ခုဝိညာဏ်သည် ဒဿနကိစ္စ တပ်ရပေမည်၊ အဘယ်ကြောင့် မမြင်ရခြင်း ဖြစ်ပါသနည်း။

(တစ်နည်း) ဖန်စသည်၏အတွင်း၌ တည်သော ရူပါရုံကို စက္ခုဝိညာဏ်ဖြင့် မြင်ရသော်လည်း တိုက်နံ့ရဲစသည် ခြားထားအပ်သော ရူပါရုံကို မမြင်ခြင်းမှာ အဘယ်ကြောင့်နည်း။

ဖန်စသည်၏အတွင်း၌ တည်သော ရူပါရုံကို ဖန်စသည်ဖြင့် တားဆီးအပ်သော်လည်း အလင်းရောင်၏တားမြစ်ခြင်း မရှိသောကြောင့် စက္ခုဝိညာဏ်စိတ်ဖြင့် မြင်နိုင်ခြင်း ဖြစ်သည်။

တိုက်နံရံ စသည်ဖြင့် ခြားထားအပ်သော ရူပါရုံ၌မူ အလင်းရောင်ဟူသော အကြောင်းမရှိ, ခို့တဲ့သောကြောင့် စက္ခုဝိညာဏ်စိတ်ဖြင့် မမြင်နိုင်ခြင်း ဖြစ်ပါသည်။

"စက္ခုနာ ရူပံ ဒိသွာ - စက္ခုပသာဒဖြင့် ရူပါရုံကို မြင်၏"ဟူသော ပါဠိတော်နှင့် "တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ - စက္ခုဝိညာဏ်သည် ရူပါရုံကို မြင်၏" ဟူသော သင်္ဂဟအဋ္ဌကထာ စကားနှစ်ရပ် မဆန့်ကျင်ပုံ။

"စက္ခုနာ ရူပံ ဒိသွာ - စက္ခုပသာဒဖြင့် ရူပါရုံကို မြင်၏"ဟူသော ပါဠိတော် စကားသည် စက္ခုပသာဒက ရူပါရုံကို မြင်သည်ဟု ဆိုလိုခြင်း မဟုတ်၊ စက္ခုပသာဒဖြင့် ရူပါရုံကို မြင်သည်ဟု "ဖြင့်" ဟူသော ကရိုဏ်းကိုသာ သုံးထားခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် - "ညောင်စောင်းတို့သည် ဟောက်သံကို ပြုကြကုန်၏" ဟူသောပုံစံ၌ ညောင်စောင်းက ဟောက်သည် မဟုတ်၊ ညောင်စောင်းပေါ်၌ အိပ်နေသော လူကသာ ဟောက်ခြင်း ဖြစ်၏၊ သို့သော်လည်း ဌာနီ လူ၏အမည်ကို ဌာန ညောင်စောင်း၌ တင်စား၍ ဆိုသောစကားကဲ့သို့ - မြို့ရာဌာနဖြစ်သော စက္ခုပသာဒ၏အမည်ကို မြို့တတ်သော ဌာနီဖြစ်သော စက္ခုဝိညာဏ်၌ တင်စား၍ ဆိုထားသော ဌာနူပစာစကား ဖြစ်ပါသည်။

"စက္ခုဝိညာဏ်သည် ရူပါရုံကို မြင်၏" ဟူသော သင်္ဂဟအဋ္ဌကထာစကားသည် မုချအားဖြင့်ဆိုသောစကား ဖြစ်သဖြင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

ကာမဇော်ဖြစ်ပုံ

ဝုဋ္ဌေစိတ် ချုပ်ပြီးနောက် ဇောစေသည် ရှိသော် ရူပါရုံစသည်က ကာမအာရုံဖြစ်သောကြောင့် ကာမဇော စော်၏။ (ဤတွင် ကာမအာရုံများကို အာရုံပြုနိုင်ခြင်း မရှိသော မဟဂ္ဂုတ်၊ လောကုတ္တရာဇော်များ မစောနိုင်ပါ။)

ဤဇောသည် ယောနိသောမနသိကာရ အစရှိသည်တို့၏အစွမ်းဖြင့် ရအပ်သောအကြောင်း ရှိသောကြောင့် **လဒ္ဓပစ္စယ** မည်၏။ (**လဒ္ဓပစ္စယဟူသည်** ဝုဋ္ဌော၏

အခြားမဲ့၌ ဇောကျ၏-ဟု ဆိုသော်လည်း ကာမဇော ၂၉-ပါးတို့တွင် အမှတ်မရှိ လျော်သလို ကျသည် မဟုတ်၊ ရရှိဖြစ်ပေါ်လာသော ယောနိသောမနသိကာရ, အယောနိသော မနသိကာရစသော အကြောင်းအားလျော်စွာသာ ကျ၏ဟု ဆိုလိုသည်။)

ယောနိသောမနသိကာရ ရှိလျှင် ကုသိုလ်ဇော, အယောနိသောမနသိကာရ ရှိလျှင် အကုသိုလ်ဇော, ယောနိသောမနသိကာရရှိသော်လည်း အနုသယကင်းသော ရဟန္တာသန္တာန်၌ ဖြစ်လျှင် ကြိယာဇော စောခွင့် ရှိ၏။

ကာမဇောတို့ စောရာအကြိမ် (အဘိဓမ္မာ ဇဝနနိယာမ အတိုင်းသိပါ။)

(၁) ပကတိရိုးရိုးအခါ (အာရုံထင်ရှားအားကြီးသောအခါ) ၇-ကြိမ်
(၂) အာရုံအားနည်းသောအခါ (ရေနစ်သူစသည်) ၆-ကြိမ်
(၃) မှီရာဝတ္ထုရုပ်အားနည်းသောအခါ (သေခါနီးအခါ) ၅-ကြိမ်

တဒါရုံဖြစ်ပုံ

မြစ်ညာရေညာသို့ ဆန်၍ လှော်ခတ်ခုတ်မောင်းနေသော လှေသင်္ဘော၏ နောက်သို့ ရေအဟုန်ယက်ပန်းသည် အနည်းငယ် အစဉ်တစိုက်လိုက်ဘိသကဲ့သို့ ဇောသို့ အစဉ်တစိုက် အနည်းငယ်လိုက်သောအားဖြင့် ဇော၏အာရုံကို အာရုံပြု၍ ဖြစ်ခြင်းသဘောကို တဒါရုံဟု ဆိုပါသည်။

ထိုဇော၏အာရုံဟူသော အာရုံရှိသောကြောင့် ဝိပါက်စိတ်တို့သည် တဒါရမ္မဏာ မည်ကုန်၏။

တဒါရုံသည် အမှတ်တမဲ့ကျသည် မဟုတ်၊ ကာမဇော, ကာမသတ္တဝါ, (အတိမဟန္တ, ဝိဘူတဖြစ်သော) ကာမအာရုံ ဤ ၃-ချက်စုံမှ တဒါရုံကျ၏။

"ဘဝင်ပါတော - ဘဝင်ကျသည်" ဟူသည်

ဝီထိစိတ်တို့၏အစွမ်းဖြင့် မဖြစ်မူ၍ စိတ်၏ ဘဝင်သို့ ကျသကဲ့သို့ ဖြစ်ခြင်း (ဘဝင်၏အစွမ်းဖြင့် ဖြစ်ခြင်း) ကို ခေါ်ပါသည်။

ဝီထိစိတ်ဖြစ်ပုံ (သရက်သီး ဥပမာ)

အသီးသီးသော သရက်ပင်အောက်၌ ယောက်ျားတစ်ယောက်သည် အိပ်နေရာ သရက်သီးသည် ထိုယောက်ျား၏အနီး၌ ကြွေကျလေ၏၊ ထိုကြွေကျသောအသံဖြင့် နိုး၍ မျက်စိကို ဖွင့်ပြီးကြည့်လျှင် သရက်သီးကို မြင်၍ ထိုသရက်သီးကို ကောက်ယူ၍ နှိပ်၍ နမ်း၍ ကြည့်ရှုပြီး မှည့်သည်ကို သိရှိသဖြင့် ကိုက်ခါ ကိုက်ခါ စားပြီးလျှင် သလိပ်နှင့်တကွ မျိုချ၍ သရက်ပင်ရင်း၌ အိပ်မြဲ အိပ်ပြန်၏။

ဤဥပမာစကားရပ်၌ -

(၁) ယောက်ျားတစ်ယောက်၏ သရက်ပင်အောက်၌အိပ်ပျော်နေခြင်းသည်	သတ္တဝါတိုင်း၌ ဝီထိစိတ်မဖြစ်မီ ရှေးဦးစွာ ဘဝင်ကျနေခြင်းနှင့် တူ၏။
(၂) အနီးအပါး၌ သရက်သီးကြွေကျပုံသည်	ဝီထိစိတ်ဖြစ်ပေါ်ရန် ပဿာဒ၌ အာရုံ၏ ထိခိုက်ခြင်းနှင့် တူ၏။
(၃) သရက်သီး ကြွေကျသံကြောင့် နိုးလာခြင်းသည်	ဘဝင်အစဉ်ကို ဖြတ်၍ အာဝဇ္ဇန်းစိတ် ရှေးဦးစွာ ပေါ်လာခြင်းနှင့် တူ၏။
(၄) မျက်စိကို ဖွင့်၍ ကြည့်ခြင်းသည်	စက္ခုဝိညာဏ်စိတ်ဖြစ်၍ ရူပါရုံကို မြင်ခြင်း နှင့် တူ၏။
(၅) သရက်သီးကို ကောက်ယူသကဲ့သို့ ဖြစ်ခြင်းသည်	သမ္ပဋိစ္ဆိုင်းစိတ်၏အာရုံကို ခံယူခြင်းနှင့် တူ၏။
(၆) သရက်သီးကို နှိပ်၍ နမ်း၍ ကြည့်ရှုခြင်းသည်	သန္တီရဏစိတ်၏ ထိုခံယူအပ်ပြီးသော အာရုံကို ကျင့်မှန်း, အနိဋ္ဌမှန်း စုံစမ်းခြင်းနှင့် တူ၏။
(၇) သရက်သီးကို ကြည့်ရှု၍ မှည့်သည်ကို သိရှိခြင်းသည်	ဝုဋ္ဌောစိတ်၏ ကျင့်ပဲ, အနိဋ္ဌပဲဟု ပိုင်းခြား သတ်မှတ်ဆုံးဖြတ်ခြင်းနှင့် တူ၏။
(၈) မှည့်မှန်း သိ၍ အရသာခံလျက် ကိုက်ခါ ကိုက်ခါ စားခြင်းသည်	ဇောစိတ်၏အာရုံအရသာကို ခံစားခြင်း နှင့် တူ၏။

(၉) သလိပ်နှင့်တကွ မျိုချလိုက်ခြင်းသည်	တဒါရုံစိတ်၏ ဇောနောက်လိုက်ကာ ဇော၏အာရုံကို ယူခြင်းနှင့် တူ၏။
(၁၀) သရက်ပင်ရင်း၌ အိပ်မြဲ ပြန်အိပ် နေခြင်းသည်	ဘဝင်ကျမြဲ ကျခြင်းနှင့် တူ၏။

ဤဥပမာဖြင့် အာဘယ်ကို ပြပါသနည်းဟူမူ-

အာရုံ၏ကိစ္စကား - ပဿာဒနှင့် ထိခိုက်ခြင်း သာလျှင်တည်း၊ အာဝဇ္ဇန်း၏ကိစ္စကား- အာရုံကို နှလုံးသွင်းကာမျှသာလျှင်တည်း၊ စက္ခုဝိညာဏ်၏ကိစ္စကား- မြင်ခြင်းမျှသာလျှင်တည်း၊ သမ္ပဋိစ္ဆိုင်း စသည်တို့၏ကိစ္စကား- အာရုံကို ခံယူခြင်း စသည်မျှသာတည်း၊ ဇော၏ကိစ္စကား - အာရုံအရသာကို ခံစားခြင်းသာတည်း၊ တဒါရုံ၏ကိစ္စကား - ဇောသည် ခံစားအပ်ပြီးသောအာရုံကိုပင် ခံစားခြင်းပင်တည်း၊ ဤသို့ ကိစ္စ၏အစွမ်းဖြင့် တရားတို့၏ အချင်းချင်း မရောယှက်သည်အဖြစ်ကို ပြအပ်၏။

ဤသို့ဖြစ်သောစိတ်ကို "သင်စိတ်သည် အာဝဇ္ဇန်းမည်သည်ဖြစ်၍ ဘဝင်၏အခြားမဲ့၌ ဖြစ်လော့၊ သင်စိတ်သည် စက္ခုဝိညာဏ် စသည်တို့တွင် တစ်ပါးပါးဖြစ်၍ အာဝဇ္ဇန်း၏အခြားမဲ့၌ ဖြစ်လော့" ဤသို့ အစရှိသည်ဖြင့် တိုက်တွန်းနှိုးဆော်သူ မရှိပါဘဲလျက် ဥတုနိယာမ, ဗီဇနိယာမ အစရှိသည်တို့ကဲ့သို့ စိတ္တနိယာမအစွမ်းဖြင့်သာလျှင် အလိုလိုဖြစ်သည်။

(နိယာမတရား ၅-မျိုး ▪ စိတ္တနိယာမ, ဥတုနိယာမ, ဗီဇနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမ)

~ ~

ပဋိညာဏ်တို့၏မိုရာ ပဿာဒရုပ်ရွေးချယ်ပုံ

မန္ဒာယုကပဿာဒ ▪ ပဋိသန္ဓေလောက် အသက်မရှည်သောပဋိသန္ဓေတ္ထရုပ်ကို မန္ဒာယုကပဿာဒဟု ခေါ်သည်။

မဇ္ဈိမာယုကပဿာဒ ▪ ပဋိသန္ဓေနှင့် အသက်တမ်းညီမျှသော ပဋိသန္ဓေတ္ထရုပ်ကို မဇ္ဈိမာယုကပဿာဒဟု ခေါ်သည်။

အမန္ဒာယုကပဿာဒ ▪ ပဋိသန္ဓေထက် အသက်ရှည်သော ပဋိသန္ဓေတ္ထရုပ်ကို အမန္ဒာယုကပဿာဒဟု ခေါ်သည်။

ဝတ္ထုရုပ်များသည် စိတ္တက္ခဏ ၁၇-ချက် သက်တမ်း ညီမျှသောကြောင့် မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကဟု မကွဲပြားသော်လည်း ထိုထိုဝီထိ၏အာရုံ အသက်နှင့် နှိုင်းစာလျက် မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကဟု အမည် ၃-မျိုး ကွဲပြားခြင်း ဖြစ်သည်။

ပဋိဉာဏ်၏မှီရာသည် မဇ္ဈိမာယုကပသာဒ ဖြစ်ခြင်း

ပသာဒရုပ်များသည် ကမ္မဇရုပ်များဖြစ်သောကြောင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ်တိုင်အောင် စိတ်တို့၏ ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏဟု ဆိုအပ်သော ခဏတိုင်း၌ တဖွားဖွား ဖြစ်ပေါ်နေကြ၏။ ထိုပသာဒရုပ်တို့တွင် ပဋိဉာဏ်ဖြစ်သည့်အခါ **ချုပ်နှင့်သောပသာဒရုပ်နှင့် မဖြစ်ပေါ်သေးသောပသာဒရုပ်**တို့ကား ပဋိဉာဏ်သည် မှီလေသလော, မမှီလေသလောဟု ရွေးချယ်စိစစ်ဖို့ မရှိချေ၊ **ပဋိဉာဏ်ဖြစ်သည်တိုင်အောင် မီသော ၄၉-ချက်သော ပသာဒရုပ်**တို့တွင်သာ အဘယ်ပသာဒရုပ်ကို ပဋိဉာဏ်တို့ မှီကုန်ပါသနည်းဟု လျှင်းပါးဖွယ် ရှိသောကြောင့်လည်းကောင်း၊ ပဋိဉာဏာဓာတ်၏မှီရာ ပုရေဇာတနိဿယပစ္စည်းတပ်သော ပသာဒရုပ်ကို ကွဲပြားသိစေခြင်းငှာလည်းကောင်း အာယုက ၃-ပါးကို ရွေးချယ်စိစစ်ရ၏။

အတိမဟန္တာရုံဝီထိတစ်ခုဝယ် -

(၁) အတိတဘဝင်မှ နောက်ပြန်ရေတွက်လျှင် ၁၃-ချက်မြောက် ဘဝင်၏ဘင်ခဏမှစ၍အတိတဘဝင်၏ ရှေ့အနန္တရဖြစ်သော ဘဝင်၏ဘင်ခဏတိုင်အောင် စိတ်တို့၏ခဏတိုင်း၌ ဖြစ်ခဲ့သော ပသာဒရုပ် ၃၇-ခုသည် ဒုတိယတဒါရုံ၊ မချုပ်မီ ချုပ်သည် ဖြစ်၍ အာရုံ ၅-ပါးအောက် တိုသောအသက် ရှိသောကြောင့် **မန္ဒာယုကပသာဒ** မည်၏။

(၂) အတိတဘဝင်၏ဌိမှ စ၍ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၏ဘင်တိုင်အောင် စိတ်တို့၏ခဏတိုင်း၌ ဖြစ်ခဲ့သော ပသာဒရုပ် ၁၁-ခုသည် ဒုတိယတဒါရုံ၊ ချုပ်ပြီးသည်နောက်မှ ချုပ်သည်ဖြစ်၍ အာရုံ ၅-ပါးထက် ရှည်သောအသက် ရှိသောကြောင့် **အမန္ဒာယုကပသာဒ** မည်၏။

(၃) အတိတဘဝင်၏ဥပါဒ်ခဏာဌ်ဖြစ်သော ပသာဒရုပ်သည် ဒုတိယတဒါရုံ၏ဘင်နှင့် ပြိုင်၍ ချုပ်ရကား အာရုံ ၅-ပါးနှင့် တူသောအသက် ရှိသောကြောင့် **မဇ္ဈိမာ-ယုကပသာဒ** မည်၏။

အထက်ပါ ပသာဒရုပ် ၄၉-ခုဝယ် မဇ္ဈိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သောပဋိသန္ဓေဝတ္ထုကို ပဋိသန္ဓေဂ္ဂါဟကဇ်က မှီ၏၊ ထိုပဋိသန္ဓေဝတ္ထုဌ်ပင် ပဋိသန္ဓေရုံ ထင်၏၊ ထိုပဋိသန္ဓေဝတ္ထုသည်ပင် ပဋိသန္ဓေဂါရိကဝီထိ၏ ဒွါရကိစ္စကို ပြီးစေ၏။

မှတ်ချက် ။ ။ အတိတဘဝင်မှ နောက်ပြန်ရေတွက်လျှင် ၁၃-ချက်မြောက်ဘဝင်၏ ဘင်ခဏမှစ၍-ဟူသော သတ်မှတ်ချက်သည် အတိတဘဝင် တစ်ကြိမ်လွန်သော အတိမဟန္တာရုံဝီထိနှင့်သာ သက်ဆိုင်သည်၊ အတိတဘဝင် ၂-ချက်, ၃-ချက် စသည် လွန်သော မဟန္တာရုံဝီထိ, ပရိတ္တာရုံဝီထိတို့၌ အတိတဘဝင် ၁-ချက်တိုးလျှင် မန္ဒာယုကဘက်၌ ဝတ္ထုရုပ် ၃-ချက်လျော့ပြီး အမန္ဒာယုကဘက်၌ ၃-ချက်တိုး၏၊ ဤသို့ စသည်ဖြင့် အတိတဘဝင် တိုးသလောက် မန္ဒာယုကဘက်က လျော့ပြီး အမန္ဒာယုကဘက်က တိုး၍ ရေတွက်ရ၏။

~ ~

မဟန္တာရုံဝီထိ

မဟန္တာရုံဝီထိ၌ အာရုံတို့သည် ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၂-ချက်, ၃-ချက်လွန်မှ ထင်ရခြင်း

ရူပါရုံထင်ခြင်း၏အကြောင်း ၄-ပါးတို့တွင် ရူပါရုံဖြစ်စေ, စက္ခုပသာဒဖြစ်စေ, အာလောကဖြစ်စေ, မနသိကာရဖြစ်စေ အတိမဟန္တာရုံတုန်းကလောက် အားမကောင်းသောကြောင့် ဤမဟန္တာရုံသည် ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၂-ချက်, ၃-ချက် လွန်ပြီးမှ ထင်လာနိုင်ခြင်း ဖြစ်ပါသည်။

၂-ချက်, ၃-ချက်လွန် ကွဲပြားပုံ

မဟန္တာရုံချင်း တူပါလျက် အချို့က ၂-ချက်ခန့်, အချို့က ၃-ချက်ခန့် လွန်ပြီးမှ

ထင်ရခြင်းမှာ အာရုံ, ပသာဒ, အာလောက, မနသိကာရတို့၏ အင်အားအလိုက် အားရှိလျှင် ၂-ချက်ခန့်အလွန်တွင် ထင်လာ၍ ထိုမျှလောက် အားမရှိလျှင် ၃-ချက်ခန့် လွန်မှ ထင်လာနိုင်ခြင်း ဖြစ်သည်။

မဟန္တာရုံချည်း အမည်ရပုံ

၂-ချက်ခန့် လွန်မှ ထင်လာသောအာရုံ၊ ၃-ချက်ခန့် လွန်မှ ထင်လာသောအာရုံဟု ၂-မျိုး ပြားပါလျက် ထိုအာရုံ ၂-မျိုးလုံးပင် ဇဝနဝါရ၏အာရုံချည်း ဖြစ်သောကြောင့် မဟန္တာရုံဟု နာမည်တစ်မျိုးတည်း မှည့်ခေါ်ရသည်။

မဟန္တာရုံဝီထိ၌ တဒါရုံမကျရခြင်းအကြောင်း

ထင်ပြီးသည်မှ စ၍ ရေတွက်လျှင် စိတ္တက္ခဏ ၁၄-ချက် အသက်ရှိသော အာရုံ (ဒုတိယမဟန္တာရုံ)၌ သတ္တမဇောတွင် အာရုံချပ်သောကြောင့် တဒါရုံဖြစ်ခွင့် မရှိပါ။

ထင်ပြီးသည်မှ စ၍ရေတွက်လျှင် စိတ္တက္ခဏ ၁၅-ချက် အသက်ရှိသော အာရုံ (ပထမမဟန္တာရုံ)၌ သတ္တမဇောနောင် စိတ္တက္ခဏတစ်ချက်သာ ကြွင်း၏။ ထို့ကြောင့် တဒါရုံနှစ်ကြိမ်ဖြစ်ခြင်းငှာ မလောက်သောကြောင့် ဒုတိယတဒါရုံ မဖြစ်၊ ဒုတိယတဒါရုံ မဖြစ်သောကြောင့် ပထမတဒါရုံလည်း မဖြစ်ပေ။

တဒါရုံ ၁-ကြိမ် မဖြစ်ခြင်းအကြောင်း

စိတ်ဖြစ်ခြင်းကို ရေတွက်ရာ၌ ခပ်သိမ်းသောဝါရတို့၌ တဒါရုံ ၂-ကြိမ် ဖြစ်ခြင်းကိုသာ ပါဠိတော်၌ ပြတော်မူသောကြောင့် တဒါရုံ ၁-ကြိမ် မဖြစ်ခြင်း ဖြစ်၏။

မေး ။ ။ တဒါရုံတို့သည် ၂-ကြိမ်သာ ကျရှိုးရှိလျှင် ပထမတဒါရုံက မချုပ်သေးသော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍၊ ဒုတိယတဒါရုံက ချုပ်ပြီးခါစ အတိတ်ရူပါရုံကို အာရုံပြုပြီးလျှင် တဒါရုံ ၂-ကြိမ်ကျလျှင် ရသည်မဟုတ်ပါလော။

မဂ္ဂဝီထိ, ဖလဝီထိ မဟုတ်လျှင် တစ်ဝီထိအတွင်း၌ ဤကဲ့သို့ အတိတ်အာရုံတစ်မျိုး၊ ပစ္စုပ္ပန်အာရုံတစ်မျိုး ကွဲပြားရိုး မရှိသောကြောင့် တဒါရုံ ၂-ကြိမ် မကျထိုက်ခြင်း ဖြစ်ပါသည်။

မေး ။ ။ စိတ္တက္ခဏ ၃-ချက်ခန့်လွန်မှ ထင်လာသောအာရုံ၌ သတ္တမဇောတွင် ၁၇-ချက် ရှိပ်သက်စေ့သောကြောင့် တဒါရုံမကျသာလျှင် ရှိပါစေတော့၊ စိတ္တက္ခဏ ၂-ချက်ခန့် အလွန်တွင် ထင်လာသောအာရုံ၌ကား သတ္တမဇောနောင် စိတ္တက္ခဏ ၁-ချက်ခန့် ကျန်သေးသည်ဖြစ်၍ တဒါရုံ ၁-ကြိမ်မျှ ချထိုက်သေးသည် မဟုတ်ပါလော။

"မစားရလျှင် အရှင်း၊ စားရလျှင် ဆီထမင်း"ဟူသကဲ့သို့ တဒါရုံတို့ မည်သည် မကျသာလျှင် အလျဉ်းမကျ၊ ကျသာလျှင် ၂-ကြိမ်သာ ကျရိုး ရှိသောကြောင့် ထိုအာရုံကို အာရုံပြု၍ တဒါရုံ ၁-ကြိမ် မကျတော့ပေ။ (ဘာသာဋီကာ)

~ ~

ပရိတ္တာရုံဝီထိ

ပရိတ္တာရုံဟူသည် အာရုံ ၅-ပါးကို ထင်ရှားစွာ မမြင်နိုင် မထိခိုက်နိုင်ပါဘဲ မြင်လိုက်သလို ကြားလိုက်သလိုမျှ ဖြစ်သော အားနည်းသော အာရုံမျိုး ဖြစ်သည်၊ ဤသို့ အားနည်းသောအာရုံဖြစ်၍ ၄င်းအာရုံအရသာကို ပိုင်းခြားဂန မသိနိုင်, မခံစားနိုင်သောကြောင့် ဇောမကျနိုင်၊ ဇောအရာကို ယူ၍ ဝုဋ္ဌော ၂-ကြိမ်သာ ဖြစ်ရ၏၊ ထို့ကြောင့် ပရိတ္တာရုံဝီထိကို ဝေါဋ္ဌပ္ပနဝါရ ဟု ခေါ်သည်။

ပရိတ္တာရုံဝီထိ၌ ဇောမဖြစ်ခြင်းအကြောင်း

ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော ၁-ကြိမ် ဖြစ်ပြီးနောက် စိတ္တက္ခဏ ၆-ချက် အသက်ကြွင်းရှိသော အာရုံသည် ဇောဖြစ်ခြင်း၏ အကြောင်းအထောက်အပံ့ မဖြစ်နိုင်သောကြောင့် ဇောမဖြစ်ပါ။ ကာမဇောသည် ဖြစ်သည်ရှိသော် မြဲသောအားဖြင့် စိတ္တက္ခဏ ၇-ချက် အသက်ရှိသောအာရုံ၌သာလျှင် ဖြစ်ရိုးထုံးစံ ရှိ၏။

~ ~

အတိပရိတ္တာရုံဝီထိ

အာရုံ, ပသာဒ စသောအကြောင်းများသည် ပရိတ္တာရုံတုန်းကလောက်မျှ အား

မရှိဘဲ အလွန်အားနည်းသော, ထင်ပြီးသည်မှ စ၍ရေတွက်လျှင် အလွန်နည်းသော စိတ္တက္ခဏအသက်ကြွင်းရှိသော, ဝုဋ္ဌေဖြစ်သည့်တိုင်အောင်လည်း ဌီအခိုက်၌ တည်ခြင်းငှာ မစွမ်းနိုင်သော, ချုပ်ခါနီးသော အာရုံသည် အတိပရိတ္တာရုံ မည်၏၊ ထိုအတိ-ပရိတ္တာရုံ၌ ဘဝင်လှုပ်ရုံမျှသာ ဖြစ်သည်၊ ဝီထိစိတ်ဖြစ်ခြင်းမည်သည် မရှိ၊ ဤသို့ အချင်းခပ်သိမ်း ဝီထိစိတ် မဖြစ်သောကြောင့် အတိပရိတ္တာရုံဝီထိကို မောဃဝါရဟု ခေါ်ဆိုရသည်။

(တစ်နည်း) အတိပရိတ္တာရုံဝီထိဟူသည် အမိဝမ်းတိုက်မှ မွေးဖွားကာစကလေး သူငယ်များ၌ဖြစ်သော ဝီထိစိတ်မျိုးတည်း၊ ထိုကလေးတို့သည် မွေးကာစဖြစ်၍ အလွန်အားနည်းသောကြောင့် ပသာဒနှင့် အာရုံ ထိခိုက်သော်လည်း ပဋ္ဌဒ္ဓါရာဝဇ္ဇန်း စသော ဝီထိစိတ်တို့ မဖြစ်မူ၍ အာရုံတို့သည် အကိုင်းမသိ ချုပ်သွားကြကုန်၏၊ ထိုသို့ ဖြစ်သော်လည်း အာရုံနှင့်ပသာဒရုပ်တို့၏ ထိခိုက်မှုကြောင့် ဘဝင်တို့၏လှုပ်ရှားမှုကို အစွဲပြု၍ ဝီထိစိတ် မဖြစ်သော်လည်း ဝီထိအရာသို့ သွင်း၍ ခေါ်ဆိုရပေသည်၊ ဤသို့ အချင်းခပ်သိမ်း ဝီထိစိတ် ဖြစ်ခြင်း မရှိ၊ (ဝီထိစိတ်မှ အချည်းနှီး) ဘဝင်စိတ်ချည်းသာ ဖြစ်သောကြောင့် အတိပရိတ္တာရုံဝီထိကို မောဃဝါရဟု ခေါ်ဆိုရသည်။

အတိပရိတ္တာရုံဝီထိ၌ ဘဝင်စလန(ဘဝင်လှုပ်ရုံမျှသာ) ဖြစ်၍ ဘဝင်ုပစ္ဆေဒ မဖြစ်ရခြင်း

အလွန်ဆုံးအပိုင်းအခြားအားဖြင့် စိတ္တက္ခဏ ၇-ချက် အသက်ကြွင်းရှိသော အာရုံ၏လည်း ဝုဋ္ဌော ၂-ကြိမ်၊ ၃-ကြိမ် ဖြစ်ခြင်း မရှိသောကြောင့် ဝီထိစိတ်များ မဖြစ်ဘဲ ဘဝင်သာ လှုပ်ရုပါသည်၊ ဝီထိစိတ်မဖြစ်သောကြောင့် ဘဝင်ပြတ်ခြင်းလည်း မရှိပါ (ဘဝင်ုပစ္ဆေဒစိတ် မဖြစ်ရခြင်း ဖြစ်ပါသည်)။

~ ~

ပဋ္ဌဒ္ဓါရဝီထိ၌ ဖြစ်သောစိတ်သရုပ် (အဘိဓမ္မာအတိုင်း သိပါ။)

မနောဒွါရဝီထိခန်း

မနောဒွါရ ကာမဇောဝါရ

မနောဒွါရဉ်ထင်သောအာရုံ

မနောဒွါရိကစိတ်တို့သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ်ဖြစ်သောအာရုံတို့ကို အာရုံပြု၏။ ပဉ္စဒွါရိကစိတ်တို့ကား ပစ္စုပ္ပန်ပဉ္စာရုံကိုသာလျှင် အာရုံပြု၏၊ ထို့ကြောင့် မနောဒွါရဝီထိဉ် ပဉ္စဒွါရဝီထိကဲ့သို့ အာရုံတို့ကို အတိမဟန္တာရုံစသည် မမှတ်ဘဲ၊ ဝိဘူတာရုံ-ထင်သောအာရုံ, အဝိဘူတာရုံ-မထင်သောအာရုံ ဟူ၍သာ မှတ် အပ်၏။

မေး ။ ။ ဝိသယပွဝတ္တိကို နာမည်တပ်ရာဉ် အဘယ့်ကြောင့် ပဉ္စဒွါရဝယ် အတိမဟန္တစသည်ဖြင့် နာမည်တပ်၍ မနောဒွါရဝယ် ဝိဘူတ, အဝိဘူတနာမည် တပ်ရပါသနည်း။

မနောဒွါရဉ် ဖြစ်သောစိတ်တို့သည် ပစ္စုပ္ပန်သာမက အတိတ်, အနာဂတ်, ဖြစ်သောအာရုံတို့ကိုပါ အာရုံပြုသောကြောင့် အတိမဟန္တာရုံစသည်တို့၏အစွမ်းဖြင့် အာရုံကို ပိုင်းခြားသတ်မှတ်ရန် မဖြစ်နိုင်ပါ၊ ထို့ကြောင့် ဝိဘူတ, အဝိဘူတတို့၏ အစွမ်းဖြင့်သာ နာမည်တပ်ရခြင်း ဖြစ်ပါသည်။

ကာမဇောဝါရ မနောဒွါရဝီထိဉ် ဖြစ်သောစိတ်သရုပ် (အဘိဓမ္မာအတိုင်း သိပါ)

ပဉ္စဒွါရဉ် သီးခြားဖြစ်ကုန်သော ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခုတို့၏ အစွမ်းဖြင့် ၁၃-ပါးသောစိတ်တို့သည် မနောဒွါရဉ် မဖြစ်သောကြောင့် ကာမဇောဝါရ မနောဒွါရဝီထိဉ် စိတ် ၄၁-ပါးသာ ဖြစ်ရပါသည်။

~ ~

မနောဒ္ဓါရ အပ္ပနာဇောဝါရ

အပ္ပနာ - အပ္ပနာဟူသော နာမည်သည် ဝိတက်၏နာမည်ရင်းတည်း၊ ယှဉ်ဘက်စိတ်ကို အာရုံ၌အပ်နှံတတ်, ရှေးရှုတင်တတ်သောကြောင့် ဝိတက်သည် အပ္ပနာ မည်၏။ **(ဓမ္မသင်္ဂဏိပါဠိတော်)**

- **အဋ္ဌကထာဋ္ဌကား** ဝိတက်၏ အာရုံသို့ တင်ပေးခြင်းကိစ္စအထူးကြောင့် ဆိုင်ရာအာရုံ၌ ခိုင်မြဲသော လောကီ လောကုတ္တရာ ပထမစျာန်စိတ် စေတသိက်ကို အပ္ပနာမည်သော ဝိတက်စေတသိက်နှင့် ယှဉ်သောကြောင့် သဟစရဏာ(တကွဖြစ်ဘက်)နည်းအရ အပ္ပနာဟု ခေါ်ဆိုသည်၊ ဆန့်ကျင်ဘက်နီဝရဏာတို့မှ ဝေးကွာ၍ ဆိုင်ရာအာရုံ၌ စွဲမြဲတည်တံ့ခိုင်ခံ့ခြင်းအားဖြင့် အပ္ပနာမည်သော ပထမစျာန်နှင့် အလားတူသောကြောင့် ဒုတိယစျာန်စသည်ကိုလည်း သဒိသူပစာအားဖြင့် အပ္ပနာဟု ခေါ်ရသည်။
- စျာန်အားလုံးကို အပ္ပနာဟု နာမည်သုံးခြင်းသည် အဋ္ဌကထာ၏အသုံးဖြစ်သည် ဟူလို။ **(ဘာသာဋီကာ)**

အပ္ပနာဇောဝါရ၌ ဝိဘူတာရုံတစ်ပါးသာ ဖြစ်၍ အဝိဘူတာရုံ မဖြစ်ရခြင်း

အပ္ပနာဇောဝါရ၌ ကသိဏ်းပညတ်စသော မဟဂ္ဂတ်အာရုံ, တေဘူမကအာရုံတို့ ထင်ထင်ရှားရှား ဖြစ်ပေါ်သောအခါ၌သာလျှင် အပ္ပနာဇော ဖြစ်နိုင်သောကြောင့် ဝိဘူတာရုံတစ်ပါးသာ ဖြစ်၏၊ အဝိဘူတာရုံ မရှိချေ။

တဒါရုံ မကျခြင်း

ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ဤအင်္ဂါ ၃-ပါးစုံမှ တဒါရုံကျနိုင်၍ ဤ၌ မဟဂ္ဂတ်အာရုံ, အပ္ပနာဇော ဖြစ်သောကြောင့် တဒါရုံမကျနိုင်ခြင်း ဖြစ်ပါသည်။

အပ္ပနာဝီထိကျပုံ

အပ္ပနာစျာန်ရရန် ကသိဏ်းနိမိတ်စသည်ကို အာရုံပြုကာ ပွါးများအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်များ ထင်လာလျက် အပ္ပနာ

ဖြစ်လုလတ်သော် ဉာဏသမ္မယုတ် ကာမာဝစရဇော စ-ခုတို့တွင် အမှတ်မရှိ တစ်ခုခု သောဇောသည် ပရိက်, ဥပစာ, အနုလုံ, ဂေါတြဘူ အမည်ဖြင့် ၄-ကြိမ်, ၃-ကြိမ် ဖြစ်ပြီးလျှင် မန္ဒပညပုဂ္ဂိုလ်, တိက္ခပညပုဂ္ဂိုလ်တို့၌ ထိုက်သည့်အားလျော်စွာ ၄-ကြိမ်မြောက်, ၅-ကြိမ်မြောက်၌ အပွနာဇောများ ဖြစ်ကြသည်။

(**မှတ်ချက်။ ။** ကာမာဝစရဉာဏဝိပွယုတ်ဇော စ-ပါးတို့သည် ဉာဏ်ကင်းကုန်သည် ဖြစ်၍ မခိုင်ခံ့ တုန်လှုပ်ချောက်ချားတတ်သဖြင့် စျာန်တရားကို ကပ်၍ မရှုနိုင်၊ အပွနာအား အနုန္တရူပနိဿယပစ္စည်း မတပ်နိုင်သောကြောင့် ပရိက်စသည် မဖြစ်နိုင်ခြင်း ဖြစ်သည်။)

ပရိက် = အပွနာဇောဖြစ်ပေါ်ရန် ပြုပြင်စီရင်တတ်သောကြောင့် ပရိက် မည်၏။

ဥပစာ = အပွနာဇောအနီး၌ မကြာမီ အပွနာဖြစ်ပေါ်ရန် ဖြစ်တတ်သောကြောင့် ဥပစာ မည်၏။

အနုလုံ = အောက်ပရိက်ဇောအားလည်းကောင်း၊ အထက်အပွနာဇောအား လည်းကောင်း ရှေ့နောက်လျော်စွာ ဖြစ်တတ်သောကြောင့် အနုလုံ မည်၏။

ဂေါတြဘူ = ကာမအနွယ်ကို နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ ပုထုဇဉ် အနွယ်ကို ဖြတ်တတ်သောကြောင့်လည်းကောင်း ဂေါတြဘု မည်၏။ (တစ်နည်း) မဟဂ္ဂုတ်အနွယ်, လောကုတ္တရာအနွယ်ကို ပွါးစေတတ်သောကြောင့် ဂေါတြဘု မည်၏။

အပွနာဝီထိ = အပွနာနှင့်စပ်သော စိတ်အဆက်ဆက်။

အပွနာဇောတို့ ၄-ကြိမ်မြောက်, ၅-ကြိမ်မြောက်၌သာ ဖြစ်ရခြင်း

(အပွနာဇောတို့ ၄-ကြိမ်မြောက်အောင် ၃-ကြိမ်မြောက်၌၊ ၅-ကြိမ်မြောက်ထက် အလွန် ၆-ကြိမ်, ၇-ကြိမ်မြောက်၌ အပွနာဇော မစောရခြင်း)

အနုလုံသည်ဥပစာဟူသော မှီရာတူဇောမှ အာသေဝနပစ္စည်းမရလျှင် ဂေါတြဘူကို မဖြစ်စေနိုင်၊ ဂေါတြဘူမဖြစ်လျှင် အပွနာဇောလည်း မဖြစ်နိုင်၊ ထို့ကြောင့် ၄-ကြိမ်မြောက်အောက် ၃-ကြိမ်မြောက်၌ အပွနာဇောမစောရခြင်း ဖြစ်ပါသည်။

၆-ကြိမ် ၇-ကြိမ်မြောက်ဖြစ်သော ဇောသည် ဘဝင်ကျဖို့ နီးကပ်သောကြောင့် အပွနာ၏အစွမ်းဖြင့် ဖြစ်ပေါ်ခြင်းငှာ မစွမ်းနိုင်ပါ။ ဥပမာ - ချောက်ကမ်းပါးသို့ ရှေးရှု ပြေးလာသောသူသည် ရပ်လိုသော် ကမ်းပါးနှင့်ကပ်၍ မရပ်ဝံ့ မရပ်နိုင်၊ ရပ်ပါက အရှိန်လွန်၍ ကမ်းပါးအောက် ချောက်ထဲသို့ ကျတတ်သကဲ့သို့ ထို့အတူ အပွနာဇော တို့သည် ဘဝင်တည်းဟူသော ကမ်းပါးပြတ်နှင့် နီးကပ်လျက် ရှိသောကြောင့် ၆-ကြိမ် ၇-ကြိမ်မြောက်၌ မစောနိုင်၊ ၄-ကြိမ်, ၅-ကြိမ်မြောက်၌သာ ဖြစ်နိုင် ကျနိုင်ပါသည်။

အပွနာဇောတို့ ဖြစ်ပုံ

အပွနာဇော ၂၆-ပါးတို့ ဖြစ်ပေါ်လာသည်ရှိသော် အမှတ်မရှိ ဖြစ်ပေါ်လာသည် မဟုတ်ချေ၊ သမထကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ရူပ, အရူပ အပွနာဇော (မဟဂ္ဂုတ် ကု-ကြိ ၁၈-ပါးမှ တစ်ပါးပါး) ဖြစ်ပေါ်လာ၏။ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား မဂ်, ဖိုလ် လောကုတ္တရာ အပွနာ ဇော (လောကုတ္တရာဇော ၈-ပါး)တို့ ဖြစ်ကုန်၏။ ဤသည်ကို ရည်ရွယ်၍ **"ယထာ-ဘိနီဟာရဝေန"**ဟု မိန့်တော်မူ၏။

အပွနာဇောတို့ ကျပုံ (ကာမတိဟိတ်ဇောနောင် အပွနာဇောနှောင်းပုံဇယား ပြန်ကြည့်ပါ။)

➤ ဇာတ်, ဝေဒနာအားဖြင့်

ရှေးပရိလ်ဿသော ကာမာဝစရဇောတို့၏နောက်၌ စွာန်အပွနာဇော, မဂ်အပွနာ ဇောတို့သည် ဇာတ်,ဝေဒနာ ပြားပါမူ အာသေဝနပစ္စည်း မတပ်နိုင်သောကြောင့် ကာမ သောမနဿဇောနောင် သောမနဿအပွနာဇောတို့သာ ကျနိုင်ကုန်၏၊ ထို့အတူ ကာမဥပေက္ခာဇောနောင် ဥပေက္ခာအပွနာဇောတို့သာ ကျနိုင်ကုန်၏။

ကာမကုသိုလ်ဇောနောက်၌ အပွနာကုသိုလ်ဇော၊ ကာမကြိယာဇောနောက် ၌ အပွနာကြိယာဇောတို့သည် ဖြစ်ကုန်လေသည်။ (ဉာဏသမ္မယုတ် ကုသိုလ်ဇော၏ အခြားမဲ့၌ ကြိယာဇောသည် အပွနာအစွမ်းဖြင့် မဖြစ်ခြင်းမှာ ပုဂ္ဂိုလ်သန္တာန်မတူ ကွဲ ပြားသောကြောင့်လည်းကောင်း၊ ဇာတ်ပြားသောကြောင့်လည်းကောင်း ဖြစ်ပါသည်။)

➤ **ပုဂ္ဂိုလ်အားဖြင့်**

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်, သေက္ခပုဂ္ဂိုလ် ၇-ယောက် ဤ ၈-ယောက် သောပုဂ္ဂိုလ်တို့အား တိဟိတ်ကာမကုသိုလ် ၄-ပါးနောက်၌ မဟဂ္ဂုတ်ကုသိုလ်အပွနာ ၉-ပါး၊ မဂ်အပွနာ-၂၀၊ အောက်ဖိုလ်အပွနာ ၁၅-ပါးအားဖြင့် ၄၄-ပါးသော သောမနဿ, ဉပေက္ခာ အပွနာဇောတို့သည် ဖြစ်ကုန်၏။

အသေက္ခပုဂ္ဂိုလ်တို့အား တိဟိတ်ကာမကြိယာ ၄-ပါးနောက်၌ မဟဂ္ဂုတ်ကြိယာ အပွနာ ၉-ပါး၊ အရဟတ္တဖိုလ် အပွနာ ၅-ပါးအားဖြင့် ၁၄-ပါးသော သောမနဿ, ဉပေက္ခာ အပွနာဇောတို့သည် ဖြစ်ကုန်၏။

* * * * * * * * * * *

ဝိပါကနိယာမ

ဝီထိစိတ်တို့ကို ကုသလဝိပါက်, အကုသလဝိပါက်ဟု ဝိသေသအားဖြင့် ဝေဖန်၍ ပြဆိုမည် ဖြစ်သည်။

(၁) မကောင်းသော မစင်, ခွေးကောင်ပုပ်စသော အနိဋ္ဌာရုံကို တွေ့ကြုံရမှုသည် မကောင်းသောအကုသိုလ်ကံကြောင့် ဖြစ်ရကား- အကုသိုလ်၏အကျိုး (အကုသလ ဝိပါက်)သာလျှင် ဖြစ်သော ပဉ္စဝိညာဏ်အစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့ သည် ဖြစ်ကုန်၏။

(၂) အလိုရှိအပ်သော ထမင်း, အဖျော်, အိပ်ရာ, အဝတ်တန်ဆာ စသော ကာမ-မဿတ္တာရုံကို တွေ့ကြုံရမှုသည် ကောင်းသောကုသိုလ်ကံကြောင့် ဖြစ်ရကား- ကုသိုလ်၏အကျိုးဖြစ်သော အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, ဉပေက္ခာသန္တီရဏ, ဉပေက္ခာတဒါရုံ ၅-ပါးတို့သည် ဖြစ်ကုန်၏။

(၃) ဘုရား, ရဟန္တာ, ရွှေအိမ်ရွှေနန်းစသော အလွန်နှစ်သက်ဖွယ် အတိကန္တာရုံကို တွေ့ကြုံရသောအခါ- အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သောမနဿ သန္တီရဏ, သောမနဿတဒါရုံ ၅-ပါးတို့သည် ဖြစ်ကုန်၏။

ဝိပါက်အမှန်ဖြစ်ပုံ

ဝိပါက်တို့မည်သည် အကျိုးတရားမျိုး ဖြစ်၍ ကြေးမုံပြင်မှန်အတွင်း ထင်သော မျက်နှာရိပ်ကဲ့သို့ ကံ၏တန်ခိုးသတ္တိသက်သက်အားလျော်စွာ ဖြစ်ရသည်၊ ထို့ကြောင့် ကုသိုလ်, အကုသိုလ်ဇောများကဲ့သို့ ကြွဋ္ဌကို အနိဋ္ဌဟုလည်းကောင်း၊ အနိဋ္ဌကို ကြွဋ္ဌဟုလည်းကောင်း ဖောက်ပြန်ကာ ကြဲဆ၍ မယူနိုင်၊ ထင်လာသောအာရုံအတိုင်းသာ ဝေဒနာနှင့်ယှဉ်ကာ အနိဋ္ဌာရုံ၌ အကုသလဝိပါက် ဥပေက္ခာ၊ ကြွဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလဝိပါက် ဥပေက္ခာ၊ ကြွဋ္ဌာရုံ၌ ကုသလဝိပါက် သောမနဿ ဖြစ်ရလေသည်။

ဤသို့ ကံတရား၏ ပြုပြင်သည့် အားလျော်စွာ **အာရုံအလိုက် အကျိုးဝိပါက်စိတ်ဝေဒနာတို့သည် အမှန်အတိုင်း ဖြစ်ကုန်သောကြောင့် ဝိပါက်အမှန်ဟု ဆိုသည်။**

ဇောအပြန်ဖြစ်ပုံ

ကုသိုလ် အကုသိုလ်ဇောတို့သည် သညာဝိပွလ္လာသစသော ဝိပွလ္လာသ မကင်းသေးသော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်သောကြောင့် အတိက္ကဋ္ဌာရုံကို သော်လည်း ကြွဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံ အခြင်းအရာအားဖြင့် ယူတတ်ထင်တတ်ကုန်၏၊ အနိဋ္ဌာရုံကိုသော်လည်း ကြွဋ္ဌာရုံ, ကြွဋ္ဌမဇ္ဈတ္တာရုံအနေအားဖြင့် ယူတတ်ထင်တတ်ကုန်၏။

ဥပမာ -

(က) ရတနာသုံးပါးကို မကြည်ညိုသော တိတ္ထိစသောသူတို့အား ဘုရားအစရှိသော **အတိက္ကဋ္ဌာရုံအစစ်**ကို တွေ့မြင်ရပါသော်လည်း အနိဋ္ဌအခြင်းအရာအားဖြင့် ဒေါမနဿဇောစေ၏၊ သဒ္ဓါတရား မရှိသောသူတို့အား လျစ်လျူရှုသောအခြင်းအရာအားဖြင့် ဥပေက္ခာဇော စောစေ၏။

(ခ) နက်နဲသောဉာဏ်သဘော ရှိသောသူတို့အား စက်ဆုပ်အပ်သော မစင် ခွေးကောင်ပုပ်စသော **အနိဋ္ဌာရုံ**ကို တွေ့မြင်ရသော်လည်း လျစ်လျူရှုသောအခြင်းအရာအားဖြင့် ဥပေက္ခာဇော စောကုန်၏၊ ခွေးစသော တိရစ္ဆာန်တို့မှာမူ ထိုစက်ဆုပ်ဖွယ်အနိဋ္ဌာရုံကိုပင် နှစ်သက်သောအခြင်းအရာအားဖြင့် သောမနဿဇော စောကုန်၏။

ဤသို့လျှင် မပယ်အပ်သော ဝိပွလ္လာသတရား ရှိကုန်သော ပုဂ္ဂိုလ်တို့အား ဝိပွလ္လာသအဟုန်အစွမ်းအားဖြင့် ဖောက်ဖောက်ပြန်ပြန်ဖြစ်မှုကြောင့် **အာရုံကို လိုက်၍ ကုသိုလ် အကုသိုလ်ဇောများသည် ဝေဒနာအမှန်နှင့် မယှဉ်နိုင်ဘဲ ဖောက်ပြန်ကုန်သောကြောင့် ဇောအပြန် ဟု ဆိုအပ်သည်။**

သို့ဖြစ်၍ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များ၌ အာရုံအားလျော်စွာ ဝိပါက်စိတ်များသည် ဝေဒနာယှဉ်ပုံ မှန်ကန်သော်လည်း ဇောစိတ်များမှာမူ နှလုံးသွင်းမှုပေါ် မူတည်၍ ဝေဒနာယှဉ်ပုံ မမှန်ကန်သောကြောင့် **ဝိပါက်အမှန် ဇောအပြန်** ဖြစ်သည်။

ဇောအမှန်ဖြစ်ပုံ

ကြိယာဇောများသည် ဝိပွလ္လာသတရားများ လုံးဝကင်းစင်ပြီးသော ဘုရားရဟန္တာအရှင်မြတ်များ၏သန္တာန်၌သာ ဖြစ်သောကြောင့် အနိဋ္ဌာရုံကို တွေ့မြင်ပါက အနိဋ္ဌာရုံဟုသာ ထင်မြင်ကြ၏၊ ဖောက်ပြန်၍ ကဋ္ဌာရုံဟု မထင်ကြကုန်၊ ကဋ္ဌာရုံကို တွေ့မြင်ပါကလည်း ကဋ္ဌာရုံဟုသာ ထင်မြင်ကြ၏၊ ဖောက်ပြန်၍ အနိဋ္ဌာရုံဟု မထင်ကြကုန်၊ သို့သော် တပ်မက်နှစ်သက်ခြင်းလည်း မရှိကြချေ၊ ဤသို့ အထင်အမြင် မဖောက်ပြန်သောကြောင့် ဘုရားရဟန္တာပုဂ္ဂိုလ်များ၌ အာရုံအလိုက် ဝေဒနာယှဉ်ပုံ မှန်ကန်ကြသောကြောင့် **ဇောအမှန်** ဖြစ်သည်။

အတိဋ္ဌာရုံ ဖြစ်အံ့ - ဟသိတုပ္ပါဒ်-၁၊ မဟာကြိယာသောမနဿ-၄ ပေါင်းသောမနဿကြိယာဇော ၅-ပါး စော၏၊ **ဋ္ဌမမဂ္ဂင်္ဂာရုံ၊ အနိဋ္ဌာရုံ** ဖြစ်အံ့ - မဟာကြိယာဥပေက္ခာ-၄ = ဥပေက္ခာကြိယာဇော ၄-ပါး စော၏။

သို့ဖြစ်၍ ဘုရားရဟန္တာပုဂ္ဂိုလ်တို့၌ အာရုံအားလျော်စွာ ဝိပါက်စိတ်များသည် ဝေဒနာယှဉ်ပုံ မှန်ကန်သကဲ့သို့ ဇောစိတ်များသည်လည်း ဝေဒနာယှဉ်ပုံ မှန်ကန်ခြင်းကြောင့် **ဝိပါက်လည်းအမှန် ဇောလည်းအမှန်** ဖြစ်သည်။

ပုဂ္ဂိုလ်အလိုက် တဒါရုံဖြစ်ပုံ

(က) ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်အား - အဟိတ်တဒါရုံ ၃-ပါး ကျ၏၊

(ခ) သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်အား - အဟိတ်တဒါရုံ ၃-ပါး၊ ဒွိဟိတ်တဒါရုံ ၄-ပါး၊ ပေါင်း ၇-ပါး ကျ၏၊

(၈) တိဟိတ်ပုဂ္ဂိုလ်အား - အဟိတ်တဒါရုံ ၃-ပါး၊ ဒွိဟိတ်တဒါရုံ ၄-ပါး၊ တိဟိတ်တဒါရုံ ၄-ပါး၊ ပေါင်း ၁၁-ပါး ကျ၏။

(အဟိတ်တဒါရုံ ၃-ပါး = သန္ဋီရဏစိတ် ၃-ပါး၊
ဒွိဟိတ်တဒါရုံ ၄-ပါး = မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊
တိဟိတ်တဒါရုံ ၄-ပါး = မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး။)

ဇောနောင်တဒါရုံကျပုံ (အဘိဓမ္မာအတိုင်း သိပါ)

ကြိယာဇောနောင် တဒါရုံ ကျသင့် မကျသင့် စိစစ်ချက်

အချို့ဆရာတို့သည် ပဌာန်းပါဠိတော်၌ "ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"ဟု ကုသိုလ်အကုသိုလ်ဇောတို့၏နောက်၌သာ တဒါရုံကျခြင်းကို ဟောတော်မူ၍ ကြိယာဇောနောက်၌ တဒါရုံကျခြင်းကို ဟောတော်မမူသောကြောင့် ကြိယာဇောနောင် တဒါရုံ မဖြစ်သင့်ဟု ယူကြပါသည်၊ ထိုကေစိဆရာတို့၏ဝါဒသည် မသင့်ပါ။ အဗျာကတ၏နောက်၌ တဒါရုံကျခြင်းကို ဟောတော်မူခဲ့လျှင် ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော၂-ကြိမ် ၃-ကြိမ်နောင် တဒါရုံကျ၏ဟု မှတ်ထင်ကုန်ရာ၏၊ ထို့ကြောင့် ကြိယာဇော၏အခြားမဲ့၌ တဒါရုံကျခြင်းကို မြတ်စွာဘုရားဟောတော်မမူပေ၊ မရထိုက်၍ မဟောခြင်း မဟုတ်ပါ၊ ထိုစကားမှန်၏၊ ရအပ်သော်လည်း တစ်စုံတစ်ခုသောအဓိပ္ပါယ်ဖြင့် အချို့သောအရာ၌ မဟောခြင်းသည် ရှိ၏၊ ဥပမာ - ခမ္မသင်္ဂီကျမ်း၌ ဟဒယဝတ္ထုရုပ်ကို ရထိုက်သော်လည်း ဒေသနာအစဉ် ပျက်မည်စိုး၍ မဟောသကဲ့သို့တည်း။

ကုသိုလ်ဇော အကုသိုလ်ဇော ကြိယာဇောတို့ဖြင့်သာ တဒါရုံကို မှတ်ပြု၍ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်ဇောတို့ဖြင့် တဒါရုံကို မှတ်၍ မပြခြင်း

ကုသိုလ်ဇော အကုသိုလ်ဇော ကြိယာဇောတို့ဖြင့်သာ တဒါရုံကို မှတ်၍ ပြခြင်းသည် လျှင်းပါးဖွယ် မရှိ၊ ဧကန္တနည်းဖြစ်၍ ဇောဖြင့်သာ တဒါရုံကို သတ်မှတ်ပြ၏၊ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်ဇောတို့ဖြင့် တဒါရုံကို သတ်မှတ်ခြင်းသည် ဧကန္တ မဟုတ်သောကြောင့် မှတ်၍မပြခြင်း ဖြစ်၏။

"ဉာဏသမ္ပယုတ်ဇောနောင် ဉာဏသမ္ပယုတ်တဒါရုံ ဖြစ်၏" အစရှိသောနည်းဖြင့် ဖြစ်သော သတ်မှတ်ခြင်း၏ အနေကန်ဖြစ်ပုံ

အကုသိုလ်ဇောတို့၌ အလေ့အကျက်များသောသူအား တစ်ရံတစ်ခါ ကုသိုလ်ဇော စောသောအခါ အကုသိုလ်ဇော၏အခြားမဲ့၌ အဟိတ်တဒါရုံဖြစ်မှုက အလေ့အကျက် ရနေသောကြောင့် တိဟိတ်ကုသိုလ်ဇောနောင်လည်း အဟိတ်တဒါရုံ ဖြစ်၏၊ ထို့အတူ ကုသိုလ်ဇောတို့၌ အလေ့အကျက်များသောသူအား တစ်ရံတစ်ခါ အကုသိုလ်ဇော စောသောအခါ ကုသိုလ်ဇော၏ အခြားမဲ့၌ တိဟိတ်တဒါရုံဖြစ်မှုက အလေ့အကျက် ရနေသောကြောင့် အကုသိုလ်ဇောနောင်လည်း တိဟိတ်တဒါရုံသည် ဖြစ်တတ်၏၊ ပဋိသန္ဓေအကျိုးကို ပေးသောကံမှ တစ်ပါးသောကံကြောင့် တဒါရုံဖြစ်ရာ၌ ဆိုဖွယ် မရှိတော့ပြီ။

ထို့ကြောင့်ပင် ပဋ္ဌာန်းပါဠိတော်၌ -

"အဟေတုကေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ကုသလာကုသလေ နိရုဒ္ဓေ အဟေတုကော ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ၊ ကုသလာကုသလေ နိရုဒ္ဓေ သဟေတုကော ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။" ဟု ဟောတော်မူ၏။

* * * * * * * * * *

အာဂန္တုကဝိထိ

ဒေါသဇောနောင် ဥပေက္ခာတဒါရုံ၊ ဥပေက္ခာဘဝင်သာ ကျနိုင်ပုံ

ဒေါမနဿနှင့် သောမနဿတို့သည် မီးနှင့်ရေကဲ့သို့ ဆန့်ကျင်ဘက်ကျသောကြောင့် အနန္တရပစ္စည်း မတပ်နိုင်ကုန်၊ သို့ဖြစ်၍ ဒေါသဇောနောင် သောမနဿတဒါရုံ သောမနဿဘဝင်တို့ မဖြစ်နိုင်ကုန်၊ ဥပေက္ခာသည်ကား ချိန်ခွင်သဖွယ် အလယ်အလတ်သဘော ရှိသောကြောင့် သောမနဿနှင့်လည်း အချင်းချင်း အနန္တရ

ပစ္စည်း တပ်နိုင်၏၊ ဒေါမနဿနှင့်လည်း အချင်းချင်း အနန္တရပစ္စည်း တပ်နိုင်၏၊ ထို့ကြောင့် ဒေါသဇောနောက်၌ သောမနဿတဒါရုံ သောမနဿဘဝင်တို့ မကျနိုင်၊ ဥပေက္ခာတဒါရုံ ဥပေက္ခာဘဝင်သာ ကျနိုင်၏။

ဒေါသဇောနောင် အာဂန္တုကဘဝင်ကျခြင်း

ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့သည် ဘုံ ဇာတ် သမ္မယုတ္တမမှ ဝေဒနာသခ်ၤါရတို့အားဖြင့် မကွဲပြားသင့်ကုန်၊ ပဋိသန္ဓေအခါက သောမနဿဝေဒနာနှင့် တကွဖြစ်သောစိတ်နှင့် ပဋိသန္ဓေတည်နေခဲ့သောပုဂ္ဂိုလ်အား ဘဝင်ကျခဲ့သော် သောမနဿဘဝင်သာ ကျရ၏။

သို့သော် အတိက္ကဋ္ဌာရုံအစစ်ဖြစ်သော မြတ်စွာဘုရားကို တွေ့မြင်ရပါလျက် တိတ္ထိစသောသူတို့သည် နှစ်သက်ခြင်း မဖြစ်နိုင်၊ မကြည်ညိုနိုင်ကြသဖြင့် သောမနဿဇော မစောနိုင်ဘဲ ဒေါသဇော စောကုန်၏။

ဤအခါမျိုး၌ စိစစ်လိုက်သော် ပဋိသန္ဓေစိတ်က သောမနဿစိတ်ဖြစ်ပြီး ဇော က ဒေါသဇော ဖြစ်နေ၏၊ ပဋိသန္ဓေစိတ်ကို ထောက်သော် သောမနဿဘဝင်သာ ကျရလိမ့်မည်၊ အတိက္ကဋ္ဌာရုံကို ထောက်သော် သောမနဿတဒါရုံသာ ကျရလိမ့်မည်၊ ထိုသို့ သောမနဿတဒါရုံ သို့မဟုတ် သောမနဿဘဝင်သာ ကျသင့်သော်လည်း ဇောက ဒေါသဇော ဖြစ်နေ၍ ဝေဒနာချင်း မတူသဖြင့် အနန္တရပစ္စည်း မတပ်နိုင်သောကြောင့် သောမနဿတဒါရုံ သောမနဿဘဝင်တို့ မကျနိုင်ချေ။

ထို့ကြောင့် ဒေါမနဿဇောမဖြစ်မီ ရှေးအခါက မိမိလေ့ကျက်နေကျ နှလုံးသွင်းမြဲဖြစ်သော ကာမအာရုံကို အာရုံပြု၍ ဒေါသဇောကို ငဲ့ကာ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စစသည် မတပ်ပါဘဲ အာဝဇ္ဇန်းကင်းလျက် အပိုအာဂန္တုကဘဝင်ကိစ္စတပ်၍ တစ်ကြိမ်ဖြစ်၏၊ ထို့နောက်မှ ထိုအာဂန္တုကဘဝင်စိတ်ကို အနန္တရပစ္စည်း ပြု၍ ပဋိသန္ဓေစိတ်နှင့်တူစွာ သောမနဿဘဝင် ဆက်၍ ကျလေသည်။

အာဂန္တုကဘဝင်စိတ်သည်

(၁) **အာရုံအားဖြင့်** - ရှေး၌လေ့လာခဲ့ဖူးသော, ဤဘဝ၌ပင် များသောအားဖြင့် ယူဖူးသော ကာမအာရုံကို အာရုံပြု၏။

(၂) **အာဝဇ္ဇန်းကင်းပုံမှာ** - နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်အား အနာဂါမိဖိုလ် အရဟတ္တဖိုလ်စိတ်သည် အာဝဇ္ဇန်း ကင်းသော်လည်း ဖြစ်ပုံနှင့် တူ၏။

(၃) **ကိစ္စအားဖြင့်** - ဇော၏အာရုံကို မယူနိုင်သောကြောင့် တဒါရုံကိစ္စဖြင့်လည်း မဖြစ်၊ ခံယူအပ်ပြီးသောအာရုံကို စုံစမ်းသည်၏အစွမ်းဖြင့် မဖြစ်သောကြောင့် သန္တီရဏကိစ္စဖြင့်လည်း မဖြစ်၊ ပဋိသန္ဓေကိစ္စ စုတိကိစ္စတို့ကား ဆိုဖွယ်ရာ မရှိ၊ ဘဝင်၏အကြောင်းဖြစ်သောကြောင့် ဘဝင်ကိစ္စဖြင့် ဖြစ်၏။

ထို့ကြောင့် ပဋိသန္ဓေ ဘဝင်တို့၏ သမ္မယုတ္တဓမ္မအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း တူရသည်အဖြစ်ဟူသော စကားသည် ယေဘုယျအားဖြင့် ဆိုအပ်သောစကားဟု မှတ်အပ်၏။ ဤအာဂန္တုကဘဝင်ကို ကြဉ်၍ ပဋိသန္ဓေဘဝင်တို့၏ ဓမ္မ အာရုံအားဖြင့် မတူသောအရာသည် မရှိပေ။

* * * * * * * * * *

တဒါရုံဖြစ်ကြောင်းအင်္ဂါ

တဒါရုံသည် (၁) ကာမဘုံသားလည်း ဖြစ်စေ၊
(၂) ကာမဇော၌သောအခါလည်း ဖြစ်စေ၊
(၃) ကာမအာရုံလည်းဖြစ်စေ -

ဤအင်္ဂါ ၃-ပါးနှင့် ညီ၍ အတိမဟန္တာရုံ ဝိဘူတာရုံ၌သာလျှင် တဒါရုံ ကျနိုင်၏။

(၁) ကာမဘုံသားများသာလျှင် တဒါရုံကျနိုင်၍ ပြဟ္မာတို့အား တဒါရုံ မကျနိုင်ခြင်းအကြောင်း

တဒါရုံဟူသည် မဟာဝိပါက်စိတ် ၈-ပါးနှင့် သန္တီရဏစိတ် ၃-ပါး ပေါင်း ၁၁-ပါးသာ ဖြစ်၍ ၎င်းစိတ်တို့သည်လည်း ကာမာဝစရဘုံသားများ၏ ပဋိသန္ဓေစိတ်များသာ ဖြစ်သောကြောင့် ကာမဘုံသားများ၌သာ တဒါရုံကျနိုင်၏၊ ရူပပြဟ္မာ အရူပပြဟ္မာများ

ကား တဒါရုံ၏အားကြီးသောအကြောင်းဖြစ်သော ကာမပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် တဒါရုံ မကျနိုင်ခြင်း ဖြစ်သည်။

(၂) ကာမဇော၏အဆုံးဠ်သာ တဒါရုံကျ၍ အပွနာဇော၏အဆုံးဠ် တဒါရုံမကျနိုင်ခြင်းအကြောင်း

ကာမတဏှာလျှင် အကြောင်းရင်းရှိသောကံသည် ဖြစ်စေအပ်သောကြောင့် ကာမဇော၏အဆုံးဠ်သာလျှင် တဒါရုံကျနိုင်၏၊ ကာမတဏှာလျှင် အကြောင်းရင်း ရှိသောကံသည် ဖြစ်စေအပ်သော ထိုတဒါရုံသည် ကာမတဏှာ၏အာရုံသဘော မရှိသော ရူပါဝစရဇော အရူပါဝစရဇော လောကုတ္တရာဇော၏အခြားမဲ့ဠ် မဖြစ်နိုင်ပေ၊ အဘယ်ကြောင့်နည်းဟူမူ မဟဂ္ဂုတ်ကံ လောကုတ္တရာကံသည် တဒါရုံကို မဖြစ်စေနိုင်သောကြောင့်လည်းကောင်း၊ တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကံနှင့် ဘုံအားဖြင့် တူသောသဘော မရှိသောကြောင့်လည်းကောင်း တဒါရုံ မဖြစ်ပါ။

ဥပမာ - မိမိနေမြဲအိမ်မှ တစ်ပါးသောအရပ်သို့ သွားလိုသော သူငယ်သည် မိမိနှင့်အမြဲနေဖော်ဖြစ်သော အမိအဖ သို့မဟုတ် ဘကြီးဘထွေး စသူတို့၏နောက်သို့သာလျှင် လိုက်၏၊ သူစိမ်းပြင်ပဖြစ်သောသူတို့၏နောက်သို့ကား မလိုက်ဘိသကဲ့သို့ ထို့အတူ သူငယ်နှင့်တူသော တဒါရုံသည်လည်း အမိအဖနှင့် တူသော ကာမကုသိုလ်အကုသိုလ်ဇောတို့၏နောက်ဠ်လည်းကောင်း၊ ဘကြီးဘထွေးစသည်တို့နှင့် တူသော မဟာကြိယာဇော၏နောက်ဠ်လည်းကောင်း ဖြစ်လေသည်၊ သူစိမ်းပြင်ပနှင့် တူသော ရူပဇော အရူပဇော လောကုတ္တရာဇောတို့၏နောက်ဠ်ကား အချင်းခပ်သိမ်း ကျရိုးဖြစ်ရိုး မရှိပေ။

(၃) ကာမအာရုံဠ်သာလျှင် တဒါရုံကျနိုင်၍ ပညတ်စသော အခြားသောအာရုံတို့ဠ် တဒါရုံမကျနိုင်ခြင်းအကြောင်း

တဒါရုံစိတ်တို့သည် အာသဝေါတရားဖြင့် အမြဲထုံအပ်သော ကာမအာရုံကိုသာ အာရုံပြုသောတရား ဖြစ်၏၊ မဟဂ္ဂုတ် လောကုတ္တရာ ပညတ်အာရုံကို အာရုံပြုရိုး မရှိ၊ အာရုံ မပြုနိုင်။

ဥပမာ - သူငယ်သည် အမိအဖ ဘကြီးဘထွေး စသူတို့၏နောက်သို့ လိုက်

သော်ငြားလည်း မိမိသွားလာနေကျဖြစ်သောအရပ်သို့သာလျှင် လိုက်ပါ၏။ တစ်ပါးသော မသွားလာဖူးသော တောအရပ်စသည်သို့မူ မလိုက်သကဲ့သို့ သူငယ်နှင့်တူသော တဒါရုံသည်လည်း မိမိအာရုံပြုနေကျဖြစ်သော ကာမအာရုံ၌သာ ဖြစ်၏။ အာရုံပြုရိုး မရှိသော မဟဂ္ဂုတ်စသော အာရုံ၌ မဖြစ်နိုင်ခေ။

မေး ။ ။ ကာမပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် ရူပဋ္ဌာကြီးများ၌ (ကာမဝိပါက်) တဒါရုံ မဖြစ်ဟုဆိုလျှင် ကာမပဋိသန္ဓေမရှိဘဲ ရူပဋ္ဌာကြီးများ၌ စက္ခုဝိညာဏ် သောတဝိညာဏ်စိတ်တည်းဟူသောကာမဝိပါက်စိတ်များ အဘယ်ကြောင့် ဖြစ်ရပါသနည်း။

တဒါရုံ မဖြစ်နိုင်သော်လည်း ကာမဝိပါက်ဖြစ်သည့် စက္ခုဝိညာဏ် သောတဝိညာဏ်စိတ်များမှာမူ အဟိတ်ပင် ဖြစ်သော်ငြားလည်း ရူပဋ္ဌာကြီးများ၌ ဖြစ်ကြသေး၏။ အဘယ်ကြောင့်ဆိုသော် စက္ခုန္ဓြေ သောတန္ဓြေဖြစ်ခြင်း၏ အစွမ်းအာနုဘော်ကြီးသောကြောင့်လည်းကောင်း၊ စက္ခုဒွါရဝီထိ သောတဒွါရဝီထိတို့၌ သမ္မဋ္ဌိဉ်း သန္နိရဏစိတ်တို့ဖြစ်ခြင်း မြဲသောကြောင့်လည်းကောင်း၊ စက္ခုဝိညာဏ်စသော ကာမဝိပါက်စိတ်တို့ ဖြစ်ရခြင်း ဖြစ်ပါသည်။



လေးနိယာမ

မရဏာသန္နဇောဖြစ်ပုံ

သေခါနီးဖြစ်သောအခါ၊ ဒုက္ခဝေဒနာနှိပ်စက်၍ မေ့မျောနေသောအခါ၊ သတိလစ်၍ မေ့လျော့နေသော ဝိသညီအခါ၊ အဓိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေသောအခါ၊ အဓိဝမ်းမှ ဖွားကာစအခါမျိုးသည် မန္ဒပဝတ္တိအခါမျိုး မည်၏။

၎င်းအခါမျိုးတွင် စိတ်တို့၏မှီရာ ဝတ္ထုရုပ်က အလွန်အားနည်းသောကြောင့် မှီသောဇောစိတ်တို့သည်လည်း အားနည်းကုန်၏၊ ထို့ကြောင့် ထိုအခါများ၌ ကာမဇောစိတ်တို့သည် ၇-ကြိမ်တိုင် မဖြစ်နိုင်တော့ဘဲ ၆-ကြိမ်သော်လည်းကောင်း၊ ၅-ကြိမ်သော်လည်းကောင်း ဖြစ်ကုန်၏။

မြတ်စွာဘုရား ယမိုက်ပြာဇီဟာပြသောအခါ ဇောဖြစ်ပုံ

မြတ်စွာဘုရားသည် တိတ္ထိတို့အား နှိမ်နှင်းရန်စသောအခါတို့၌ ကိုယ်တော် အထက်ပိုင်းမှ မီးအဟုန်, အောက်ပိုင်းမှ ရေအဟုန်, ဤသို့ ရေမီးအစုံ ထွက်စေတော် မူခြင်းကို **ယမကပြာဇီဟာ တန်ခိုးတော်**ဟု ခေါ်သည်။

ထိုအခါမျိုး၌ **မီးအလို့ဌာ** တေဇောကသိုဏ်းကို ပါဒကဈာန်ပြုကာ ဝင်စား၍ ထိုစျာန်မှထ၍ ဝင်စားသော စတုတ္ထစျာန်အင်္ဂါနှစ်ပါးကို သုံးသပ်ဆင်ခြင်တော်မူ၏၊ ထိုစျာန်အင်္ဂါကို ဆင်ခြင်ပြီးသော် ကိုယ်တော်၏အထက်ပိုင်းသည် မီးဖြစ်စေသတည်းဟု အဓိဋ္ဌာန်တော်မူ၏။ ထို့နောက် အဘိညာဉ်ဝင်စားကာ အဘိညာဉ်မှ ထတော်မူမှ အဘိညာဉ်အစွမ်းဖြင့် အထက်ကိုယ်တော်၌ မီးအဟုန် ဖြစ်ပေါ်လာ၏၊ ထို့အတူ **ရေဖြစ်ပေါ်လာရန်** အာပေါကသိုဏ်းကို ပါဒကဈာန်ပြု၍ ဝင်စားခြင်း စသည်ကို ပြုမှ ရေအဟုန် ဖြစ်ပေါ်လာ၏၊ ဤသို့ မွေးညှင်းတော်အမျှ ရေမီးအစုံဖြစ်ရန် စျာန်ဝင်စားတော်မူသော မြတ်စွာဘုရား၏စိတ်တော်သည် အလွန်ကျယ်မြန်စွာ စီးဖြန်းပွားများရသောကြောင့် ၎င်းအခါမျိုး၌ စျာန်အင်္ဂါကို ဆင်ခြင်သုံးသပ်သော ပစ္စဝေက္ခဏာဇောတို့သည် ၄-ကြိမ်၅-ကြိမ်သာ စောကုန်၏။ (သို့သော် မြတ်စွာဘုရား၏ပစ္စဝေက္ခဏာဇောကို ရည်၍ ၄-ကြိမ်၊ ရဟန္တာများ၏ပစ္စဝေက္ခဏာဇောကို ရည်၍ ၅-ကြိမ်ဟု ဆိုရသည်။)

မဟဂ္ဂုတ်ဇောတို့စောပုံ

(၁) **မဟဂ္ဂုတ်ဇော**တို့သည် တစ်ကြိမ်တည်းဖြင့်ပင် ကိလေသာတို့ကို ဝိက္ခမ္ဘနသတ္တိဖြင့် ပယ်ဖြတ်နိုင်သောကြောင့် ရခါစ (ပထမကပ္ပနာ)၌ တစ်ကြိမ်သာ စော၏။ (ဘာသာဋီကာအလို = ရခါစဖြစ်၍ အားနည်းသောကြောင့် မိမိ၏နောက်၌ ထပ်၍ အပ္ပနာဇောဖြစ်ဖို့ရန် ကျေးဇူးမပြုနိုင်၊ ထို့ကြောင့် ပထမအပ္ပနာဇောတို့သည် တစ်ကြိမ်သာ စောကြရ၏)

(၂) **အဘိညာဉ်ဇော**တို့ကား တစ်ကြိမ်တည်းဖြင့်ပင် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောကြောင့် တစ်ကြိမ်သာ စော၏။

မဂ်ဇောတစ်ကြိမ်သာ စောရပုံ

မဂ်စိတ်တို့မည်သည် ဝရဇိန်မိုးကြိုးပမာ အလွန်တရာ အရှိန်ပြင်းထန်သော

တရားမျိုး ဖြစ်သဖြင့် ဆိုင်ရာကိလေသာတို့ကို အကြိမ်ကြိမ်ပယ်ဖျက်ဖို့ မလို၊ တစ်ကြိမ်တည်းဖြင့်သာ ပယ်ဖျက်နိုင်သောကြောင့် တစ်ကြိမ်သာ ဖြစ်ကုန်၏။

ဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ် စောရပုံ

ဖိုလ်စိတ်များကား မဂ်ဖြင့် အကြွင်းမဲ့သတ်အပ်ပြီးသော ကိလေသာတို့၏အရှိန်ကို နောက်ထပ် အပြီးသတ် ငြိမ်းအေးစေသောတရားမျိုး ဖြစ်သောကြောင့် ၂-ကြိမ် ၃-ကြိမ် စောရကုန်၏။ (**ယထာရုတ်**အရ တိက္ခပုဂ္ဂိုလ်ကို ရည်၍ ၃-ကြိမ်၊ မန္ဒပုဂ္ဂိုလ်ကို ရည်၍ ၂-ကြိမ် ဖိုလ်ဇောစောသည်ဟူလို။)

နိရောဓသမာပတ်

အစဉ်အတိုင်းချုပ်ခြင်း၏အစွမ်းဖြင့် စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းသည် နိရောဓသမာပတ် မည်၏၊ ၎င်းနိရောဓသမာပတ်ကို သခ်ါရတရားတို့၏ ဖြစ်မှုပျက်မှုဖြင့် နှိပ်စက်နေခြင်းကို စက်ဆုပ်၍ မျက်မှောက်သောကိုယ်၏အဖြစ်၌ နိဗ္ဗာန်ဝင်စံသကဲ့သို့ ချမ်းသာစွာ နေထိုင်ခြင်းအကျိုးငှာ သမာပတ် ၈-ပါး ၉-ပါးကို ရသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည် ဝင်စားတော်မူကြ၏။

(သမာပတ် ၈-ပါး ၉-ပါးကို ရသော သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်နှင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဈာန်မရသော အရိယာပုဂ္ဂိုလ်တို့နှင့် ကျန်ပုထုဇဉ်ပုဂ္ဂိုလ်အားလုံးတို့သည်လည်းကောင်း မဝင်စားနိုင်ကြပါ။)

သမာပတ္တိဝီထိ၌ အပွနာဇောတို့ အကြိမ်များစွာ စောရခြင်း

ဈာနသမာပတ္တိဝီထိ ဖလသမာပတ္တိဝီထိတို့၌ နေ့ညဉ့်ပတ်လုံး ဝင်စားနိုင်ခြင်း၏ဖြစ်နိုင်ခြင်းကြောင့် မဂ်ဇော အဘိညာဉ်ဇောမှ ကြွင်းသော မဟဂ္ဂတ်ဇော လောကုတ္တရာဇောတို့သည် အကြိမ်များစွာ စောကြ၏။

ပုဂ္ဂလဘေဒ-ပုဂ္ဂိုလ်အပြား

အဟိတ်ပုဂ္ဂိုလ်

ပဋိသန္ဓေအခါ၌ အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးအနက် တစ်ပါးမျှ မရှိသောကြောင့် အဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ရ၏။ ထိုအဟိတ်ပုဂ္ဂိုလ်သည် ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ်ဟု နှစ်ယောက်ရှိ၏။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်

အပါယ် ၄-ဘုံတည်းဟူသော ဒုဂ္ဂတိဘုံ၌ဖြစ်၍ ဟိတ်မယှဉ်သည့် (အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏစိတ်) အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်။

သုဂတိအဟိတ်ပုဂ္ဂိုလ်

(၁) လူ့ဘုံ စာတုမဟာရာဇ်ဘုံ တည်းဟူသော သုဂတိဘုံ၌ဖြစ်၍ ဟိတ်မယှဉ်သည့် (အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်) အဟိတ်စိတ်ဖြင့် ပဋိသန္ဓေ နေသောပုဂ္ဂိုလ်။

(၂) အသညသတ်ဘုံတည်းဟူသော သုဂတိဘုံ၌ဖြစ်၍ ဟိတ်တည်းဟူသောနာမ်တရား များ လုံးဝမရှိသည့် (ဇီဝိတနဝကကလာပ်)ရုပ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်။

ဒွိဟိတ်ပုဂ္ဂိုလ်

ပဋိသန္ဓေအခါ၌ အလောဘ အဒေါသ ဟိတ်နှစ်ပါးသာ ရှိသောပုဂ္ဂိုလ်။

တိဟိတ်ပုဂ္ဂိုလ်

အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးရှိသော ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေတည်နေသောပုဂ္ဂိုလ်။ (တိဟိတ်ပုဂ္ဂိုလ်သည် ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက် အားဖြင့် ၉-ယောက် ရှိ၏။)

သေက္ခပုဂ္ဂိုလ်

သောတာပန်စသော အောက်အရိယာပုဂ္ဂိုလ် ၇-ယောက်တို့သည် ရဟန္တာ

ဖြစ်ရန် ကျင့်စရာအကျင့်များ ရှိနေ၍ သိက္ခာ ၃-ပါးတို့ ပြည့်စုံစေရန် ကျင့်ဆဲဖြစ်သောကြောင့် သေက္ခပုဂ္ဂိုလ် မည်၏။

အသေက္ခပုဂ္ဂိုလ်

အရဟတ္တဖိုလ်ရပြီးသော ဘုရားရဟန္တာပုဂ္ဂိုလ်များသည် သိက္ခာ ၃-ပါးကို ပြည့်စုံအောင် ကျင့်စရာအကျင့်များကို ကျင့်ပြီး ဖြစ်သောကြောင့် အသေက္ခပုဂ္ဂိုလ် မည်၏။

အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ မရနိုင်သောဇော

ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေအခါ၌ အပွနာဇော၏အကြောင်းဖြစ်သော အမောဟဟိတ် မပါရှိသဖြင့် ပဝတ္တိအခါ ဈာန်အကျိုး မဂ်အကျိုးကို မရနိုင်အောင် ဝိပါကန္တရာယ်က တားမြစ်သောကြောင့် အပွနာဇောကို မရ၊ အပွနာဇောကို မရသဖြင့် ရဟန္တာ မဖြစ်သောကြောင့် ကြိယာဇောလည်း မရနိုင်ခေ။

အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်ကို ဝိပါကန္တရာယ်ဟု ဆိုရခြင်း

အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေတည်နေစကပင် ဉာဏ်နှင့် မယှဉ်သောကြောင့် ဉာဏသမ္မယုတ်ဝိပါက်စိတ်ကို မရကုန်၊ ဤသို့ အမောဟဟိတ်မပါသည့် ပဋိသန္ဓေဝိပါက်စိတ်တို့သည် ဈာန် မဂ် ဖိုလ်ကို တားမြစ်အပ်သော ပဋိသန္ဓေမျိုးစေ့ဖြစ်နေသောကြောင့် ဒွိဟိတ် အဟိတ်ပဋိသန္ဓေကို ဝိပါကာဝရဏ (ဈာန် မဂ် ဖိုလ်ကို မရစေနိုင်သောဝိပါက်) ဟု ခေါ်သည်၊ ၎င်းပဋိသန္ဓေဝိပါက်စိတ်သည်ပင် ဝိပါကန္တရာယ် မည်လေသည်။

သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ မရနိုင်သော ဝိပါက်စိတ်နှင့် ရနိုင်သော ဝိပါက်စိတ်

သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် မူလပဋိသန္ဓေ၏ ချို့တဲ့သည်အဖြစ်ကြောင့် ဉာဏသမ္မယုတ်မဟာဝိပါက်စိတ်ကို မရကုန်၊ ၎င်းပုဂ္ဂိုလ်တို့သည် ပဝတ္တိတဒါရုံ ဖြစ်သောအခါ၌မူ အထူးထူးသောကံကြောင့် ဉာဏဝိပွယုတ်စိတ်တို့ ဖြစ်ကုန်၏။

(သဟိတ်ဘဝင်သည် အဟိတ်ဘဝင်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏-ဟု ပဋ္ဌာန်းပါဦးတော်၌ ဟောတော်မူသောကြောင့် အဟိတ်ပုဂ္ဂိုလ်တို့အား ပဝတ္တိအခါ အထူးထူးသောကံကြောင့် ဒွိဟိတ်တဒါရုံသည် ဖြစ်သင့်၏၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့အား ကား ဆိုဖွယ်မရှိ၊ သို့သော် မူရင်းပဋိသန္ဓေ၏ချို့သည်အဖြစ်ကြောင့် ဒွိဟိတ် အဟိတ် ပုဂ္ဂိုလ် ၂-ဦးတို့အား တိဟိတ်တဒါရုံဖြစ်ခြင်း မရှိ။)

သေက္ခပုဂ္ဂိုလ်တို့ မရသောဇော

(၁) အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့သည် သောတာပတ္တိမဂ်ခဏကပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ပယ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာသမ္မယုတ်စိတ် ၁-ပါးတို့ကို မရကုန်။

(၂) အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒေါသမူဇောတို့ကိုလည်း မရကုန်၊

(၃) ထို့ပြင် သေက္ခပုဂ္ဂိုလ်တို့သည် အသေက္ခပုဂ္ဂိုလ်တို့အားသာ အသီးအခြား ဖြစ်ကုန်သော ကြိယာဇောတို့ကိုလည်း မရနိုင်ကြချေ။

အသေက္ခပုဂ္ဂိုလ်တို့ မရသောဇော

အသေက္ခပုဂ္ဂိုလ်တို့သည် တဏှာတည်းဟူသော အကြောင်းရင်းကို ပယ်ပြီးဖြစ်သောကြောင့် ကုသိုလ်ဇော၊ အကုသိုလ်ဇောတို့ မရကုန်။

အရိယာများသာ ရသောဇော

လောကုတ္တရာဇော ၈-ပါးတို့သည် ထိုက်သည်အားလျော်စွာ အရိယာပုဂ္ဂိုလ် ၈-ယောက်အားသာလျှင် ဖြစ်ကုန်၏။

မဂ်ဇော ၄-ပါးတို့၏ စိတ္တက္ခဏ ၁-ချက်နှင့်သာ ယှဉ်သည်အဖြစ်ကြောင့် မိမိမဂ်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့အား မဖြစ်၊ ထို့ကြောင့် မဂ်ဇော ၄-ပါးသည် ဆိုင်ရာမဂ်ပုဂ္ဂိုလ်၌သာ ဖြစ်၏။

အောက်အောက်အရိယာပုဂ္ဂိုလ်တို့အား အထက်အထက်ဖြစ်သော သမာပတ်ကို မရအပ်သောကြောင့်လည်းကောင်း၊ အထက်အထက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် အောက်အောက်မဂ်တို့ဖြင့် အကြွင်းမဲ့ မဖြတ်အပ်သေးသော ကံ-ကိလေသာတို့

ကို အကြွင်းမဲ့ဖြတ်ခြင်းဖြင့် သောတာပန်အဖြစ်မှ သကဒါဂါမ်အဖြစ် စသည်တို့သို့ ရောက်၍ အောက်အောက်အမည်များ ငြိမ်းအေးပျောက်ကွယ် သွားသောကြောင့် လည်းကောင်း ဖိုလ်ဇော ၄-ပါးတို့သည် ဆိုင်ရာဖိုလ်ပုဂ္ဂိုလ်၌သာ ဖြစ်ကုန်၏။

(အဘိဓမ္မာ "ပုဂ္ဂိုလ်စိတ်ရ-စိတ်ပုဂ္ဂိုလ်ရ" ဇယားနှင့် မှတ်စုကို ပြန်လေ့လာပါ။)

ဘူမိဝိဘာဂ-ဘုံ၌စိတ်ရ

(အဘိဓမ္မာ "ဘုံ၌ စိတ်ရ" ဇယားနှင့်မှတ်စုကို ပြန်လေ့လာပါ။)

ကာမာဝစရဘုံ၌ စိတ်ရ

ကာမာဝစရဘုံ၌ အလုံးစုံသောဝီထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။

(ကာမဘုံ၌ ဒွါရ ၆-ပါးလုံးနှင့် ပုဂ္ဂိုလ် ၁၂-ယောက်လုံး ဖြစ်နိုင်သောကြောင့် အလုံးစုံသောဝီထိစိတ်တို့ကို ရနိုင်ပါသည်။)

ရူပါဝစရဘုံ၌ စိတ်ရ

အသညသတ်ကြဉ်သော ရူပဘုံ-ဘုံ၌ ၆၄-ပါးသောဝီထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရကြကုန်၏။

(၁) ရူပဘုံ၌ ဒေါသဖြစ်ရန် အကြောင်းဖြစ်သော အနိဋ္ဌာရုံ မရှိသောကြောင့်ဘုံ၏ အစွမ်းဖြင့် ဒေါသဇော မဖြစ်။

(၂) တဒါရုံကား ကာမဘုံ၌သာ ဖြစ်သောကြောင့် ရူပဘုံ၌ မဖြစ်။

(၃) ကာမဂုဏ်အာရုံကို စက်ဆုပ်ခံရှာသော ဘာဝနာ၏အစွမ်းဖြင့် ဃာန၊ ဇိဝှါ၊ ကာယဝိညာဏ်စိတ်များ မဖြစ်။

အရူပါဝစရဘုံ၌ စိတ်ရ

အရူပဘုံ၌ ဝီထိစိတ် ၄၂-ပါးတို့ကို ထိုက်သည်အားလျော်စွာ ရကြကုန်၏။

(၁) အရူပဘုံ၌ ရုပ်မရှိ၊ နာမ်ချည်းသက်သက်ဖြစ်၍ တရားတော်နာရန် သောတပသာဒရုပ် မရှိသောကြောင့် သောတာပတ္တိမဂ်စိတ် မဖြစ်။

(၂) ဘာဝနာ၏အစွမ်းဖြင့် ရူပါဝစရတရားတို့ကို ပယ်အပ်သောကြောင့် ရူပါဝစရစိတ်တို့ မဖြစ်ကုန်။

(၃) ရုပ်မရှိသောကြောင့် ဟတိတုပ္ပါဒ်စိတ်လည်း မဖြစ်။

(၄) ဘာဝနာအစွမ်းဖြင့် ဖြစ်သောကြောင့် အောက်အောက်အရူပစိတ်တို့လည်း မဖြစ်။

အသညသတ်ဘုံ၌ စိတ်မဖြစ်ရခြင်း

အသညသတ်ပြဟ္မာကြီးများကား နာမ်တရားများကို အပြစ်မြင်၍ ဘာဝနာ၏အစွမ်းအားဖြင့် ပယ်ထားသောကြောင့် နာမ်တရားများသည် ဘယ်အခါမျှ မဖြစ်ချေ။

ရူပဘုံ၌ အကုသလဝိပါက် စက္ခုသောတဝိညာဏ်နှင့် သမ္ပဋိစ္ဆိုင်းသန္တီရဏာတို့ ရနိုင်ခြင်းမေး။ ။ ရူပဘုံ၌ အနိဋ္ဌာရုံ မရှိသောကြောင့် အကုသလဝိပါက် စက္ခု သောတဝိညာဏ်နှင့် သမ္ပဋိစ္ဆိုင်း သန္တီရဏစိတ်တို့ မရနိုင်သည် မဟုတ်ပါလော။

ရူပဘုံ၌ အနိဋ္ဌာရုံ မရှိသော်လည်း ရူပဘုံမှ ဤလူ့ပြည်ကို ကြည့်ရှုကြသော ပြဟ္မာတို့အား အနိဋ္ဌာရုံသည် ဖြစ်နိုင်သောကြောင့် ရူပပြဟ္မာဘုံ၌လည်း အကုသလဝိပါက် စက္ခုဝိညာဏ် သောတဝိညာဏ်နှင့် သမ္ပဋိစ္ဆိုင်း ၁-ပါး၊ သန္တီရဏစိတ် ၁-ပါးတို့ ဖြစ်နိုင်ပါသည်။

ဝီထိပိုင်း နိဂုံး

ထိုထိုသောဒွါရတို့၌လည်းကောင်း ထိုထိုသောဘဝတို့၌လည်းကောင်း ဖြစ်သင့်သည့်အားလျော်စွာ ပဋိသန္ဓေမှနောက်၌ ဘဝကို စွဲလမ်းသည့်အစွမ်း (ဘဝနိကန္တိက-

လောဘဇောအစွမ်း) ဖြင့်ဖြစ်သော မနောဒွါရဝီထိစိတ်မှ စ၍ စုတိစိတ် ဆုံးသည်တိုင် အောင်လည်းကောင်း၊ ထိုစုတိစိတ်မှ ရှေ့၌ဖြစ်သော ဘဝင်အဆုံးရှိသည်တိုင်အောင် လည်းကောင်း နိရောဓသမာပတ် မဖြစ်သည်ရှိသော် ဝီထိစိတ်တို့သည် ဘဝင်ခြား သည်ဖြစ်၍ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်လေသည်။

ဝီထိပိုင်းပြီး၏

ဒီဃိမုတ်ပိုင်း

စတုက္က ၄-ပါး

၁။ ဘူမိစတုက္က၊
၂။ ပဋိသန္ဓိစတုက္က၊
၃။ ကမ္မစတုက္က၊
၄။ မရဏုပ္ပတ္တိစတုက္က ဟူ၍ စတုက္က ၄-ပါးရှိ၏။

၁။ ဘူမိစတုက္က

ဘုံတို့သည် အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ ဟူ၍ လေးပါးအပြား ရှိ၏။

၁။ အပါယ်ဘုံ = အပါယ + ဘူမိ
= ကောင်းမှုဟု သမုတ်အပ်သော ကုသိုလ်မှ များသောအားဖြင့် ကင်းတတ်သောကြောင့် **အပါယ်(အပါယ)** မည်၏။
= ထိုအပါယ်သည်ပင် သတ္တဝါတို့၏ဖြစ်ရာ ဖြစ်သောကြောင့် **ဘုံ(ဘူမိ)** မည်၏။
= ကောင်းမှုဟု သမုတ်အပ်သောကုသိုလ်မှ များသောအားဖြင့် ကင်းတတ်၍ သတ္တဝါတို့၏ဖြစ်ရာ ဖြစ်သောဘုံသည် **အပါယ်ဘုံ** မည်၏။
(အနည်းငယ်အားဖြင့်ကား နဂါး ဂဠုန်စသော တိရစ္ဆာန်တို့အား ကုသိုလ်ကောင်းမှု ဖြစ်သေး၏။)

၂။ ကာမသုဂတိဘုံ = ကုသိုလ်ကောင်းမှုပြုသောသူတို့ ရောက်အပ်သောကြောင့် **ဂတိ** မည်၏၊ တင့်တယ်မြင့်မြတ်သောဂတိ ဖြစ်သောကြောင့် **သုဂတိ** မည်၏၊ ကာမတဏှာနှင့်တကွဖြစ်သော သုဂတိသည် **ကာမ**

သုဂတိ မည်၏၊ ကာမသုဂတိသည်ပင် ဘုံဖြစ်သောကြောင့် **ကာမသုဂတိဘုံ** မည်၏။

= ကာမတဏှာနှင့်တကွဖြစ်ပြီး ကုသိုလ်ကောင်းမှုပြုသောသူတို့ ရောက်အပ်သော တင့်တယ်မြင့်မြတ်သည့် ဂတိဖြစ်၍ သတ္တဝါတို့၏ဖြစ်ရာဘုံသည် ကာမသုဂတိဘုံ မည်၏။

၃။ ရူပါဝစရဘုံ = ရူပတဏှာနှင့်တကွ ဖြစ်ပြီး ကုသိုလ်ကောင်းမှုပြုသူတို့ ရောက်အပ်သော တင့်တယ်မြင့်မြတ်သည့် ဂတိဖြစ်၍ သတ္တဝါတို့၏ ဖြစ်ရာဘုံ။

၄။ အရူပါဝစရဘုံ = အရူပတဏှာနှင့်တကွ ဖြစ်ပြီး ကုသိုလ်ကောင်းမှုပြုသူတို့ ရောက်အပ်သော တင့်တယ်မြင့်မြတ်သည့် ဂတိဖြစ်၍ သတ္တဝါတို့၏ ဖြစ်ရာဘုံ။

၁။ အပါယ် ၄-ဘုံ

(၁) ငရဲ = ချမ်းသာသုခမှ ကင်းသောကြောင့် **ငရဲ(နိရယ)** မည်၏။

(၂) တိရစ္ဆာန် = လူနတ်တို့ကဲ့သို့ မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော အထက်သို့ တက်ရောက်ခြင်း မရှိ၊ များသောအားဖြင့် အောက်အဖို့ဟု ဆိုအပ်သော ငရဲစသည် ဘဝသို့သာ လားတတ်, ရောက်တတ်သောကြောင့် **တိရစ္ဆာန်** မည်၏။

(သို့သော် ဖားနတ်သားစသော တိရစ္ဆာန်များကား နတ်ပြည်သုဂတိသို့ ရောက်သည်ကို ထောက်၍ ယေဘုယျနည်းအားဖြင့်သာ ဆိုအပ်၏-ဟု မှတ်။)

ယောနိ(ဘုံ) = သတ္တဝါတို့သည် ရောယှက်မှု မရှိကြသော်လည်း ဇာတ်တူသဖြင့် ရောယှက်သကဲ့သို့ အတူတကွ ခန္ဓာတို့၏ဖြစ်ခြင်းသည် **ယောနိ(ဘုံ)** မည်၏။

တိရစ္ဆာနယောနိ= တိရစ္ဆာန်တို့၏ဘုံသည် **တိရစ္ဆာနယောနိ** မည်၏။

(၃) **ပေတ(ပြိတ္တာ)** = ချမ်းသာမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် **ပေတ (ပြိတ္တာ)** မည်၏။

ပေတ္တိဝိသယ = ပေတတို့၏ဘုံသည် **ပေတ္တိဝိသယ** မည်၏။

(ဤနိရယစသော သဒ္ဒါတို့တွင် "တိရစ္ဆာနယောနိ, ပေတ္တိဝိသယ" သဒ္ဒါဖြင့် ခန္ဓာတို့ကိုသာလျှင် ဘုံဟု ယူခြင်း ဖြစ်၏။ အဘယ့်ကြောင့် ခန္ဓာကိုသာ ဘုံဟု ယူရပါသနည်းဟူမူ ထိုတိရစ္ဆာန်နှင့် ပြိတ္တာတို့အား ထိုသို့သဘောရှိသော ပိုင်းခြားထားသောအရပ် မရှိသောကြောင့်တည်း၊ တစ်နည်းကား - ထိုတိရစ္ဆာန်နှင့် ပြိတ္တာတို့သည် တောခြေတောင်ခြေစသောအရပ်၌ အမြဲနေထိုင်ကုန်၏၊ ထိုသို့ သဘောရှိသော တည်ရာ၏အစွမ်းဖြင့် အရပ်ကိုလည်း ယူအပ်၏။)

(၄) **အသုရာ** = အစိုးရသည်အဖြစ်, မြူးတူးခြင်း အစရှိသည်တို့ဖြင့် မမြူးတူးတတ်ကုန်သောကြောင့် 'ပြိတ္တာအသုရာ'တို့သည် **အသုရာ** မည်ကုန်၏။

(ပြိတ္တာအသုရာ = ကာလကဉ္စိက အသုရာ)

= ပြိတ္တာအသုရာမှ တစ်ပါးကုန်သော 'နတ်အသုရာ'တို့သည်ကား တာဝတိံသာနတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် **အသုရာ** မည်ကုန်၏။

(နတ်အသုရာ = တာဝတိံသာနတ်အနွယ်ဖြစ်သော ဝေပစိတ္တိ အသုရာ၊ စာတုမဟာရာဇိနတ်အနွယ်ဖြစ်သော ဝိနိပါတိက အသုရာ)

အသုရကာယ = ပြိတ္တာအသုရာတို့၏ဘုံသည် အသုရကာယ မည်၏။

တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တို့သည် ဇရဲဘုံကဲ့သို့ ဘုံသီးခြား မရှိချေ။

(က) ၎င်းတို့၏ ခန္ဓာတို့၏ဖြစ်ခြင်းသည်ပင် ဘုံ မည်၏။

(ခ) တစ်နည်း - ၎င်းတို့နေထိုင်ရာ တော, တောင်စသည်ပင်လျှင် ဘုံ မည်၏။

~ ~

၂။ ကာမသုဂတိ ၇-ဘုံ

(၁) **လူ(မနုဿ)** = သတိစသော လောကုတ္တရာဂုဏ်ထူး၊ ရဲရင့်သောဂုဏ်ထူး ရဟန်းပဉ္စင်း ဖြစ်နိုင်သော ဂုဏ်ထူးတို့ဖြင့် မြတ်သောစိတ် ရှိသောကြောင့် **မနုဿ(လူ)** မည်၏။

ထို့ကြောင့် လွန်မြတ်သောသတိ, လွန်မြတ်သောပညာ အစရှိသော ဂုဏ်ထူးသို့ ရောက်ကုန်သော မြတ်စွာဘုရားအစရှိသော အရှင်တို့သည်လည်း လူဖြစ်သောသူတို့သာတည်း။

(ဤဝိဂြိုဟ်၌ ဇမ္ဗူဒီပ်ကျွန်း၌ နေကုန်သော သူတို့သည်သာလျှင် **မုချအားဖြင့် လူ** မည်ကုန်၏။ ထို ဇမ္ဗူဒီပ်၌နေသောသူတို့နှင့် တူသောရုပ်စသည် ရှိသည်အဖြစ်ကြောင့် ကျွန်းငယ်တို့၌ နေသောသူတို့နှင့် တစ်ပါးသော ကျွန်းကြီးတို့၌ နေသော သူတို့ကိုလည်း **ဥပစာအားဖြင့် လူ**-ဟူ၍ပင် ဆိုအပ်ကုန်၏။)

လောကီသဒ္ဒါဆရာကြီးတို့သည်ကား မနု မည်သော ကမ္ဘာဦးအစ မင်း၏သား ဖြစ်ကုန်သောကြောင့် မနုဿ မည်ကုန်၏ ဟု ဆိုကြကုန်၏။

= လူတို့၏နေရာ, ဖြစ်ရာသည် **လူ့ဘုံ** မည်၏။

(၂) **စာတုမဟာရာဇ်** = နတ်မင်းကြီးလေးယောက်တို့၌ ခစားတတ်သောကြောင့်လည်းကောင်း၊ နတ်မင်းကြီးလေးယောက်တို့၏ နေရာအရပ် ဖြစ်သောကြောင့်လည်းကောင်း **စာတုမဟာရာဇ်နတ် (စာတုမဟာရာဇိက)**မည်၏။

= စာတုမဟာရာဇ်နတ်တို့၏နေရာ ဖြစ်သောကြောင့် **စာတုမဟာရာဇ်ဘုံ** မည်၏။

(၃) **တာဝတိံသာ** = မာယလုလင်နှင့်တကွ ကောင်းမှုပြုဖက် သုံးကျိပ်သုံးယောက်တို့သည် **တာဝတိံသ (တေတ္တိံသ)** မည်၏။

= ၎င်းသုံးကျိပ်သုံးယောက်သော တာဝတိံသာနတ်တို့၏ နေရာဖြစ်သောကြောင့် **တာဝတိံသာဘုံ** မည်၏။

(၄) **ယာမာ** = ပူပန်ထန်ပြင်း ဆင်းရဲခြင်းအဝဝတို့မှ ကင်းလွတ်၍ နတ်၌ ဖြစ်သော ချမ်းသာအဝဝတို့နှင့် ပြည့်စုံစွာ ခံစားရသောကြောင့် **ယာမာ** မည်၏။

= ယာမာနတ်တို့၏ နေရာ ဖြစ်ရာသည် **ယာမာဘုံ** မည်၏။

(၅) **တုသိတာ** = မိမိ၏စည်းစိမ်ရိပ်ငြိမ် အထွေထွေအသရေနှင့် ပြည့်စုံ၍ နှစ်သက်ခြင်းသို့ ရောက်တတ်သောကြောင့် **တုသိတာ** မည်၏။

= တုသိတာနတ်တို့၏နေရာဖြစ်ရာသည် **တုသိတာဘုံ** မည်၏။

(၆) **နိမ္မာနရတိ** = မိမိတို့ဖန်ဆင်းအပ်သော နတ်ဘုံနတ်နန်း၌ မွေ့လျော်တတ်သောကြောင့် **နိမ္မာနရတိ** မည်၏။

= နိမ္မာနရတိနတ်တို့၏ နေရာ ဖြစ်ရာသည် **နိမ္မာနရတိဘုံ** မည်၏။

(၇) **ပရနိမ္မိတဝသဝတ္တိ** = သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ၌ မိမိအလိုသို့ လိုက်စေတတ်သောကြောင့် **ပရနိမ္မိတဝသဝတ္တိ** မည်၏။

= ပရနိမ္မတဝသဝတ္တိနတ်တို့၏နေရာ ဖြစ်ရာသည် **ပရနိမ္မိတ-ဝသဝတ္တိဘုံ** မည်၏။

~ ~

၃။ ရူပါဝစရ ၁၆-ဘုံ

(၁) **ပထမဈာန် ၃-ဘုံ** = ပထမဗြဟ္မာသုံးဦးတို့၏ မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသော တူမျှသော ဘုံအပြင်။

ဗြဟ္မပါရိသဇ္ဇာ = မဟာဗြဟ္မာတို့၏ အလုပ်အကျွေးပရိသတ်ဖြစ်သောကြောင့် **ဗြဟ္မပါရိသဇ္ဇာ** မည်၏။

ဗြဟ္မပုရောဟိတာ = မဟာဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌ တည်သောကြောင့်

ပြဟ္မပုရောဟိတ မည်၏။

ပြဟ္မာ = စျာန်အစရှိကုန်သော ထိုထိုဂုဏ်ထူးတို့ဖြင့် ကြီးပွါးကုန်သောကြောင့် **ပြဟ္မာ** မည်ကုန်၏။
(တစ်နည်း) စျာန်အဘိညာဉ်ကို ရသည့်အတွက် အထက် ပြဟ္မာဘုံတို့၌ အသက်ရှည်စွာ ချမ်းချမ်းသာသာနေရခြင်း စသောဂုဏ်တို့ဖြင့် လူနတ်တို့ထက် မြင့်မြတ်သာလွန်သော သူများကို **ပြဟ္မာ** ဟု ခေါ်၏။

မဟာပြဟ္မာ = ပြဟ္မပါရိသဇ္ဇာ ပြဟ္မပုရောဟိတတို့ထက် အသက်ရှည်ခြင်း အဆင်းလှခြင်း စသည်တို့ဖြင့် မြင့်မြတ်သောကြောင့် **မဟာပြဟ္မာ** မည်၏။

(၂) **ဒုတိယစျာန် ၃-ဘုံ** = ဒုတိယပြဟ္မာသုံးဦးတို့၏ အထူးသဖြင့် မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသော တူမျှသောဘုံအပြင်။

ပရိတ္တာဘာ = အပွမာဏာဘာ အာဘာသရာတို့အောက် နည်းသော အရောင်အလင်း ရှိသောကြောင့် **ပရိတ္တာဘာ** မည်၏။

အပ္ပမာဏာဘာ = အတိုင်းအရှည် မရှိသောအရောင် ရှိသောကြောင့် **အပ္ပမာဏာဘာ** မည်၏။

အာဘာသရာ = အရောင်သည် ကိုယ်မှထွက်၍ ထိုမှဤမှ ထွက်ကာ ထွန်းလင်းတတ်သောကြောင့် **အာဘာသရာ** မည်၏။

(၃) **တတိယစျာန် ၃-ဘုံ** = တတိယပြဟ္မာသုံးဦးတို့၏ အထူးသဖြင့်မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော တူမျှသောဘုံအပြင်။

ပရိတ္တာသုဘာ = အထက်ဘုံ၌ဖြစ်သော ပြဟ္မာတို့အောက် နည်းသော တစ်ခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ရှိသောကြောင့် **ပရိတ္တာသုဘာ** မည်၏။

အပ္ပမာဏသုဘာ = အတိုင်းအရှည် မရှိသော တစ်ခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သောကိုယ်ရောင် ရှိသောကြောင့် **အပ္ပမာဏသုဘာ** မည်၏။

သုဘကိဏ္ဏာ = တစ်ခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သောကိုယ်ရောင်တို့ဖြင့် ထက်ဝန်းကျင်ပြွမ်းသောကြောင့် **သုဘကိဏ္ဏာ** မည်၏။

(၄) **စတုတ္ထဈာန် ၇-ဘုံ** = (ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ)

= ဝေဟပ္ဖိုလ်နှင့် အသညသတ် ပြဟ္မာ ၂-ဦး၏ အထူးသဖြင့် အလွန်မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော, တူမျှသောဘုံအပြင်သည် **စတုတ္ထဈာန်ဘုံ** မည်၏။

ဝေဟပ္ဖိုလ် = ဈာန်၏အာနုဘော်ကြောင့်ဖြစ်သော ကြီးကျယ်ပြန့်ပြောသောအကျိုး ရှိသောကြောင့် **ဝေဟပ္ဖိုလ်** မည်၏။

အသညသတ် = သညာ၌ ခွဲရှာစက်ဆုပ်သောဘာဝနာ၏အစွမ်းဖြင့် သညာနှင့်တကွသော နာမ်ခန္ဓာတို့၏ မရှိသောကြောင့် **အသညာ** မည်၏။

ထိုသညာမရှိသောပြဟ္မာတို့သည်သာလျှင် သတ္တဝါလည်း မည်ကုန်သောကြောင့် **အသညသတ္တ** မည်၏။

= (တစ်နည်း) သညာ၌ ခွဲရှာစက်ဆုပ်သောဘာဝနာ၏အစွမ်းဖြင့် သညာနှင့်တကွသော နာမ်ခန္ဓာတို့၏ မရှိသောကြောင့်လည်းကောင်း၊ သတ္တဝါလည်း ဖြစ်သောကြောင့်လည်းကောင်း **အသညသတ်** မည်၏။

အဝိဟာဘုံ = အနည်းငယ်သောကာလအားဖြင့် မိမိနေရာဌာနကို မစွန့်တတ်သော ပြဟ္မာတို့၏နေရာ ဖြစ်သောဘုံ။

အတပ္ပါဘုံ = တစ်စုံတစ်ခုသောအကြောင်းဖြင့် ပူလောင်ခြင်း မရှိသော ပြဟ္မာတို့၏နေရာဖြစ်သောဘုံ။

သုဒဿာဘုံ = မြတ်သော ကောင်းသောအဆင်း ရှိ၍ ချမ်းသာသဖြင့် ကြည့်အပ်သော ပြဟ္မာတို့၏နေရာ ဖြစ်သောဘုံ။

သုဒဿီဘုံ = အလွန်ပင်စင်ကြယ်သော စက္ခုဝိညာဏ်ရှိ၍ ချမ်းသာစွာ မြင်နိုင်သော ပြဟ္မာတို့၏နေရာ ဖြစ်သောဘုံ။

အကနိဋ္ဌဘုံ = လွန်ကဲသော စည်းစိမ်ဂုဏ်သိရ် ရှိသဖြင့် စည်းစိမ်ဂုဏ်သိရ်သေးငယ်မှု မရှိသော ပြဟ္မာတို့၏နေရာ ဖြစ်သောဘုံ။

သုဒ္ဓါဝါသဘုံ = ဤဘုံငါးပါးသည် ကာမရာဂါနုသယ, ပဋိဃာနုသယတို့ မရှိသဖြင့်အလွန်စင်ကြယ်တော်မူကြသော အနာဂါမ်နှင့် ရဟန္တာအရှင်တို့၏နေရာ ဖြစ်သောကြောင့် **သုဒ္ဓါဝါသဘုံ** မည်၏။

~ ~

၄။ အရူပါဝစရ ၄-ဘဝ်

အာကာသာနဉ္စာယတန

ကသိုဏ်း ၉-ပါးမှ ခွါ၍ ရအပ်သော ကောင်းကင်ပညတ်သည် အာကာသာနဉ္စာယတနစျာန်၏လည်းကောင်း၊ ပဋိသန္ဓေဖြစ်သော ပထမစျာန်ဝိပါက်နာမက္ခန္ဓာ၏ လည်းကောင်း တည်ရာဖြစ်သောကြောင့် **အာကာသာနဉ္စာယတနဘုံ** မည်၏။

(တစ်နည်း) အာကာသာနဉ္စာယတနကုသိုလ်စျာန်စိတ်သည်လည်းကောင်း၊ ပဋိ-သန္ဓေဖြစ်သော အာကာသာနဉ္စာယတနဝိပါက်စိတ်သည်လည်းကောင်း မိမိနှင့်သမွယုတ် ဖြစ်သောတရားတို့၏မှီရာ ဖြစ်သောကြောင့် အာကာသာနဉ္စာယတနဘုံ မည်၏။

(ကြွင်း အရူပဘုံများကိုလည်း နည်းတူသိပါ။)

~ ~

ဘုံ၌ ပုဂ္ဂိုလ်ရ

သုဒ္ဓါဝါသဘုံ၌ မရအပ်သောပုဂ္ဂိုလ်

ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ကို မရနိုင်။

အသညသတ်နှင့် အပါယ် ၄-ဘုံ၌ မရအပ်သောပုဂ္ဂိုလ်

အရိယာပုဂ္ဂိုလ် ၈-ယောက်တို့သည် မဖြစ်ကုန်။ (ပုထုဇဉ်ပုဂ္ဂိုလ်တို့သာ ရှိသည်။)

ကျန် ၂၁-ဘုံ၌ ရအပ်သောပုဂ္ဂိုလ်

ပုထုဇဉ်ပုဂ္ဂိုလ် ၃-ယောက်တို့သည်လည်းကောင်း၊ အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း ဖြစ်ကုန်၏။

၂။ ပဋိသန္ဓိစတုက္က

ပဋိသန္ဓေတို့သည် အပါယ်ပဋိသန္ဓေ, ကာမသုဂတိပဋိသန္ဓေ, ရူပပဋိသန္ဓေ, အရူပပဋိသန္ဓေဟူ၍ လေးပါးအပြား ရှိ၏။

၁။ အပါယ်ပဋိသန္ဓေ = အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါးသည် အပါယ်၄-ဘုံသားတို့၏ပဋိသန္ဓေ မည်၏။

၂။ ကာမသဂတိပဋိသန္ဓေ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါး + မဟာဝိပါက်စိတ် ၈-ပါး ပေါင်း ၉-ပါးသည် ကာမသုဂတိဘုံသားတို့၏ပဋိသန္ဓေ မည်၏။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် ကာမဘုံ၌ ပဋိသန္ဓေအားဖြင့် ကန်းသောသူ အစရှိကုန်သောလူတို့အားလည်းကောင်း၊ ဘုမ္မဇိဝ်းနတ်တို့ကို မှီ၍ ဖြစ်ကုန်သော ဝိနိပါတိကအသုရာတို့အားလည်းကောင်း ပဋိသန္ဓေ, ဘဝင်, စုတိ၏အစွမ်းဖြင့် ဖြစ်၏။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြသူများ

(၁) ဇစ္စန္ဓပုဂ္ဂိုလ် = ပဋိသန္ဓေ ၄-မျိုးတွင် -
သံသေဒဇပဋိသန္ဓေ ဥပပါတ်ပဋိသန္ဓေ၂-ပါးဖြင့် ပဋိသန္ဓေတည်နေသောသူတို့အား ပဋိသန္ဓေခဏ၌ စက္ခုနှင့်တကွဖြစ်သင့်လျက် စက္ခုမဖြစ်သောပုဂ္ဂိုလ်သည် **ဇစ္စန္ဓပုဂ္ဂိုလ်** မည်၏။

အက္ကာလဝဒိုသန္ဓေ ဇလာဗုလဝဒိုသန္ဓေ ၂-ပါးဖြင့် ပဋိသန္ဓေတည်နေသောသူတို့အား သတ္တမသတ္တာဟ စက္ခုဖြစ်ခြိန်ကာလ၌ အကုသိုလ်ကံ တားမြစ်သောကြောင့် စက္ခုမဖြစ်သောပုဂ္ဂိုလ်သည် **ဇစ္စန္ဓပုဂ္ဂိုလ်** မည်၏။ (အဘိဓမ္မာအလို ၁၁-သတ္တာဟ။)

အပရေဆရာတို့သည်ကား ဇစ္စန္ဓပုဂ္ဂိုလ်ဟူသည် အဓိဝမ်းတွင်း၌ပင်လျှင် ကန်းသောသူတည်း၊ အဓိဝမ်းတွင်း၌ ကန်းသည်ဖြစ်၍ ဖွားသောသူတည်း-ဟု ဆိုကြကုန်၏။

(၂) **ဇစ္စဗဓိရ** = ပဋိသန္ဓေအားဖြင့် သောတပသာဒ ချို့သောသူ။ (နားပင်းသောသူ။)

(၃) **ဇစ္စဃာန** = ပဋိသန္ဓေအားဖြင့် ဃာနပသာဒ ချို့သောသူ။

(မှတ်ချက် - ကာမပဋိသန္ဓေအားဖြင့် ဇိဝှါပသာဒ မချို့ကောင်းပေး)

(၄) **ဇစ္စမူဂ** = ပဋိသန္ဓေအားဖြင့် အ, သောသူ။

(၅) **ဇစ္စဇဋ** = ပဋိသန္ဓေအားဖြင့် ဆွံ့သောသူ။

(၆) **ဇစ္စမွတ္တက** = ပဋိသန္ဓေအားဖြင့် စိတ်ဖောက်ပြန်သော ဝမ်းတွင်းရူးသူ။

(၇) **ပက္ကာက(ပက္ကုက်)** = ကာမဂုဏ်ခံစားလိုသောကြောင့် ပန်းစုတ်ခြင်း စသောယုတ်မာသောအမှုမျိုးကို ပြုလုပ်မှ ကာမဂုဏ်ခံစားနိုင်သောသူ။

(၈) **ဥဘတောဗျဉ္ဇနက (ဥဘတောဗျည်း)** = ယောကျ်ားပေါက်ဖြစ်၊ မိန်းမပေါက်ဖြစ် ဖြစ်ပျက်ပြောင်းလဲ၍ ယောကျ်ားဖြစ်တုံ မိန်းမဖြစ်တုံ၊ ယောကျ်ားမိန်းမတို့၏ နိမိတ်အင်္ဂါ အစုံရှိသောသူ။

(၉) **နပုံသက(နပုန်း)** = ယောကျ်ားမဟုတ် မိန်းမမဟုတ် နှစ်ပါးစုံမှ လွတ်၍ လိင် ၂-ပါးမှ ကင်းသောသူ။

(၁၀) **မမ္မ(မမ်းစွဲသူ)** = စကားပြောဆိုရာ၌ စကား ၁-လုံး ၁-လုံးကို အလွန်အားထုတ်၍ ပြောဆိုရ၏၊ ထိုသို့ ပြောဆိုပါသော်လည်း ချောချောပြေပြေ မရှိ၊ ထစ်ထစ်ငေါ့ငေါ့ ပြောဆိုသောသူ။

(၁၁) ဘုမ္မသိတနတ် = တန်ခိုးကြီးမားသော ရုက္ခဇိုဝ်း, ဘုမ္မဇိုဝ်းနတ်တို့ကို မှီခို၍ နေကြရသောကြောင့် **ဘုမ္မသိတနတ်** မည်၏။

ထိုနတ်တို့သည် မိမိကိုယ်ပိုင် ဘုံဗိမာန်များ မရှိကြသဖြင့် တောချုံပုတ်တို့၌လည်းကောင်း၊ လျှိုရိုးမျှောင်ရိုးတို့၌လည်းကောင်း၊ လိုဏ်အို, ဂူအို, ကျောင်းပျက်, ကန်ပျက်, သုသာန်စသည်တို့၌လည်းကောင်း မှီခိုကပ်ရပ်၍ ဆင်းရဲစွာ နေကြရသောနတ်မျိုး ဖြစ်သည်၊ ယခုကာလ၌ **တစ္ဆေ, သူရဲ**ဟု သတ်မှတ်ခေါ်နေကြ၏။

ထိုဘုမ္မသိတဖြစ်သော တစ္ဆေ, သူရဲ စသော နတ်တို့သည် ချမ်းသာအပေါင်းမှ ရွေ့လျော်တတ်, ကင်းကွာတတ်သောကြောင့် **ဝိနိပါတိကအသုရာ** မည်ကုန်၏။

မဟာဝိပါက်စိတ် ၈-ပါးသည် ကာမသုဂတိဘုံ၌သာ ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်းဖြင့် ဖြစ်ကုန်၏။

မဟာဝိပါက်စိတ် ၈-ပါး ဖြင့် ပဋိသန္ဓေနေကြသူများ

(၁) ဒွိဟိတ်ပုဂ္ဂိုလ် = မဟာဝိပါက်စိတ် ၈-ပါးတို့တွင် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးဖြင့် ပဋိသန္ဓေတည်နေသော နတ်, လူများသည် အလောဘဟိတ်, အဒေါသဟိတ် ၂-ပါးသာ ရှိသောကြောင့် **ဒွိဟိတ်ပုဂ္ဂိုလ်** မည်၏။

(၂) တိဟိတ်ပုဂ္ဂိုလ် = ဉာဏသမ္ပယုတ်စိတ် ၄-ပါးဖြင့် ပဋိသန္ဓေတည်နေသော နတ်, လူများသည် အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ၃-ပါး ရှိသောကြောင့် **တိဟိတ်ပုဂ္ဂိုလ်** မည်၏။

လူနှင့် အပါယ်ပုဂ္ဂိုလ် စသည်တို့၏ သက်တမ်း

ဥပေက္ခာသန္တီရဏစိတ်-၂, မဟာဝိပါက်စိတ်-၈ ပေါင်း ၁၀-ပါးသော ပဋိသန္ဓေနှင့်ယှဉ်ကုန်သော ကာမဘုံသားတို့တွင် အပါယ်ဘုံသား, လူနှင့် ဝိနိပါတိကအသုရာ

တို့၏ အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၌ မြဲခြင်း မရှိချေ။

ထိုအပါယ်ဘုံသား, လူနှင့် ဝိနိပါတိကအသုရာတို့အား ကုသိုလ်ကံ အကုသိုလ်ကံသည် မကုန်သေးသမျှ ကာလပတ်လုံး စုတေခြင်း မရှိ၍ ၎င်းတို့၏ ကံသာလျှင် ပမာဏဖြစ်သောကြောင့် အသက်ရှည်သူ ရှည်၍ တိုသူ တိုကြကုန်၏။ အသက်အတိုင်း အရှည် အရေအတွက် မမြဲကုန်။

ထို့ကြောင့် အခြို့သောဘုမ္မဒိုဝ်းနတ်တို့သည် ၇-ရက်မျှသာ အသက်ရှည်၍ အခြို့မှာ အာယုကပ်ပတ်လုံး တည်ကြကုန်၏။ လူတို့မှာလည်း တစ်ခါတစ်ရံ အသခေ်ယျ အသက်ရှည်၍ တစ်ခါတစ်ရံ ၁၀-နှစ်မျှသာ အသက်ရှည်ကြကုန်၏။

"ယော စိရံ ဇီဝတိ၊ သော ဝဿသတံ ဇီဝတိ၊ အပ္ပံ ဝါ ဘိယျော ဒုတိယံ ဝဿသတံ နာ ပါပုဏာတိ"(အကြင်သူသည် ရှည်မြင့်စွာသောကာလပတ်လုံး အသက်ရှည်၏။ ထိုသူသည် အနှစ်-၁၀၀ ပတ်လုံး အသက်ရှည်၏၊ အနည်းငယ် အနှစ်-၁၀၀ ထက် လွန်သောကာလပတ်လုံးသော်လည်း အသက်ရှည်တတ်၏) ဟူသော ဤစကားသည် ယခုကာလ၌ဖြစ်ကုန်သော လူတို့ကို ရည်၍ ဆိုအပ်သောစကား ဖြစ်၏။

စာတုမဟာရာဇ်နတ်သက်

စာတုမဟာရာဇ်နတ်တို့၏သက်တမ်းသည် လူတို့၏အရေအတွက်အားဖြင့် အနှစ် ၉-သန်း ဖြစ်၏။ လူတို့၏ အနှစ် ၅၀-သည် စာတုမဟာရာဇ်နတ်တို့၌ ၁-ရက် ဖြစ်၏။ ထိုရက် ၃၀-သည် နတ်တို့၌ ၁-လဖြစ်၏။ ထိုနှစ်ပေါင်း ၅၀၀-သည် စာတုမဟာရာဇ်နတ်တို့၏အသက် ဖြစ်လေသည်။

တာဝတိံသာ စသော အထက်အထက်နတ်တို့၏အသက်

တာဝတိံသာ စသော အထက်အထက်နတ်တို့သည် အောက်အောက်နတ်တို့ထက် ရက်, လ, နှစ် အားဖြင့် ၂-ဆ သာ၏, ကြီး၏၊ အသက်တမ်းအားဖြင့်လည်း ၂-ဆ သာလွန်၏။

ဤသို့ ရက်, လ, နှစ်အားဖြင့် ၂-ဆ သာလွန်သော ရက်၂-ဆတက်၊ အသက်တမ်းနှစ်အားဖြင့် ၂-ဆ ပိုကဲသာလွန်သော နှစ်၂-ဆတက်အားဖြင့် ၄-ဆတက် **စတုဂ္ဂုဏ** ဖြစ်၏။

လွန်ပုံမှာ **ရက်အားဖြင့်** -

လူတို့၏အနှစ် ၅၀-သည် စာတုမဟာရာဇိနတ်တို့၏ ၁-ရက် ဖြစ်သည်၊ စာတုမဟာရာဇိနတ်တို့၏ ၁-ရက်ဖြစ်သော အနှစ် ၅၀-ကို ၂-ဆတက်၍လွန်၏။

လူတို့၏အနှစ် ၁၀၀-မှာ တာဝတိံသာနတ်တို့၏ ၁-ရက်သာ ဖြစ်သောကြောင့် တာဝတိံသာနတ်တို့သည် စာတုမဟာရာဇိနတ်တို့ထက် ရက်အားဖြင့် ၂-ဆသာ **ဒီဂုဏာ** ဖြစ်၏။

အသက်တမ်းအားဖြင့်လည်း -

စာတုမဟာရာဇိနတ်တို့၏ အသက်တမ်းသည် ၅၀၀ ဖြစ်သဖြင့်၊ ၎င်း ၅၀၀ ထက် ၂-ဆလွန်သော အနှစ် ၁၀၀၀-သည် တာဝတိံသာနတ်တို့၏အသက် ဖြစ်၍ အသက်တမ်းအားဖြင့်လည်း ၂-ဆသာ ၂-ဆတက် **ဒီဂုဏာ** ဖြစ်၏။

ဤသို့ ရက်၂-ဆတက်၊ အသက်တမ်း ၂-ဆလွန်ကို ပေါင်းသော် **စတုဂ္ဂုဏာ** ၄-ဆတက် ဖြစ်၏။

~ ~

၃။ ရူပပဋိသန္ဓေ (အဘိဓမ္မာအတိုင်း သိပါ။)

ဒုတိယစျာန်ဘုံ ပဋိသန္ဓေ

ဒုတိယစျာန်နှင့်ယှဉ်သော ဝိပါက်စိတ်သည်လည်းကောင်း၊ တတိယစျာန်နှင့်ယှဉ်သော ဝိပါက်စိတ်သည်လည်းကောင်း ဒုတိယစျာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ၏အစွမ်းဖြင့် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ပဌမကနည်းအရ (မန္ဒပုဂ္ဂိုလ်၌) စျာန် ၅-ပါး, ဝိပါက် ၅-ပါး ပြားနေသော်လည်း စတုတ္ထကနည်းအရ (တိက္ခပုဂ္ဂိုလ်၌) စျာန် ၄-ပါး, ဝိပါက် ၄-ပါးမျှသာ ဖြစ်၍ ၎င်းပဌကနည်း၌ ဒုတိယစျာန် တတိယစျာန် ဝိပါက်သည် စတုတ္ထကနည်း၌ ဒုတိယစျာန်ဝိပါက်ပင် ဖြစ်သောကြောင့် စတုတ္ထကနည်းပေါ် မူတည်၍ ဒုတိယစျာန်ဘုံ၌သာ အကျိုးပေးလေသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ဒုတိယစျာန်ဝိပါက်စိတ် တတိယစျာန်ဝိပါက်စိတ်တို့သည် ဒုတိယစျာန်ဘုံ၌ အကျိုးပေး၏-ဟူသောစကားသည် စတုတ္ထကနည်း၏အစွမ်း

ဖြင့် ဆိုသောစကား ဖြစ်လေသည်။

ကု-စျာန်		ဝိပါက်		ဘုံ
ပဋ္ဌကနည်း	စတုတ္ထနည်း	ပဋ္ဌကနည်း	စတုတ္ထနည်း	
ပ-စျာန် ကု	ပ-စျာန်ကု	ပ-စျာန်ဝိ	ပ-စျာန်ဝိ	ပ-စျာန် ၃-ဘုံ
ဒု+တ-စျာန်ကု	ဒု-စျာန်ကု	ဒု+တ-စျာန်ဝိ	ဒု-စျာန်ဝိ	ဒု-စျာန် ၃-ဘုံ
စ-စျာန်ကု	တ-စျာန်ကု	စ-စျာန်ဝိ	တ-စျာန်ဝိ	တ-စျာန် ၃-ဘုံ
ပဋ္ဌ-စျာန်ကု	စ-စျာန်ကု	ပဋ္ဌ-စျာန်ဝိ	စ-စျာန်ဝိ	စ-စျာန် ၇-ဘုံ

ပထမစျာန်ပြဟ္မာတို့၏သက်တမ်းကို မဟာကပ်ဖြင့် မယူဘဲ အသင်္ခ်ေယျကပ် (အန္တရကပ် ၆၄-ကပ်)ဖြင့် ယူရခြင်းအကြောင်း

ပထမစျာန် ၃-ဘုံတို့သည် မီးဖြင့်ဖျက်သော မဟာကပ်၊ ရေဖြင့်ဖျက်သော မဟာကပ်၊ လေဖြင့်ဖျက်သော မဟာကပ်ဟု မဟာကပ် ၃-မျိုး ရှိရာတွင် ကမ္ဘာပျက်တိုင်း အမြဲပါဝင်သည်ဖြစ်၍ ၎င်းပြဟ္မာတို့၏သက်တမ်းသည် ပြည့်စုံသော မဟာကပ် (ကမ္ဘာ)၌ မဖြစ်သင့်သောကြောင့် မဟာကပ်ဖြင့် မယူဘဲ မဟာကပ်၏ ၄-ပုံ ၁-ပုံ ပမာဏရှိသော အသင်္ခ်ေယျကပ်ဖြင့်သာ ယူရသည်။

အသင်္ခ်ေယျကပ် ပမာဏ

အသင်္ခ်ေယျကပ်တစ်ခု၏ အသက်အတိုင်းအရှည်မှာ အလျား ၁-ယူဇနာ၊ အနံ ၁-ယူဇနာရှိသော မုန်ညင်းစေ့တို့ကို ပုံထား၍ ထိုအပုံထဲမှ အနှစ် တစ်ရာ တစ်ရာ လွန်သောအခါ တစ်စေ့ တစ်စေ့ကို ယူပစ်၍ ထိုမုန်ညင်းစေ့အပုံကြီးသည် ကုန်သွားသော်လည်း ကုန်ခြင်းသဘော မရှိသော မဟာကပ်တစ်ကပ်၏ ၄-ပုံ ၁-ပုံပမာဏ ရှိ၏။

ထိုအသင်္ခ်ေယျကပ်၌ အန္တရကပ် ၆၄-ကပ် ရှိ၏၊ ကေစိဆရာတို့က အန္တရကပ် ၂၀-ရှိ၏ဟု ဆိုကြ၏။

(ကပ် ၄-ကပ်နှင့် ကမ္ဘာဖြစ်ပုံပျက်ပုံ အဓိပ္ပါယ်များ အဘိဓမ္မာ၌ ပြန်လေ့လာပါ။)

၄။ အရူပပဋိသန္ဓေ (အဘိဓမ္မာအတိုင်း သိပါ။)

~ ~

တစ်ဘဝ၌ တူရသောတရား ၃-ပါး

ဘဝတစ်ခုဌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် ဘူမိ, ဇာတိ, သမ္ဗယုတ္တဓမ္မ, သခ်ိဳရ, အာရုံအားဖြင့် ယထာရဟ တူညီကြ၏။

တူညီပုံမှာ -

(၁) ပဋိသန္ဓေစိတ်သည် ကာမပဋိသန္ဓေဖြစ်အံ့၊ ဘဝင်နှင့် စုတိစိတ်တို့သည်လည်း ကာမဘဝင်, ကာမစုတိတို့သာ ဖြစ်ရကုန်၏။ (ဘုံတူပုံ)

(၂) ပဋိသန္ဓေစိတ်သည် ဝိပါက်အဟ္မာကတဖြစ်အံ့၊ ဘဝင်နှင့် စုတိစိတ်တို့သည်လည်း ဝိပါက်အဟ္မာကတဇာတ်သာ ဖြစ်ရကုန်၏။ (ဇာတ်တူပုံ)

(၃) ပဋိသန္ဓေစိတ်သည် ဖဿစသော စေတသိက်နှင့် ယှဉ်သည်ဖြစ်အံ့၊ ဘဝင်နှင့် စုတိစိတ်တို့သည်လည်း ဖဿစသော စေတသိက်နှင့်သာ ယှဉ်ရကုန်၏။ (သမ္ဗယုတ္တဓမ္မ တူပုံ)

(၄) ပဋိသန္ဓေစိတ်သည် အသခ်ိဳရိကဖြစ်အံ့၊ ဘဝင်နှင့် စုတိစိတ်တို့သည်လည်း အသခ်ိဳရိကသာ ဖြစ်ရကုန်၏။ (သခ်ိဳရတူပုံ)

(၅) ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုသည်ဖြစ်အံ့၊ ဘဝင်နှင့် စုတိစိတ်တို့သည်လည်း ကံကိုသာ အာရုံပြုရကုန်၏။ (အာရုံတူပုံ)

၃။ ကမ္မစတုက္က

၁။ ကိစ္စစတုက္က (ကံ၏လုပ်ငန်းဆောင်ရွက်ပုံ ၄-ပါး)

(၁) ဇနကံ = ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် စေတနာ။
(ဖြစ်စေခြင်းလုပ်ငန်း)

(၂) ဥပတ္ထမ္ဘကံ = ဇနကံကိုလည်းကောင်း၊ ဇနကံ၏အကျိုးကို လည်းကောင်း ပဝတ္တိအခါ၌သာ မြဲမြံခိုင်ခံ့တည်တံ့အောင် ထောက်ပံ့တတ်သော ကုသိုလ်, အကုသိုလ် စေတနာ။
(ထောက်ပံ့ခြင်းလုပ်ငန်း)

(၃) ဥပဝိဋ္ဌကံ = ဇနကကံကိုလည်းကောင်း၊ ဇနကကံ၏အကျိုးကို လည်းကောင်း ပဝတ္တိအခါ၌သာ အားနည်းခိုက်ခဲ့ မဖွဲ့ဖြိုးအောင် နှိပ်စက်ညှဉ်းပန်းတတ်သော ကုသိုလ်, အကုသိုလ် စေတနာ။ **(နှိပ်စက်ခြင်း လုပ်ငန်း)**

(၄) ဥပယာတကကံ = အားနည်းသောဇနကကံ၏ ဖြစ်စေတတ်သော အစွမ်းသတ္တိကို ဖြတ်၍ ပဝတ္တိ,ပဋိသန္ဓေ ၂-ပါးလုံး၌ မိမိ၏အကျိုးကို ပေးသော ကုသိုလ်, အကုသိုလ် စေတနာ။ **(ဖြတ်ခြင်းလုပ်ငန်း)**

ဇနကကံနှင့် ဥပယာတကကံတို့၏ အထူး

အဌကထာဆရာအလို ဇနကကံသည် ကံတစ်ပါး၏အကျိုးကို မတားမြစ်ဘဲ မိမိ၏အကျိုးကို ပေးတတ်၏၊ ဥပယာတကကံသည်ကား ကံတစ်ပါး၏အကျိုးကို ဖြတ်၍ မိမိ၏အကျိုးကို ပေး၏။ ဤသို့ ထူး၏။

အပရေဆရာအလို ဥပယာတကကံသည် ကံတစ်ပါး၏အကျိုးကို ဖြတ်၍ တစ်ပါးသောကံ၏အကျိုးပေးခွင့်ကို ပြု၏၊ မိမိမူကား အကျိုးမပေး၊ ဤသို့ ဇနကကံနှင့် ဥပယာတကကံတို့၏အထူးကို ဆိုကြ၏။

~ ~

၂။ ပါကဒါနပရိယာယစတုက္က (အကျိုးပေးပုံ အလှည့်အကြိမ်နှင့်စပ်သော ကံ ၄-ပါး)

(ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံအဓိပ္ပါယ်များ အဘိဓမ္မာအတိုင်း သိပါ။)

အကျိုးပေးပုံ အလှည့်အကြိမ်

ကံ ၄-ပါးလုံးသည် အကြင်ပုဂ္ဂိုလ်၌ ရှိအံ့၊ **ဂရုကံ**သည် ရှေးဦးစွာ စုတိ၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေး၏၊ အာသန္နကံစသော ကံသည် ရှိသော်လည်း အနည်းငယ်သောရေကို လွှမ်းမိုး၍သွားသော ကြီးစွာသောရေအယဉ်ကဲ့သို့ ဂရုကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေး၏၊ ယင်းကံ မရှိခဲ့သော် **အာသန္နကံ**သည် အကျိုးပေးလေ၏၊ ယင်းအာသန္နကံ မရှိခဲ့သော် **အာစိဏ္ဏကံ**သည် အကျိုးပေးလေ၏၊ ယင်းအာစိဏ္ဏကံ မရှိခဲ့လျှင် **ကဋတ္တာကံ**သည် အကျိုးပေးလေသည်။

ဤသို့အားဖြင့် ကံ ၄-ပါးသည် အလှည့်အစဉ်အတိုင်း အကျိုးပေးသော ကြောင့် ပါကဒါနပရိယာယကံဟု ဆိုအပ်၏။

အာသန္နကံနှင့် အာစိဏ္ဏကံတွင် အာသန္နကံက ရှေးဦးစွာ အကျိုးပေးရခြင်း အကြောင်း (အဘိဓမ္မာဝတာရ စသော ဆရာတို့အလို)

ဂရုကံမှ တစ်ပါးကုန်သော ကုသိုလ်, အကုသိုလ်ကံတို့သည် ရှိကုန်သော်လည်း သေခါနီးကာလ၏ နီးသည်၏အဖြစ်ကြောင့် အာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေးလေသည်။

ဥပမာ - နွားအပေါင်းနှင့်ပြည့်သော ခြံ၏တံခါးကို ဖွင့်သည်ရှိသော် နောက် အဖို့၌ ဆုံးမအပ်သောနွား, အားရှိသောနွားတို့ ရှိကုန်သော်လည်း အကြင်နွားသည် ခြံတံခါး၏ အနီး၌တည်၏။ ထိုနွားသည် ယုတ်စွအဆုံး နွားအိုကြီးပင် ဖြစ်စေကာမူ ခြံတံခါးနှင့် နီးသဖြင့် ရှေးဦးစွာ ထွက်လာသကဲ့သို့ပင် ဖြစ်လေသည်။

~ ~

၃။ ပါကကာလစတုက္က (အကျိုးပေးရာ အခ်ိန်ကာလနှင့်စပ်သော ကံ ၄-ပါး)

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ခံစားရန် အကျိုးပေးသော ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။ ဥပမာ-သစ်ပင်ပျိုသည် အားနည်း၍ လေပွင့်မျှကို ပေးပြီး အသီးမပေးသကဲ့သို့ ပဝတ္တိအကျိုးကိုသာ ပေးခြင်း။

(၂) ဥပပဇ္ဇဝေဒနီယကံ = အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ ခံစားရန် ပဋိသန္ဓေ အကျိုးပေးသော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။

(၃) အပရာပရိယာယ-ဝေဒနီယကံ = တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်ရသည် ရှိသော် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးကို ပေးသော အလယ်ဇော ၅-ချက် စေတနာသည် အပရာပရိယာယဝေဒနီယကံ မည်၏။

(၄) အဟောသိကံ = ထို ဒိဋ္ဌမမွဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယာယဝေဒနီယကံတို့သည် အကြောင်းမသင့် အခွင့်မသာသဖြင့် မိမိတို့ဆိုင်ရာဆိုင်ရာ ကာလအားလျော်စွာ အကျိုးမပေးကြပါဘဲ အလိုလိုသုဉ်း၍ သုဉ်း၍ သွားသောကံမျိုးသည် အဟောသိကံ မည်၏။
(ဖြစ်ပြီးသည်သာလျှင် ဖြစ်သောကံမျိုး၊ အကျိုးပေးပြီးလည်း မဟုတ်, အကျိုးပေးဆဲလည်း မဟုတ်, အကျိုးပေးလတ္တံ့လည်း မဟုတ်သောကံမျိုးကို အဟောသိကံဟု ဆိုရပါသည်။)

ဒိဋ္ဌမမွဝေဒနီယကံ အကျိုးပေးပုံ

ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် မနှိပ်စက်ခြင်းကြောင့်လည်းကောင်း အကြောင်းအထူးဖြင့် ရအပ်သော သတ္တိထူးရှိခြင်းကြောင့်လည်းကောင်း **အားရှိသည်အဖြစ်သို့ ရောက်သော ကုသိုလ်ဇော, အကုသိုလ်ဇော အစဉ်ဝယ် -**

ဝုဏ်အထူးနှင့် ယှဉ်သော ဘုရားအစရှိသည်တို့၌ ကျေးဇူးပြုခြင်း, ကျေးဇူးမဲ့ကို ပြုခြင်း၏အစွမ်းဖြင့် ဖြစ်သောကြောင့်လည်းကောင်း၊ အာသေဝနပစ္စည်းကို မရ၍ နည်းသောအကျိုး ရှိသည်အဖြစ်ကြောင့်လည်းကောင်း၊ တစ်ပါးသော ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယာယဝေဒနီယကံ နှစ်ပါးကဲ့သို့ ရှေးက်ကြောင့်ဖြစ်သော ဖြစ်ဆဲခန္ဓာအစဉ်၏ချုပ်ခြင်းကို ငဲ့သောကံ, အကျိုးပေးခွင့်ရခြင်းကို ငဲ့သောကံတို့သည် မဖြစ်ပေ၊ ထို့ကြောင့် သစ်ပင်ပျိုသည် လေပွင့်မျှကို ပေးသကဲ့သို့ (အသီးကို မပေးသကဲ့သို့) ဤပစ္စုပ္ပန်အတ္တဘောဌ်ပင်လျှင် ပဝတ္တိအကျိုးမျှ ဖြစ်သော အဟိတ်အကျိုးကို ပေးပါသည်။

ပါကကာလကံ မည်ပုံ

ဒိဋ္ဌမမွဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ, ဥပပဇ္ဇဝေဒနီယကံသည် ပစ္စုပ္ပန်ကာလမှ အခြားမဲ့ဖြစ်သော ဒုတိယဘဝကာလ, အပရာပရိယာယဝေဒနီယကံသည် တတိယ

ဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အမှတ်မရှိသောကာလ, အဟောသိကံသည် ဆိုအပ်ပြီးသောကာလ မရှိခြင်း, လွန်ခြင်းဟု ဆိုအပ်သောကာလ - ဤသို့ အကျိုးပေးသောကာလ, အကျိုးမပေးသောကာလတို့ကို အကြောင်းပြု၍ အမည်ရသောကံမျိုးကို ပါကကာလကံဟု ဆိုလိုသည်။

~ ~

၄။ ပါကဌာနစတုက္က (အကျိုးပေးရာ ဘုံဌာနနှင့်စပ်သော ကံ ၄-ပါး)

ပဋိသန္ဓေအကျိုးပေးရာဖြစ်သော ကာမာဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံဌာနကို အကြောင်းပြု၍ အမည်ရသော ကံမျိုးကို ပါကဌာနကံဟု ဆိုသည်၊ ပါက - ဌာန(ပဋိသန္ဓေအကျိုးပေးရာ ဘုံဌာနနှင့်စပ်သော)ကံ ၄-ပါးမှာ အကုသိုလ်ကံ, ကာမာ -ဝစရကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံ, အရူပါဝစရကုသိုလ်ကံတို့ ဖြစ်ကြသည်။

ကမ္မဒွါရ ၃-ပါး

ကံ၏ဖြစ်ရာအကြောင်းသည် **ကမ္မဒွါရ** မည်၏၊ ကာယကံ စသော ကံ ၃-ပါးသည် ကမ္မဒွါရကို အကြောင်းပြု၍ အမည်ရသောကံမျိုး ဖြစ်၍ **ကမ္မဒွါရကံ**ဟု ဆိုလိုသည်။

ကာယဒွါရ = ကာယဝိညတ်ရုပ်သည် ကာယကံ ၃-ပါး၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ကာယဒွါရ မည်၏။

ဝစီဒွါရ = ဝစီဝိညတ်ရုပ်သည် ဝစီကံ ၄-ပါး၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဝစီဒွါရ မည်၏။

မနောဒွါရ = စိတ် ၈၉-ပါးသည် အနန္တရစသော ပစ္စည်းတပ်၍ နောက်နောက်သော မန(စိတ်)၏အကြောင်းဖြစ်သောကြောင့် မနောဒွါရ မည်၏။

(၁) အကုသိုလ်ကံ (အကုသိုလ်စေတနာ ၁၂-ပါး)

အကုသိုလ်ကံသည် ကာယကံ ဝစီကံ မနောကံ ဟူ၍ **ကမ္မဒွါရ၏အစွမ်းအားဖြင့်** ၃-ပါးအပြား ရှိ၏။

(က) အကုသိုလ်ကာယက် ၃-ပါး

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ဤ ၃-ပါးသောက်တို့သည် ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌ များသောအားဖြင့် ဖြစ်ခြင်းကြောင့် ကာယက် မည်၏။

ပါဏာတိပါတ - ဇီဝိတိန္ဒြေကို ဖြေးဖြေး မကျစေဘဲ လျင်မြန်စွာ ကျစေခြင်းသည် ပါဏာတိပါတ မည်၏။

တရားကိုယ်အားဖြင့် - ပါဏဟူသည် ပညတ်အားဖြင့် သတ္တဝါသာတည်း၊ ပရမတ်အားဖြင့် ဇီဝိတိန္ဒြေတည်း။

(၁) ထိုဇီဝိတိန္ဒြေသတ္တဝါ၌၊ (၂) သတ္တဝါဟု အမှတ်ရှိသောသူတို့၏၊ (၃) ဇီဝိတိန္ဒြေကို ဖြတ်တတ်သော ကာယ-ဝစီပယောဂကို ဖြစ်စေတတ်သော၊ (၄) သန္နိဋ္ဌာပ သတ္တမဇောစေတနာ (သေစေလိုသောစေတနာ)သည် ပါဏာတိပါတ မည်၏။

အဒိန္နာဒါန - အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းသည် အဒိန္နာဒါန မည်၏။

(၁) သူတစ်ပါးဥစ္စာ၌၊ (၂) သူတစ်ပါးဥစ္စာဟု အမှတ်ရှိသောသူ၏၊ (၃) ထိုသူတစ်ပါးဥစ္စာကို ယူတတ်သော ကာယ-ဝစီပယောဂကို ဖြစ်စေတတ်သော၊ (၄) ခိုးယူကြောင်းဖြစ်သောစေတနာသည် အဒိန္နာဒါန မည်၏။

ကာမေသုမိစ္ဆာစာရ - မထုန်ကို လွန်ကျူးခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်း၍ ကျင့်ခြင်းဟု ဆိုအပ်သော ယုတ်မာသောအကျင့်သည် ကာမေသု-မိစ္ဆာစာရ မည်၏။

(၁) မထုန်မှီဝဲသည် အစွမ်းအားဖြင့်၊ (၂) ကာယဒွါရ၌ ဖြစ်သော၊ (၃) မသွားလာအပ်သောအရာကို၊ (၄) ကျူးလွန်ကြောင်းဖြစ်သောစေတနာသည် ကာမေသုမိစ္ဆာစာရ မည်၏။

မှတ်ချက် ။ ။ ရသာရုံဟု ဆိုအပ်သော ကာမတို့၌ မှားယွင်းလွန်ကျူးသော အကျင့်ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရနှင့် သဘောတူသောကြောင့်

လည်းကောင်း၊ ပါဏာတိပါတစသော ကံ ၄-ပါး၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း **သုရာပါန(သုရာသောက်ခြင်း)**ကို ကာမေသုမိစ္ဆာစာရ၌သာ ပေါင်း၍ ဆိုအပ်၏။

ကာယဝိညတ် - မိမိ၏ အတွင်းသဘော အလိုဆန္ဒကို လှုပ်ရှားမှု အပြုအမူအားဖြင့် သိစေနိုင်သော အမူအရာထူး။
= ကံအထမြောက်ကြောင်းဖြစ်သော ကမ္မဒ္ဓါရ (ကာယဒ္ဓါရ)။

ဝစီဝိညတ် = မိမိ၏အတွင်းသဘော အလိုဆန္ဒကို ပြောဆိုသောစကားသံအားဖြင့် သိစေနိုင်သော အမူအရာထူး။
= ကံအထမြောက်ကြောင်းဖြစ်သော ကမ္မဒ္ဓါရ (ဝစီဒ္ဓါရ)။

ဝိညတ်သည် ကံ၏အကြောင်း ဖြစ်ပုံ

ကံနှင့်တကွဖြစ်သော စိတ္တုပ္ပါဒ်သည်သာလျှင် ဝိညတ်ကို ဖြစ်စေအပ်သောကြောင့် ထိုအရင်းခံဖြစ်သောကံကိုသာ ဝိညတ်၏ဖြစ်ကြောင်းဟု ဆိုသင့်ပါသော်လည်း ထိုကံနှင့်တကွဖြစ်သောစိတ္တုပ္ပါဒ်ကြောင့် ဝိညတ်ဖြစ်မှသာ ထိုဝိညတ်ကို ဖြစ်စေတတ်သော ကံ၏ ကာယကံ, ဝစီကံ ဟူသောအမည်သည် ဖြစ်၏။ ထို့ကြောင့် ဝိညတ်ကိုသာ ကံ၏ဖြစ်ကြောင်းဟု ဆိုရ၏။

"ဘဟုလ္လ"သဒ္ဒါ ထည့်ဆိုရခြင်း

"ကာယဒ္ဓါရေ ဝုတ္တိတော"ဟုမျှသာ ဆိုသည်ရှိသော် ကာယဒ္ဓါရ၌ ဖြစ်သောကြောင့် ကာယကံဟူသော အမည်သည် ဖြစ်နိုင်ပါ၏၊ ထိုသို့ ဖြစ်နိုင်သော်လည်း ကံနှင့် ဒ္ဓါရကို မှတ်ခြင်းသည် မဖြစ်နိုင်၊ အဘယ်ကြောင့်ဆိုသော် သူ့အသက်သတ်ခြင်းစသည်ကို နှုတ်ဖြင့် စေခိုင်းသောသူအားလည်း ကာယကံသည် ဝစီဒ္ဓါရ၌ ဖြစ်၏၊ ထို့ကြောင့် **"ဒ္ဓါရဖြင့် ကံကို မှတ်သားခြင်းငှါ မဖြစ်နိုင်"**။

ထို့အတူ မုသားစကားပြောခြင်း စသည်ကို ကိုယ်အမူအရာဖြင့် ပြုသော သူအား ဝစီကံသည် ကာယဒ္ဓါရ၌လည်း ဖြစ်၏၊ ထို့ကြောင့် **"ကံဖြင့် ဒ္ဓါရကို မှတ်သားခြင်းသည် မဖြစ်နိုင်"** ဟူသော စောဒနာသည် ဖြစ်ရာ၏။

ထို့ကြောင့် များသောအားဖြင့် ဖြစ်ခြင်းကို ပိုင်းခြားသတ်မှတ်ပြခြင်း အကျိုးငှါ "ဗာဟုလ္လ" သဒ္ဒါကို ထည့်ဆိုရခြင်း ဖြစ်၏။

(ကာယက်သည် ကာယဒွါရ၌ ဖြစ်သည်ဆိုသော်လည်း အမြဲဖြစ်သည် မဟုတ်၊ များသောအားဖြင့်သာ ဖြစ်သည်၊ အနည်းငယ်အားဖြင့် သေစား သေစေဟု အမိန့်ချသော မင်းစသည်တို့အား ဝစီဒွါရ၌လည်း ဖြစ်သေး၏- ဟူသောအနက်ကို သိစေလိုသောကြောင့် "ဗာဟုလ္လ" သဒ္ဒါကို ထည့်ဆိုရခြင်း ဖြစ်၏။)

ကာယက်သည် ဝစီဒွါရ၌ ဖြစ်သော်လည်း ကာယက် ဟုသာ ဆိုရခြင်း

သူ့အသက်သတ်ခြင်း စသော ကာယက်သည် ကာယဒွါရ၌ များသောအားဖြင့် ဖြစ်၏၊ ဝစီဒွါရ၌လည်း အနည်းငယ် ဖြစ်သေး၏၊ သို့သော် ကာယဒွါရ၌သာလျှင် များသောအားဖြင့် ဖြစ်သောကြောင့် ကာယက်၏အဖြစ်သည် ပြီးပြည့်စုံ၏၊ ဥပမာ - ရွာ၌ လှည့်လည်သွားလာမှုနည်း၍ တောင်ကျက်စားမှု များသောကြောင့် မုဆိုးသည် ရွာ၌ နေစဉ်လည်း တောင် ကျက်စားသူဟု အမည်ရသကဲ့သို့ ဖြစ်၏။

ကာယဒွါရ၌ တစ်ခါတစ်ရံ ဝစီက်, မနောက်တို့လည်း ဖြစ်ပါလျက် ကာယဒွါရဟုသာ ဆိုရခြင်း

ကာယက်သည်သာလျှင် များသောအားဖြင့် ကာယဒွါရ၌ ဖြစ်၏၊ ဝစီက်, မနောက်တို့သည် များသောအားဖြင့် မဖြစ်ကြ၊ ထို့ကြောင့် ကာယက်၏ များသောအားဖြင့် ကာယဒွါရ၌သာလျှင် ဖြစ်သောကြောင့် ကာယကမ္မဒွါရ(ကာယဒွါရ) ဟု ဆိုခြင်း ဖြစ်၏၊ ဥပမာ - ပုဏ္ဏားလူမျိုးအများစု နေထိုင်ရာဖြစ်သောရွာကို ပုဏ္ဏားရွာဟု ခေါ်သကဲ့သို့ ဖြစ်၏။

(ခ) အကုသိုလ်ဝစီက် ၄-ပါး

မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဤလေးပါးသောက်တို့သည် ဝစီဝိညတ်ဟု ဆိုအပ်သော ဝစီဒွါရ၌ များသောအားဖြင့် ဖြစ်ခြင်းကြောင့် ဝစီက် မည်၏။

မုသာဝါဒ - တရားကိုယ်အားဖြင့် မဟုတ်မမှန်သောဝတ္ထု(မုသာ)ကို ဟုတ်မှန်သောအားဖြင့် သူတစ်ပါးကို သိစေလိုသောသူ၏ ထိုသို့ သိစေခြင်းကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် မုသာဝါဒ မည်၏။

ပိသုဏာဝါစာ - သူတစ်ပါးအား အချစ်ပျက်စေ၍ မိမိကို ချစ်စေလိုသဖြင့် သူတစ်ပါးအချစ်ပျက်ခြင်းကို ဖြစ်စေတတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် ပိသုဏာဝါစာ မည်၏။

ဖရုသဝါစာ - သူတစ်ပါး၏ မြတ်နိုးခြင်းကို ဖြတ်တတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော လွန်သွားပမာ ကြမ်းတမ်းသော စေတနာသည် ဖရုသဝါစာ မည်၏။

သမ္ဖပ္ပလာပ - သီတာမိဖုရားကို ဆောင်ခြင်းစသော အကျိုးမရှိသောအနက်ကို သိစေတတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် သမ္ဖပ္ပလာပ မည်၏။

ဝစီကံ ၄-ပါး အဆုံးအဖြတ်

(၁) မုသာဝါဒသည် ... သူတစ်ပါး၏အကျိုးစီးပွါး ပျက်ခြင်းကို ပြုမှသာလျှင် အပါယ်လားကြောင်း မကောင်းမှုကံ မြောက်၏။ (ကမ္မပထဖြစ်၏။) သူတစ်ပါး၏ အကျိုးစီးပွါးကို မဖျက်ဆီးသော မုသာဝါဒသည် ကံသာ ဖြစ်၏။ (ကမ္မပထ မဖြစ်။)

(၂) ပိသုဏာဝါစာ ... နှစ်ယောက်သောသူတို့သည် အချစ်ပျက်ကုန်မှ သာလျှင် ကမ္မပထ မြောက်၏။

(၃) ဖရုသဝါစာ ... သူတစ်ပါးမြတ်နိုးခြင်းကို ဖြတ်တတ်သော ကာယ, ဝစီပယောဂကိုဖြစ်စေတတ်သော၊ စင်စစ်ကြမ်းတမ်းသောစေတနာသည်သာ ဖရုသဝါစာ မည်၏။ (စိတ်နူးညံ့ခြင်း ဖြစ်ပါမူ ဖရုသဝါစာ မမည်။)

(၄) သမ္ဖပ္ပလာပ ... အကျိုးမရှိသောအနက်ကို သိစေသည့်အတိုင်း သူတစ်ပါးတို့သည် အကျိုးစီးပွါးမဲ့ကို ယူမှသာ သမ္ဖပ္ပလာပ မည်၏။

ကမ္မပထ မြောက်၏။ မယုံကြည် လက်မခံ၍ အကျိုးစီးပွါး မပျက်စီးခဲ့လျှင်မူ ကံသာ ဖြစ်၏၊ ကမ္မပထ မဖြစ်ချေ။

(ဂ) အကုသိုလ်မနောက် ၃-ပါး

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဤ သုံးပါးသောကံတို့သည် ကာယဝိညတ်, ဝစီဝိညတ်ကိုကြဉ်၍ စိတ်၌သာလျှင် များသောအားဖြင့် ဖြစ်ခြင်းကြောင့် မနောကံ မည်၏။ (ကာယဒွါရ, ဝစီဒွါရ ၂-ပါး၌ ဖြစ်သော်လည်း အနည်းငယ်ဖြစ်သေး၏။)

အဘိဇ္ဈာ - ဤဥစ္စာသည် ငါ၏ဥစ္စာဖြစ်ပါမူ ကောင်းလေစွဟု သူတစ်ပါး၏ ဥစ္စာစည်းစိမ်ကို ရှေ့ရှုကာ လောဘ၏အစွမ်းဖြင့် ကြံတတ်သောကြောင့် အဘိဇ္ဈာ မည်၏။

ဗျာပါဒ - ထိုအမျက်ဖြင့် စီးပွါးချမ်းသာကို ဖျက်ဆီးတတ်၏၊ ထိုသို့ စီးပွါးချမ်းသာပျက်စီးကြောင်း, စီးပွါးချမ်းသာကို ဖျက်ဆီးကြောင်း ဖြစ်သောကြောင့် ဗျာပါဒ မည်၏။

မိစ္ဆာဒိဋ္ဌိ - ပေးလှူအပ်သော အလှူ၏အကျိုး မရှိဟု ဤသို့စသောနည်းဖြင့် ဖောက်ပြန်သောအားဖြင့် ရှုမြင်တတ်သောကြောင့် မိစ္ဆာဒိဋ္ဌိ မည်၏။

မနောကံ ၃-ပါး အဆုံးအဖြတ်

(၁) အဘိဇ္ဈာသည်... သူတစ်ပါးဥစ္စာကို မိမိသို့ ညွတ်စေမှသာ ကမ္မပထ မြောက်၏။ သူတစ်ပါးဥစ္စာအပေါ်၌ လောဘဖြစ်ရုံ လိုချင်ရုံ သက်သက်ဖြင့် ကမ္မပထ မမြောက်ပါ။

(၂) ဗျာပါဒသည်... တစ်ပါးသောသတ္တဝါ၏ သေကျေပျက်စီးခြင်းကို ကြံစည်မှသာ ကမ္မပထ မြောက်၏၊ ထိုတစ်ပါးသောသတ္တဝါအပေါ်၌ ဒေါသဖြစ်နေရုံမျှဖြင့် ကမ္မပထ မမြောက်ပါ။

(၃) မိစ္ဆာဒိဋ္ဌိအရာ၌... နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိတို့ဖြင့်သာလျှင် ကမ္မပထမြောက်၏၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အတ္တဒိဋ္ဌိတို့မှာမူ ကံသာ ဖြစ်၏၊ ကမ္မပထ မမြောက်။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

ဒေါသမူလကြောင့် ဖြစ်သောကံ

အကုသလကမ္မပထ (၁၀)ပါးတို့တွင် **ပါဏာတိပါတ, ဖရုသဝါစာနှင့် ဗျာပါဒ** တို့သည် ဒေါသမူလကြောင့် ဖြစ်ကုန်၏။ လောဘမူလ စသည်တို့ကြောင့် မဖြစ်ကုန်။

(**ဒေါသမူလ အရ** - ဒေါသဟု ဆိုအပ်သော မူလ, ဒေါသမူလရှိသောစိတ်တို့ကို ကောက်ယူရ၏။)

ထိုစကားမှန်၏ - မင်းတို့သည် ရယ်ရွှင်လျက်လည်း သေမိန့်ပေးရာ၌ ဒေါသမူစိတ်ဖြင့်သာလျှင် သေမိန့်ပေးကြ၏။ လောဘမူစိတ်တို့ဖြင့် သေမိန့်ပေးခြင်း မဖြစ်ကြကုန်၊ ဖရုသဝါစာ, ဗျာပါဒတို့၌လည်း ထို့အတူ မှတ်အပ်၏။

လောဘမူလကြောင့် ဖြစ်သောကံ

ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာနှင့် မိစ္ဆာဒိဋ္ဌိတို့သည် လောဘမူလ(လောဘ)ကြောင့်လည်းကောင်း၊ လောဘမူလရှိသော ယှဉ်ဘက်စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏။

မိစ္ဆာဒိဋ္ဌိသည် လောဘနှင့်ယှဉ်သော ဒိဋ္ဌိတရားကိုယ် ဖြစ်ရပုံ

မိစ္ဆာအယူ၏ မှားသောအားဖြင့် မြဲမြံစွာ စွဲလမ်းအပ်သောဝတ္ထုတို့၌ လောဘ ပြဋ္ဌာန်းသည်သာ ဖြစ်၍ မြဲမြံစွာ စွဲလမ်းတတ်ခြင်းကြောင့် မိစ္ဆာဒိဋ္ဌိသည် လောဘနှင့်ယှဉ်သော ဒိဋ္ဌိပင် တရားကိုယ် ဖြစ်ရကား လောဘမူလနှင့် လောဘမူလရှိသော ယှဉ်ဘက်စိတ်ကြောင့်သာ ဖြစ်ကြကုန်သည်။

လောဘ, ဒေါသကြောင့် ဖြစ်သောကံ

အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပတို့၏ တရားကိုယ်များမှာ လောဘမူ, ဒေါသမူတို့နှင့်ယှဉ်သော စေတနာပင် ဖြစ်ရကား ၎င်းအဒိန္နာဒါနစသော ၄-ပါးတို့သည် ရံခါ လောဘ, ရံခါ ဒေါသ၏အစွမ်းတို့ဖြင့် ဖြစ်ကြကုန်၏။

လောဘ, ဒေါသ မူလနှစ်ပါးကြောင့် အဒိန္နာဒါနဖြစ်ပုံ

အလွန်အလိုရှိအပ်သော ဝတ္ထုကိုလည်းကောင်း၊ အလိုမရှိအပ်သော ဝတ္ထုကိုလည်းကောင်း၊ မိမိငတ်မွတ်ခြင်းစသည်မှ စောင့်ရှောက်ခြင်း၊ ဆွေမျိုးတို့ငတ်မွတ်ခြင်း

စသည်မှ စောင့်ရှောက်ခြင်း အစရှိသောအကျိုးကို ရည်ရွယ်၍ ခိုးယူသောပုဂ္ဂိုလ်၏ အဒိန္နာဒါနသည် လောဘမူကြောင့် ဖြစ်၏။ ရန်ပွါးခြင်းအကျိုးငှာ ခိုးယူသောသူသည် ဒေါသမူကြောင့် ဖြစ်၏။

မောဟမူလကြောင့် အဒိန္နာဒါနဖြစ်ပုံ

နီတိကျမ်းကို လေးစားသမှု ပမာဏပြုသောအားဖြင့် လူဆိုးတို့ကို နှိမ်နှင်းခြင်းအကျိုးငှါ ဒဏ်တပ်၍ ထိုလူဆိုးတို့၏ ဥစ္စာကို ဆောင်ယူကုန်သောမင်းတို့၏ လည်းကောင်း၊ မိမိဥစ္စာဟူသော အမှတ်သညာဖြင့် အမှတ်မရှိ တစ်စုံတစ်ခုသော ဥစ္စာကို ဆောင်ယူကုန်သော ပုဏ္ဏားတို့၏လည်းကောင်း၊ ကံနှင့် ကံ၏အကျိုးကို မယုံကြည်သူတို့၏လည်းကောင်း အဒိန္နာဒါနကံသည် မောဟမူလကြောင့် ဖြစ်၏။

မှတ်ချက် ။ ။ အကုသလကမ္မပထတို့ဖြစ်ရာ၌ မောဟမူလသည် အားလုံးနှင့် ဆက်ဆံသောကြောင့် အထူးပြုတတ်သောတရား မဟုတ်၍ သီးခြားမပြဆိုခြင်း ဖြစ်သည်။

~ ~

(၂) ကာမာဝစရကုသိုလ်ကံ (မဟာကုသိုလ်စေတနာ ၈-ပါး)

ကာမာဝစရကုသိုလ်ကံသည် ၆-ပါးသောအာရုံတို့၌ ကမ္မဒွါရ ၃-ပါးတို့၏ အစွမ်းအားဖြင့် ဖြစ်သော်လည်း ဒါနစသော သုံးပါးအပြားဖြင့်သာ မှတ်၏။

ပုညကြိယာဝတ္ထု ၁၀-ပါး

(၁) **ဒါန** = လှူဖွယ်ဝတ္ထုကို ပေးလှူကြောင်းဖြစ်သောကြောင့် စွန့်ကြဲကြောင်းဖြစ်သော စေတနာသည် ဒါန မည်၏။

(၂) **သီလ** = ကာယကံ ဝစီကံတို့ကို ကောင်းစွာထားတတ်သောကြောင့် သီလ မည်၏၊ (တစ်နည်း) ကုသိုလ်တရားတို့ကို တည်မြဲစေတတ်သောကြောင့် သီလ မည်၏။

(၃) **ဘာဝနာ** = ကုသိုလ်တရားတို့ကို တိုးပွါးစေကြောင်း ဖြစ်သောကြောင့်

စေတနာသည် ဘာဝနာ မည်၏။

(၄) **အပစာယန** = စေတနာဖြင့် ပူဇော်သည် အစွမ်းဖြင့် အရိုအသေကို ပြုတတ်၏၊ ထိုသို့ အရိုအသေပြုကြောင်းဖြစ်သော သတ္တိကြောင့် စေတနာသည် အပစာယန မည်၏။

(၅) **ဝေယျာဝစ္စ** = ထိုထို အပြစ်ကင်းသောကိစ္စကို ပြုခြင်း၌ လုံ့လပြုသောသူ၏အဖြစ်သည် ဝေယျာဝစ္စ မည်၏။

(၆) **ပတ္တိဒါန** = ထိုသဘောတရားဖြင့် မိမိသန္တာန်၌ဖြစ်သော ကောင်းမှုအဖို့ကို ပေးအပ်၏၊ ထိုသို့ပေးကြောင်း ဖြစ်သောကြောင့် စေတနာသည် ပတ္တိဒါန မည်၏။

(၇) **ပတ္တာနုမောဒနာ** = ထိုသဘောတရားဖြင့် ကောင်းမှုအဖို့ကို ဝမ်းမြောက်တတ်၏၊ ထိုသို့ ဝမ်းမြောက်ကြောင်း ဖြစ်သောကြောင့် စေတနာသည် ပတ္တာနုမောဒနာ မည်၏။

(၈) **ဓမ္မဿဝန** = ထိုသဘောတရားဖြင့် တရားကို နာတတ်၏၊ ထိုသို့ နာကြောင်း ဖြစ်သောကြောင့် စေတနာသည် ဓမ္မဿဝန မည်၏။

(၉) **ဓမ္မဒေသနာ** = ထိုသဘောတရားဖြင့် တရားကို ဟောတတ်၏၊ ထိုသို့ ဟောကြောင်းဖြစ်သောကြောင့် စေတနာသည် ဓမ္မဒေသနာ မည်၏။

(၁၀) **ဒိဋ္ဌုကမ္မ** = အယူကို ဖြောင့်စွာပြုခြင်းသည် ဒိဋ္ဌုကမ္မ မည်၏။

ပုညကြိယာဝတ္ထု ၁၀-ပါး အဆုံးအဖြတ်

(၁) **ဒါန** ... အနုသယနှင့်တကွဖြစ်သော ခန္ဓာအစဉ်ရှိသောပုဂ္ဂိုလ်၏ (ရဟန္တာမှတစ်ပါးသောပုဂ္ဂိုလ်တို့၏) သူတစ်ပါးတို့ကို ပူဇော်ခြင်း၊ ချီးမြှောက်ခြင်းကို အလိုရှိသည်အဖြစ်ကြောင့် မိမိ၏ထင်ရှားရှိသောဝတ္ထုကို စွန့်ကြဲသောအစွမ်းဖြင့် ဖြစ်သောစေတနာ (မုဉ္စစေတနာ)သည် ဒါန မည်၏။

ဒါနဝတ္ထု(လှူဖွယ်ဝတ္ထု)ကို ရှာမှီးသည်အစွမ်းဖြင့်လည်းကောင်း၊ လှူအပ်ပြီးသောဒါနကို ဝမ်းမြောက်သောစိတ်ဖြင့် အဖန်တလဲလဲအောက်မေ့သည်အစွမ်းဖြင့်လည်းကောင်း၊ ရှေ့အဖို့၌ဖြစ်သောစေတနာ(ပုဗ္ဗစေတနာ)

နောက်အဖို့၌ ဖြစ်သောစေတနာ (အပရစေတနာ)တို့သည်လည်း ဒါန၌သာလျှင် ပေါင်းယူအပ်၏။

(၂) သီလ... မြဲသောသီလ(နိစ္စသီလ) အစရှိသည်တို့၏အစွမ်းဖြင့် ငါးပါးသီလတို့ကိုလည်းကောင်း၊ ရှစ်ပါးသီလတို့ကိုလည်းကောင်း၊ ဆယ်ပါးသီလတို့ကိုလည်းကောင်း -

(၁) ဆောက်တည်ဆဲသောသူ၏လည်းကောင်း (မုဉ္စစေတနာ)၊

(၂) ဆောက်တည်ပြီးသော သီလနှင့်ပြည့်စုံသောသူ၏လည်းကောင်း (အပရစေတနာ)၊

(၃) မဆောက်တည်မူ၍လည်း ရောက်လာသော ကာယဒုစရိုက်, ဝစီဒုစရိုက်မှ ရှောင်ကြဉ်သောသူ၏လည်းကောင်း၊

(၄) ရှင်သာမဏေပြုသောသူ၏လည်းကောင်း၊

(၅) ပဉ္စင်းခံသော သိမ်အပြင်၌ သီလကို ဆောက်တည်သောသူ၏လည်းကောင်း၊

(၆) စတုပါရိသုဒ္ဓိသီလကိုဖြည့်သောရဟန်း၏လည်းကောင်း- ဖြစ်သောစေတနာသည် သီလ မည်၏။

(၃) ဘာဝနာ ... လေးဆယ်သော သမထကမ္မဋ္ဌာန်းတို့၌လည်းကောင်း၊ ခန္ဓာစသော တေဘူမကအာရုံတို့ကိုလည်းကောင်း အဖန်တလဲလဲ စီးဖြန်းသည်ကို ပြုခြင်း၊ အဖန်တလဲလဲ အနိစ္စစသည်ဖြင့် သုံးသပ်ခြင်းအစွမ်းဖြင့်ဖြစ်သော အပွနာသို့ မရောက်သေးသော ဂေါတြဘုအဆုံးရှိသော စေတနာသည် ဘာဝနာ မည်၏။

အပြစ်ကင်းသောအတတ်အစရှိသည်ကို သင်ကြားသော သောစေတနာသည်လည်း ဘာဝနာ၌သာလျှင် ပေါင်းခြင်းသို့ ရောက်၏။

(၄) အပစာယန ... အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ကြီးကုန်သောသူတို့အား တောင့်တခြင်းကင်းသော, ညစ်ညူး

ခြင်းမရှိသောအလိုဖြင့် ခရီးဦးကြိုဆိုခြင်း၊ နေရာကို ရှေ့ရှု ဆောင်ခြင်း စသည်ဖြင့် ရိုသေမြတ်နိုးခြင်းကို ပြုကြောင်း ဖြစ်သောစေတနာသည် အပစာယန မည်၏။

(၅) ဝေယျာဝစ္စ ... အရွယ်, ဂုဏ်အားဖြင့် ကြီးသောသူတို့၌လည်းကောင်း၊ နာကုန်သောသူတို့၌လည်းကောင်း တောင့်တခြင်းကင်းသော, ညစ်ညူးခြင်းမရှိသော, မြတ်သောအလိုဖြင့် ထိုထိုသို့သောကိစ္စကို ပြုကြောင်းဖြစ်သော စေတနာသည် ဝေယျာဝစ္စ မည်၏။

(၆) ပတ္တိဒါန ... မိမိသန္တာန်၌ဖြစ်သောကုသိုလ်ကံကို သူတစ်ပါးတို့နှင့် ဆက်ဆံသည်အဖြစ်ကို အလိုရှိ၍ မိမိ၌ဖြစ်သောကောင်းမှုအဖို့ကို ပေးလှူကြောင်းဖြစ်သော စေတနာသည် ပတ္တိဒါန မည်၏။

(၇) ပတ္တာနုမောဒနာ.. သူတစ်ပါးတို့၏ ပေးဝေအပ်သည်လည်း ဖြစ်သော, မပေးဝေအပ်သည်လည်း ဖြစ်သော ကောင်းမှုကို ဝန်တိုခြင်းကင်းသော စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်သော စေတနာသည် ပတ္တာနုမောဒနာ မည်၏။

(၈) ဓမ္မသဝန... ဤသို့ ဤတရားကို ကြားနာ၍ ထိုတရား၌ ဟောအပ်သောနည်းဖြင့် ကျင့်သောသူသည် လောကီ, လောကုတ္တရာဂုဏ်အထူး၏အဖို့ ရှိသည် ဖြစ်ရပါလို၏-ဟုလည်းကောင်း၊ အကြားအမြင် ရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားဟောခြင်း စသည်တို့ဖြင့် ချီးမြှောက်အံ့-ဟုလည်းကောင်း၊ ဤသို့ မိမိ၏လည်းကောင်း, သူတစ်ပါး၏လည်းကောင်း အကျိုးစီးပွါးဖြစ်စေခြင်း၏အစွမ်းဖြင့်ဖြစ်သော၊ ညစ်ညူးခြင်း မရှိသော, မြတ်သောအလိုဖြင့် အစီးအပွါးရှိသည်ကို ရည်၍ ကြားနာကြောင်းဖြစ်သော စေတနာသည် ဓမ္မသဝန မည်၏။

အပြစ်ကင်းသော အတတ်ပညာ အစရှိသည်ကို နာကြားသောစေတနာကိုလည်း ဤဓမ္မသဝန၌သာလျှင် ပေါင်းယူအပ်၏။

(၉) ဓမ္မဒေသနာ... လာဘ်ပူဇော်ခြင်း အစရှိသည်တို့၌ မငဲ့ဘဲ အသင့်အားဖြင့် နှလုံးသွင်းသောသူ၏အစီးအပွါးကို ရည်၍ တရားဟော သောစေတနာသည် ဓမ္မဒေသနာ မည်၏။

အပြစ်မရှိသောအတတ် အစရှိသည်ကို သင်ကြားပေး ကြောင်းဖြစ်သော စေတနာသည်လည်း ဤဓမ္မဒေသနာ၌ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

(၁၀) ဒိဋ္ဌဇုကမ္မ ... "ပေးလှူအပ်သော အလှူ၏အကျိုးသည် ရှိ၏" ဤသို့ အစရှိ သောနည်းဖြင့် ဖြစ်သော မှန်ကန်ကောင်းမွန်သော အမြင်၏ အစွမ်းဖြင့် အယူကို ဖြောင့်စွာပြုခြင်းသည် ဒိဋ္ဌဇုကမ္မမည်၏။

မေးခွန်း ။ ။ မှန်ကန်သောဉာဏ်အမြင်ဖြင့် အယူတို့ကို ဖြောင့်စွာပြုခြင်းသည် ဒိဋ္ဌဇုကမ္မမည် ၏-ဟု ဆိုရာ မဟာကုသိုလ်စိတ် ၈-ပါးမှ ဉာဏသမ္ပယုတ်စိတ် ၄-ပါးသာလျှင် ရနိုင်၍ ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးမှာ မရနိုင်သည် မဟုတ်ပါလော။

ဒိဋ္ဌဇုကမ္မအဖြစ် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးကို မရနိုင်သည် မဟုတ်၊ ရထိုက် သည်သာ ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ရှေးအဖို့၌ဖြစ်သော စေတနာ, နောက်အဖို့၌ဖြစ်သော စေတနာတို့ကိုလည်း ပုညကြိယာတို့၌သာလျှင် ပေါင်းယူရ ခြင်းကြောင့် ရထိုက်ပါသည်။

အယူကို ဖြောင့်စွာပြုစဉ်အချိန်၌ ဉာဏသမ္ပယုတ်စိတ်သာလျှင်ဖြစ်သည်မှာ မှန်သော်လည်း ဖြောင့်မှန်အောင် မပြုမီ ရှေ့အဖို့, ပြုပြီး နောက်အဖို့၌ ဉာဏ-ဝိပ္ပယုတ်စိတ်သည်လည်း ဖြစ်သင့်၏၊ ထို့ကြောင့် ဉာဏဝိပ္ပယုတ်စိတ်၏လည်း ဒိဋ္ဌဇုကမ္မအဖြစ်သည် သင့်တော်လျောက်ပတ်သည်သာ ဖြစ်လေသည်။

ပုညကြိယာဝတ္ထု ၁၀-ပါးကို ဒါန, သီလ, ဘာဝနာ၌ သွင်းပုံ

(၁) ဒါန - ပတ္တိဒါန + ပတ္တာနုမောဒနာ

ပတ္တိဒါနနှင့် ပတ္တာနုမောဒနာတို့သည် ပုညကြိယာဝတ္ထု ၁၀-ပါးတို့တွင် ဒါန သဘော ရှိသောကြောင့် (ဒါနနှင့် သဘောချင်း တူသောကြောင့်) ဒါန၌ ပေါင်းခြင်း

သို့ ရောက်ကုန်၏။

တူပုံမှာ - ဒါနသည် ကျွဿာနှင့် မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ပတ္တိဒါနနှင့် ပတ္တာနုမောဒနာတို့သည်လည်း ကျွဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏၊ ဤသို့ တူသောဆန့်ကျင်ဘက် ရှိသည်အဖြစ်အားဖြင့် တူသော လက္ခဏာရှိသောကြောင့် ပတ္တိဒါနနှင့် ပတ္တာနုမောဒနာတို့ကို ဒါနမယ ပုညကြိယာဝတ္ထု၌ ပေါင်းအပ်ကုန်၏။

(၂) သီလ ▪ အပစာယန + ဝေယျာဝစ္စ

အပစာယနနှင့် ဝေယျာဝစ္စတို့သည် စာရိတ္တသီလဖြစ်သောကြောင့် သီလမယဖြစ်သော ပုညကြိယာဝတ္ထု၌ ပေါင်းအပ်ကုန်၏။

(၃) ဘာဝနာ ▪ ဓမ္မဒေသနာ + ဓမ္မဿဝန + ဒိဋ္ဌုကမ္မ

ဓမ္မဒေသနာ, ဓမ္မဿဝနနှင့် ဒိဋ္ဌုကမ္မတို့သည် ကုသိုလ်တရားကို ပွါးစေသောကြောင့် ဘာဝနာမယဖြစ်သော ပုညကြိယာဝတ္ထု၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

အပရေဆရာအလို - တရားဟောသောပုဂ္ဂိုလ်သည်လည်းကောင်း၊ တရားနာသောပုဂ္ဂိုလ်သည်လည်းကောင်း ဒေသနာသို့ အစဉ်လျောက်သဖြင့် ဉာဏ်ကို စေလွှတ်၍ လက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်းသိ၍ ဟောလည်း ဟော၏, နာလည်း နာ၏၊ ထို့ဓမ္မဒေသနာ, ဓမ္မဿဝနတို့သည် ပဋိဝေဓဉာဏ်ကိုသာလျှင် ဆောင်ကုန်၏၊ ထို့ကြောင့် ထိုဓမ္မဒေသနာ, ဓမ္မဿဝနတို့သည် ဘာဝနာမယဖြစ်သော ပုညကြိယာဝတ္ထု၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

ဓမ္မဒေသနာသည် ဒါနမယ ဖြစ်ပုံ

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသောစကားအရ ဓမ္မဒါနသဘောရှိသောကြောင့် ဓမ္မဒေသနာသည် ဒါနမယဖြစ်သော ပုညကြိယာဝတ္ထု၌ ပေါင်းခြင်းသို့ ရောက်၏ဟုလည်း ဆိုနိုင်သည်။ (ဓမ္မဒေသနာ = ဒါန)

ဒိဋ္ဌုကမ္မကို အလုံးစုံသော ပုညကြိယာဝတ္ထုတို့၌ ပေါင်းခြင်း

အလုံးစုံသော ပုညကြိယာဝတ္ထုတို့၏ မှတ်ကြောင်းလက္ခဏာ ရှိသည် အဖြစ်

ကြောင့် ဒိဋ္ဌဇကမ္မသည် အလုံးစုံသော ပုညကြိယာဝတ္ထုတို့၌ ပေါင်းခြင်းသို့ ရောက်နိုင်၏။ (ပုညကြိယာဝတ္ထုတို့သည် ပညာဖြင့် သုတ်သင်အပ်သည် ရှိသော် ကြီးစွာသော မုချအကျိုး, ကြီးစွာသောအကျိုးဆက်တို့ ရှိ၏။)

~ ~

(၃) ရူပါဝစရကုသိုလ်ကံ (ရူပကုသိုလ်စေတနာ ၅-ပါး)

ရူပါဝစရကုသိုလ်သည် ဝိညတ်ကို ဖြစ်စေခြင်း မရှိမူ၍ ကာယဒွါရစသည် တို့၌ မဖြစ်သောကြောင့် မနောကံသာ ဖြစ်၏။

ၛာန်းအပြင် ဒါန အစရှိသည်အစွမ်းဖြင့် မဖြစ်သောကြောင့် (ဒါန, သီလပြုရုံနှင့် မဖြစ်သောကြောင့်) ဘာဝနာမယဖြစ်သော ပုညကြိယာဝတ္ထုဖြစ်၏။

အပွနာစျာန် မရမီ ရှေးအဖို့၌ဖြစ်သော ကုသိုလ်သည် ကာမာဝစရ ကုသိုလ်ချည်းသာ ဖြစ်၍ စျာန်ရမှသာ ရူပကုသိုလ်ဖြစ်ခြင်းကြောင့် ရူပါဝစရကုသိုလ်ဖြစ်၏၊ အပွနာစျာန်သို့ ရောက်သည်။

ဒုက္ခပဋိပဒါဒန္ဓာဘိညာ စသည်ဖြင့် ပဋိပဒါအစရှိသော အပြားအားဖြင့် များသောအပြား ရှိပါသော်လည်း အင်္ဂါလွန်သည်အစွမ်းဖြင့် ဖြစ်စေအပ်သော စျာန်အင်္ဂါအပြားအားဖြင့် ငါးပါးအပြားရှိ၏။

(၄) အရူပါဝစရကုသိုလ်ကံ (အရူပကုသိုလ်စေတနာ ၄-ပါး)

အရူပါဝစရကုသိုလ်ကံသည်လည်း မနောကံသာ ဖြစ်သည်၊ ဘာဝနာဖြင့် ပြီးသည်၊ အပွနာသို့ ရောက်၏၊ ကောင်းကင်အာရုံ စသော ၄-ပါးသော အာရုံတို့၏ အပြားအားဖြင့် ၄-ပါးအပြားရှိ၏။

~ ~

ကံအကျိုးပေးပုံ

(ဘုံပိုင်း ကံအကျိုးပေးဇယား ပြန်လေ့လာရန်။)

အကုသိုလ်ကံ၏ အကျိုးပေးပုံ

ဥဒ္ဓစ္စစေတနာကြောင့်သော အကုသိုလ်ကံ ၁၁-ပါးသည် အပါယ်ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ အလုံးစုံသော အကုသိုလ်ကံ ၁၂-ပါးသည် အကုသလ ဝိပါက်စိတ် ၇-ပါးတို့ကို အလုံးစုံသောကာမဘုံ၌လည်းကောင်း၊ ရူပဘုံ၌လည်းကောင်း ထိုက်သည်အားလျော်စွာ အကျိုးပေး၏။

အကုသိုလ်ကံ ၁၂-ပါးအနက် ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုး မပေးရခြင်း အကြောင်း (တစ်နည်း - အဓိမောက္ခကင်းခြင်းကြောင့် အလုံးစုံသောအကုသိုလ်တို့ အောက် အလွန်အားနည်းသော်လည်း ဝိစိကိစ္ဆာသဟဂုတ်စိတ်သည် ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါလျက် အဓိမောက္ခယုဉ်ခြင်းကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်ထက် အားကြီးသော်လည်း ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ခြင်းအကြောင်း။)

ဥဒ္ဓစ္စနှင့်တကွဖြစ်သော စေတနာသည် ပဋိသန္ဓေကို ပေးစွမ်းနိုင်သောသဘော မရှိသောကြောင့် ပဋိသန္ဓေအကျိုးကို မပေးနိုင်ခြင်း ဖြစ်ပါသည်။

"အားကြီးသောကံသည် ပဋိသန္ဓေအကျိုးကို ပေးနိုင်၏၊ အားနည်းသောကံသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်"ဟူသော ဝေဖန်စိစစ်ချက်သည် ပဋိသန္ဓေအကျိုးကို ပေးနိုင်သောသဘောရှိကုန်သော ကံတို့၌သာလျှင် ဝေဖန်စိစစ်သင့်၏၊ ဥဒ္ဓစ္စကံသည် ပဋိသန္ဓေကို ပေးနိုင်သောသဘော မရှိ၊ ထိုဥဒ္ဓစ္စကံ၏အားကြီးသည်၏အဖြစ်သည် ပဋိသန္ဓေကို ပေးရာ၌ အကြောင်းမဟုတ်၊ ထို့ကြောင့် ဥဒ္ဓစ္စကံသည် အားကြီးသော်လည်း ပဋိသန္ဓေကို မပေးနိုင်။

"ဥဒ္ဓစ္စသဟဂုတ်စေတနာ၏ ပဋိသန္ဓေအကျိုးကို ပေးနိုင်သောသဘော မရှိ" ဟူသော စကားကို သိအပ်ပုံ

ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို ပေးနိုင်သောသဘော မရှိရခြင်း

အကြောင်းကို သိနိုင်သောအချက်တို့မှာ သောတာပတ္တိမဂ်က ပယ်ထိုက်သော အကုသိုလ်တရားတို့တွင် ဥဒ္ဓစ္စ မပါဝင်ခြင်းနှင့် ပဋိသန္ဓေအကျိုးကို ပေးနိုင်သော နာနာက္ခဏိကကမ္မပစ္စည်းအဖြစ် ဟောသောတရားတွင် ဥဒ္ဓစ္စမပါဝင်ခြင်းတို့ ဖြစ်သည်။

ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုးကို ပေးလျှင် အပါယ်ဘုံ၌ပေးရလိမ့်မည်၊ ထိုဥဒ္ဓစ္စစေတနာကို သောတာပတ္တိမဂ်က မပယ်ရသေးသဖြင့် သောတာပန်ပုဂ္ဂိုလ်တို့မှာ အပါယ်သို့ ကျရဦးမလို ဖြစ်ချေသည်၊ သောတာပန်တို့ အပါယ်ကျခွင့် မရှိကြောင်း မှာလည်း ထင်ရှားပြီး ဖြစ်သည်။

သို့ဖြစ်၍ သောတာပတ္တိမဂ် ပယ်ဖျက်အပ်သောကိလေသာတို့တွင် ဥဒ္ဓစ္စမပါ။ ထိုသို့ မပါသောကြောင့် ဥဒ္ဓစ္စစေတနာသည် အပါယ်ပဋိသန္ဓေအကျိုး မပေးနိုင်ကြောင်း သိနိုင်ပါသည်။

အကုသိုလ်ပယ်စဉ် ၃-မျိုး

အကုသိုလ်တို့သည် (၁) သောတာပတ္တိမဂ်သည် ပယ်အပ်သောအကုသိုလ်၊ (၂) အထက်မဂ် ၃-ပါးသည် ပယ်အပ်သောအကုသိုလ်၊ (၃) သောတာပတ္တိမဂ်သည် ပယ်အပ်သော အချို့အကုသိုလ်, အထက်မဂ် ၃-ပါးသည် ပယ်အပ်သော အချို့ အကုသိုလ်ဟု ၃-ပါးအပြား ရှိကုန်၏။

ထို ၃-မျိုးတို့တွင် ဒိဋ္ဌဂတသမ္မယုတ်စိတ္တုပ္ပါဒ်, ဝိစိကိစ္ဆာသမ္မယုတ်စိတ္တုပ္ပါဒ်တို့သည် 'ဒဿန'အမည်ရသော သောတာပတ္တိမဂ်သည် ပယ်အပ်သောကြောင့် သောတာပတ္တိမဂ်သည် ပယ်အပ်သောအကုသိုလ် = **ဒဿနေနပဟာတဗ္ဗအကုသိုလ်တရား** မည်ကုန်၏။

ဥဒ္ဓစ္စသမ္မယုတ်စိတ္တုပ္ပါဒ်သည် 'ဘာဝနာ'အမည်ရသော အရဟတ္တမဂ်သည် ပယ်အပ်သောကြောင့် အရဟတ္တမဂ်သည် ပယ်အပ်သောအကုသိုလ် = **ဘာဝနာယ ပဟာတဗ္ဗ အကုသိုလ်တရား** မည်ကုန်၏။

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်, ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်တို့ကိုကား သောတာ-ပတ္တိမဂ်သည် အချို့ ပယ်အပ်ကုန်၏။ အထက်မဂ် ၃-ပါးသည် အချို့ပယ်အပ်ကုန်၏။ ထိုစိတ္တုပ္ပါဒ်တို့၏ အပါယ်သို့ ဖြစ်စေတတ်သော အပိုင်းအခြားကို သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောကြောင့် **သိယာဒဿနေနပဟာတဗ္ဗတရား** မည်ကုန်၏၊ ကြွင်း

သော ရုန့်ရင်းသော အပိုင်းအခြား, သိမ်မွေ့သောအပိုင်းအခြားကို အထက်မင်္ဂတို့ ပယ်အပ်သောကြောင့် **သိယာဘာဝနာယပဟာတဗ္ဗတရား** မည်ကုန်၏။

သောတာပတ္တိမဂ်ကို 'ဒဿန'ဟု ဆိုရခြင်း

နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် သောတာပတ္တိမဂ်ကို 'ဒဿန'ဟု ဆိုရခြင်း ဖြစ်ပါသည်။

အထက်မဂ် ၃-ပါးကို 'ဘာဝနာ'ဟု ဆိုရခြင်း

သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော နိဗ္ဗာန်၌ ပွါးများသည်အစွမ်းဖြင့် ဖြစ်သောကြောင့် အထက်မဂ် ၃-ပါးကို 'ဘာဝနာ'ဟု ဆိုရခြင်း ဖြစ်ပါသည်။

ပဌာန်းပါဠိတော်သာဓကအရ ဥဒ္ဓစ္စသဟဂုတ်စေတနာ၏ ပဋိသန္ဓေအကျိုးကို မပေးနိုင်ကြောင်း သိအပ်ပုံ

ပဌာန်းပါဠိတော်၌ "သဟဇာတာ ။ ပ ။ ကမ္မပစ္စယေန ပစ္စယော" ဟု သောတာပတ္တိမဂ်သည် ပယ်အပ်သော စေတနာ၏သာလျှင် သဟဇာတကမ္မပစ္စည်း, နာနာက္ခဏိကကမ္မပစ္စည်းအဖြစ်ကို ထုတ်ဆောင်၍ "သဟဇာတာ ။ ပ ။ ကမ္မ-ပစ္စယေန ပစ္စယော" ဟူ၍ အထက်မဂ် ၃-ပါးသည် ပယ်အပ်သော စေတနာ၏ သဟဇာတကမ္မပစ္စည်း၏အဖြစ်ကိုသာလျှင် ထုတ်ဆောင်အပ်၏၊ နာနာက္ခဏိက-ကမ္မပစ္စည်း၏အဖြစ်ကိုကား ထုတ်ဆောင်တော် မမူအပ်ပါ။

နာနာက္ခဏိကကမ္မပစ္စည်းကို ကြဉ်၍ ပဋိသန္ဓေအကျိုးကို ပေးခြင်းသည်လည်း မရှိ၊ ထို့ကြောင့် ဥဒ္ဓစ္စသဟဂုတ်စေတနာ၏ ခပ်သိမ်းသောအပြားအားဖြင့် ပဋိသန္ဓေကို ပေးခြင်းသည် မရှိ။

~~~~~~~~~~~~~~~~

ကာမကုသိုလ်၏အကျိုးပေးပုံ

အပါယ် ၄-ဘုံ၌ ပဝတ္တိကျိုးပေးပုံ

အပါယ်ဘုံ၌ နဂါးမင်း, ဂဠုန်မင်း စသည်တို့အား ကြီးသောစည်းစိမ်လျှင် အာရုံရှိသော ဝိပါက်ဝိညာဏ်သည်လည်းကောင်း၊ ငရဲသား, ငရဲသူသတ္တဝါတို့အား
~~~~~~~~~~~~~~~~

ရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဖူးမြင်ရခြင်း စသည်တို့၌ ဝိပါက်ဝိညာဏ်သည် လည်းကောင်း ကုသိုလ်ကံ၏သာလျှင် အကျိုးဖြစ်၏။

အကုသိုလ်ကံ၏ အလိုရှိအပ် ကောင်းမြတ်သော အကျိုးမဖြစ်သင့်သော ကြောင့် ထိုဝိပါက်ဝိညာဏ်တို့သည် ကုသိုလ်ကံ၏အကျိုးသာ ဖြစ်ပြီး အကုသိုလ်ကံ၏အကျိုး မဟုတ်ပါ။ ဘုရားဟောသာဓကမှာ "ရဟန်းတို့- အကုသိုလ်ကံ၏ အလိုရှိအပ် နှစ်သက်အပ်သော အကျိုးသည် အကြင်ကြောင့် ရှိ၏၊ ထိုသို့ဖြစ်ခြင်းသည် အကြောင်း မဟုတ်, အရာမဟုတ်" ဟု ဖြစ်ပါသည်။

ရူပဘုံ၌ ပဝတ္တိကျိုးပေးပုံ

ရူပါဝစရကံသည် ရူပဘုံမှတစ်ပါး အခြားကာမဘုံ၌ဖြစ်သော အဟိတ်ဝိပါက် အကျိုးကို မပေးနိုင်သောကြောင့်လည်းကောင်း၊ ကာမဂုဏ်ကို စက်ဆုပ်သော ရူပါဝစရကုသိုလ်ဘာဝနာသည် ကာမတဏှာ၏အာရုံဖြစ်သော ရူပါရုံ စသည်ကို အာရုံပြုသည့် အဟိတ်ကုသလဝိပါက်ဝိညာဏ်ကို ဖြစ်စေခြင်း၏ မသင့်သောကြောင့် လည်းကောင်း၊ မဟဂ္ဂုတ်, လောကုတ္တရာ ကုသိုလ်ကံတို့က စင်စစ် တူသောအကျိုး ကိုသာ ပေးတတ်သောကြောင့်လည်းကောင်း ရူပါဝစရကုသိုလ်ကံကြောင့် အဟိတ် ဝိပါက်စိတ်များ မဖြစ်ကြခေ၊ ထို့ကြောင့် ရူပဘုံ၌ ဒွါရ အာရုံအလိုက် ထိုက်သည် အားလျော်စွာ ရူပါရုံစသည်ကို အာရုံပြုသည့် စက္ခုဝိညာဏ်စသော အဟိတ်ဝိပါက် စိတ်တို့ကို ကာမာဝစရကုသိုလ်သည် ဖြစ်စေခြင်း ဖြစ်၏။

တိဟိတ်ကုသိုလ် - အလောဘ, အဒေါသ, အမောဟတိတ် ၃-ပါးနှင့်ယှဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါးတွင် တစ်ပါးပါးဖြင့် ပြုအပ်သောကုသိုလ်သည် တိဟိတ်ကုသိုလ် မည်၏။

(ကုသိုလ်ပြုစဉ်အခါ ကံ,ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတဉာဏ် (သို့) ရုပ်, နာမ်တရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုတတ်သော ဝိပဿနာဉာဏ် တို့နှင့် ယှဉ်သောကုသိုလ်သည် တိဟိတ်ကုသိုလ် ဖြစ်သည်။)

ဒွိဟိတ်ကုသိုလ် ▪ အလောဘ, အဒေါသဟိတ် ၂-ပါးနှင့်ယှဉ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးတွင် တစ်ပါးပါးဖြင့် ပြုအပ်သောကုသိုလ် သည် ဒွိဟိတ်ကုသိုလ် မည်၏။

(ကမ္မဿကတဉာဏ်, ဝိပဿနာဉာဏ်တို့ မပါဘဲ ကလေးသူငယ်နှင့် လူရိုင်း စသူတို့ ပြုသလို အမှတ်တမဲ့ပြုလျှင် ဒွိဟိတ်ကုသိုလ် ဖြစ်သည်။)

ဥက္ကဋ္ဌကုသိုလ် ▪ တိဟိတ်နှင့် ဒွိဟိတ်ကုသိုလ်များတွင် ပုဗ္ဗစေတနာနှင့် အပရစေတနာများ သည် (များသောအားဖြင့်) ရှိရလေသည်။

လျှုဒါန်းပေးကမ်းတော့မည်ဟု ကြံစည်သည်မှစ၍ မလျှုခင် ပုဗ္ဗစေတနာအခိုက်တွင် တစ်ချို့မှာ အလွန်ထက်သန်၏၊ ကုသိုလ်နှင့်စပ်သော ဇောများစွာ ဖြစ်နေ၏၊ လျှုပြီးနောက် အပရစေတနာအခိုက်မှာလည်း လွန်စွာအားရ၏၊ ပြုရပေပြီဟု ဝမ်းမြောက်လျက် ရှိ၏။

ဤသို့ **ရှေ့ရောနောက်ပါ ကုသိုလ်များ ခြံရံလျက် ပါသောကြောင့် လွန်စွာအားရှိသောကုသိုလ်ကို ဥက္ကဋ္ဌ(မြင့်မြတ်သော) ကုသိုလ်**ဟု ခေါ်ရ၏။ (တိဟိတ်ဖြစ်လျှင် **တိဟိတ်ဥက္ကဋ္ဌကုသိုလ်**၊ ဒွိဟိတ်ဖြစ်လျှင် **ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်**။)

ဩမကကုသိုလ် ▪ ပုဗ္ဗစေတနာအခိုက်၌ ဝမ်းမြောက်ဝမ်းသာမရှိ၊ နှမြောတွန့်တိုခြင်း, တစ်စုံတစ်ရာအတွက် မကျေမနပ်ဖြစ်ခြင်း, မိမိ၏ဂုဏ်သတင်း ကြီးစေလိုခြင်းစသော အကုသိုလ်စိတ်များ ရှေ့သွားပြုလျက် ရှိ၏၊ ကုသိုလ်ပြုပြီးနောက် အပရစေတနာအခိုက်၌လည်းပြုမိတာမှားလေခြင်းစသည်ဖြင့် နှလုံးမသာမယာဖြစ်ရ၏။

ဤသို့ ရှေ့ရောနောက်ပါ အကုသိုလ်များခြံရံလျက် ပါသောကြောင့် များစွာအားမရှိသောကုသိုလ်ကို ဩမက(အညံ့စား) ကုသိုလ်ဟု ခေါ်ရ၏။ (တိဟိတ်ဖြစ်လျှင် တိဟိတ်ဩမကကုသိုလ်၊ ဒွိဟိတ်ဖြစ်လျှင် ဒွိဟိတ်ဩမကကုသိုလ် ဖြစ်၏။)

စေတနာ(ကံ)တစ်ပါး၏ ပဋိသန္ဓေ, ပဝတ္တိအကျိုးပေးပုံ

စေတနာ(ကံ)တစ်ပါးသည် ပဋိသန္ဓေအကျိုးအနေဖြင့် ၁-ကြိမ်သာ ဘဝတစ်ခု

အဖြစ် အကျိုးပေးနိုင်၍ ပဝတ္တိအကျိုးအနေဖြင့်မူ ဘဝအရာဘဝအထောင်၌လည်း ပေးနိုင်ကြသည်။

ဘုရားဟောသာဓက - "တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကာဒီတဗ္ဗာ = တိရစ္ဆာန်သတ္တဝါအား အလှူဒါနကို ပေးလှူခြင်းကြောင့် တစ်ရာသော အကျိုးရှိသော ဒါနစေတနာကို အလိုရှိအပ်၏"ဟု ဖြစ်ပါသည်။

တိဟိတ်ဩမကက်၏ ဒွိဟိတ် ပဋိသန္ဓေအကျိုး ပေးပုံ

ဉာဏ်သည်ပဋိသန္ဓေအားဖြင့် ကန်းခြင်းအစရှိသော ဣန္ဒြေချို့ခြင်း၏အကြောင်း ဖြစ်သော မောဟ၏လည်းကောင်း၊ အလုံးစုံသောအကုသိုလ်၏လည်းကောင်း ဆန့်ကျင်ဘက်ဖြစ်၏။

ထို့ကြောင့် ထိုဉာဏ်နှင့်ယှဉ်သောကံသည် ပဋိသန္ဓေအားဖြင့် ကန်းခြင်းအစ ရှိသော ဣန္ဒြေချို့ခြင်း၏အကြောင်း မဖြစ်၊ ထို့ကြောင့် တိဟိတ်ကုသိုလ်ကံသည် ဩမကဖြစ်၍ ညံ့စေကာမူ ဇစ္စန္ဓစသော အဟိတ်ပဋိသန္ဓေအကျိုးကို မပေးခဲ့၊ ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးလေသည်။

ဒွိဟိတ်ဥက္ကဋ္ဌက်၏ တိဟိတ်ပဋိသန္ဓေအကျိုးကို မပေးနိုင်ခြင်း

ဒွိဟိတ်ကုသိုလ်ကံသည် ပင်ကိုယ်က ဉာဏ်နှင့်မယှဉ်သည့်အတွက် ဉာဏ်ပါသော တိဟိတ်ပဋိသန္ဓေအကျိုးကို မပေးနိုင်။

ဥပမာ - အလောဘဟိတ်နှင့်မယှဉ်သောကြောင့် အလောဘအကျိုးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သော အကုသိုလ်ကံကဲ့သို့ ဒွိဟိတ်ကံသည် အလွန်မြတ်သော ဥက္ကဋ္ဌကုသိုလ်ဖြစ်သော်လည်း ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်ပြီး တိဟိတ် ပဋိသန္ဓေအကျိုးကို မပေးနိုင်ခြင်း ဖြစ်သည်။

ဒွိဟိတ်ဩမကက်သည် အဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးရခြင်း

ဒွိဟိတ်ဩမကက်သည် ဉာဏ်ကင်း၍ ညံ့ဖျင်းသောကုသိုလ်ဖြစ်ရကား ဒွိဟိတ် ပဋိသန္ဓေအကျိုးကိုမျှ မပေးနိုင်ဘဲ အဟိတ်ပဋိသန္ဓေအကျိုးကိုသာပေးရခြင်း ဖြစ်သည်။

"သမာနဝါဒ" အရ တိဟိတ်ဥတ္တရ - စသည် အခွဲနှင့် အကျိုးပေးပုံ

စဉ်	ကုသိုလ်နှင့် သရုပ်		ပဋိသန္ဓေအကျိုး	ပဝတ္တိအကျိုး
၁	တိဟိတ်ဥတ္တရ	ကုသိုလ်ခြိုရံသော ဉာဏသမ္မယုတ်ကံ ၄-ပါး	မဟာဝိပါက် - ၄	မဟာဝိ - ၈ အဟိတ်ကုဝိ - ၈
၂	တိဟိတ်ဩမက	အကုသိုလ်ခြိုရံသော ဉာဏသမ္မယုတ်ကံ ၄-ပါး	မဟာဝိပါဝိပ် - ၄	မဟာဝိပါဝိပ် - ၄ အဟိတ်ကုဝိ - ၈
၃	ဒွိဟိတ်ဥတ္တရ	ကုသိုလ်ခြိုရံသော ဉာဏဝိပ္ပယုတ်ကံ ၄-ပါး	မဟာဝိပါဝိပ် - ၄	မဟာဝိပါဝိပ် - ၄ အဟိတ်ကုဝိ - ၈
၄	ဒွိဟိတ်ဩမက	အကုသိုလ်ခြိုရံသော ဉာဏဝိပ္ပယုတ်ကံ ၄-ပါး	အဟိတ်ကုပဋိ - ၁	အဟိတ်ကုဝိ - ၈

"ကေစိဝါဒ" အရ တိဟိတ်ဥတ္တရ- စသည်အခွဲနှင့် အကျိုးပေးပုံ

စဉ်	ကုသိုလ်နှင့် သရုပ်		ပဋိသန္ဓေအကျိုး	ပဝတ္တိအကျိုး
၁	တိဟိတ်ဥတ္တရ	မဟာကုဉာဏ်(အ)ကံ - ၂	မဟာဝိပါဉာဏ်(အ) - ၂	မဟာဝိ (အ) - ၄ အဟိတ်ကုဝိ - ၈
		မဟာကုဉာဏ်(သ)ကံ - ၂	မဟာဝိပါဉာဏ်(သ) - ၂	မဟာဝိ (သ) - ၄ အဟိတ်ကုဝိ - ၈
၂	တိဟိတ်ဩမက	မဟာကုဉာဏ်(အ)ကံ - ၂	မဟာဝိပါဝိပ်(အ) - ၂	ဝိပါဝိပ်(အ) - ၂ အဟိတ်ကုဝိ - ၈
		မဟာကုဉာဏ်(သ)ကံ - ၂	မဟာဝိပါဝိပ်(သ) - ၂	ဝိပါဝိပ်(သ) - ၂ အဟိတ်ကုဝိ - ၈
၃	ဒွိဟိတ်ဥတ္တရ	မဟာကုပါဝိပ်(အ)ကံ - ၂	မဟာဝိပါဝိပ်(အ) - ၂	ဝိပါဝိပ်(အ) - ၂ အဟိတ်ကုဝိ - ၈
		မဟာကုပါဝိပ်(သ)ကံ - ၂	မဟာဝိပါဝိပ်(သ) - ၂	ဝိပါဝိပ်(သ) - ၂ အဟိတ်ကုဝိ - ၈
၄	ဒွိဟိတ်ဩမက	မဟာကုပါဝိပ်(အ)ကံ - ၂	အဟိတ်ကုပဋိ - ၁	အဟိတ်ကုဝိ - ၈
		မဟာကုပါဝိပ်(သ)ကံ - ၂	အဟိတ်ကုပဋိ - ၁	အဟိတ်ကုဝိ - ၈

မောရဝါပိုအရပ်၌ သီတင်းသုံးသော မဟာဓမ္မရက္ခိတမထေရ်၏ဝါဒသည် ကေစိဝါဒ ဖြစ်ပုံ

မှန်ကြည့်ရာ၌ အပြင်ကမျက်နှာလှူပ်လျှင် မှန်အပြင်၌ မျက်နှာရိပ်သည် လှူပ်သကဲ့သို့ ထို့အတူ အသခ်ီရကုသိုလ်၏အစွမ်းကြောင့် အသခ်ီရအကျိုးသည်သာလျှင် ဖြစ်၏၊ သသခ်ီရဖြစ်သော အကျိုးဝိပါက်သည် မဖြစ်၊ ဤသို့လျှင် အကြောင်းဖြစ်သော ကံကြောင့် သခ်ီရအပြားသည် ဖြစ်၏-ဟု အရှင်မဟာဓမ္မရက္ခိတမထေရ်က ဆို၏။

ပဋိသန္ဓေစိတ်၏ အသခ်ီရိက, သသခ်ီရိက ကွဲပြားမှုကို ပယောဂနှင့် ကင်း၍ လည်းကောင်း, ပယောဂနှင့်တကွလည်းကောင်း ထင်လာသည့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်စသော နီးကပ်သောအကြောင်း၏အစွမ်းဖြင့်သာ အလိုရှိအပ်၏၊ ရှေးကံ၏အစွမ်းဖြင့် အလိုမရှိအပ်၊ ထို့ကြောင့် အရှင်မဟာဓမ္မရက္ခိတမထေရ်၏ဝါဒကို ကေစိဝါဒဟု ပြုအပ်၏။

(ထိုဆရာတို့၏ဝါဒကို အရှင်အနုရုဒ္ဓါနှင့်တကွ အများကပင် မနှစ်သက်ကြ၊ ထင်ရှားစေဦးအံ့ - ဝိပါက်စိတ်တို့၏ကိစ္စများမှာ ပဋိသန္ဓေစသော ကိစ္စများတည်း၊ ထိုတွင် မိမိ၏ပယောဂ, ဆွေမျိုးဉာတိစသူတို့၏ပယောဂ မပါဘဲ ထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတစ်ခုခုကို အာရုံပြု၍ ပဋိသန္ဓေစိတ် ဖြစ်လျှင် အသခ်ီရိက ပဋိသန္ဓေစိတ် ဖြစ်၍၊ ထိုပယောဂအကူအညီကြောင့် ထင်လာသော အာရုံတစ်ခုခုကို အာရုံပြု၍ ပဋိသန္ဓေစိတ်ဖြစ်လျှင် သသခ်ီရိကပဋိသန္ဓေစိတ် ဖြစ်၏၊ ဘဝင်, စုတိစိတ်တို့မှာ ပဋိသန္ဓေအတိုင်းသာတည်း၊ တဒါရုံကိစ္စမှာ ရှေ့ဇောများနှင့် စပ်လျက် ရှိ၏၊ ရှေ့ဇောများက အသခ်ီရိကဖြစ်လျှင် တဒါရုံလည်း အသခ်ီရိကအဖြစ်များပေမည်၊ ဤသို့လျှင် ဝိပါက်စိတ်၏ ထက်မူညံ့မူမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံထင်ရာ၌ ပယောဂ ပါမှု, မပါမှု၊ တဒါရုံကိစ္စတပ်ရာ၌ ရှေ့ဇောတို့၏ အသခ်ီရိက, သသခ်ီရိက ဖြစ်မှုနှင့် ဆက်သွယ်လျက် ရှိသောကြောင့် "ကံနှင့်အလားတူ ဝိပါက်စိတ်၌ သခ်ီရဖြစ်သင့်သည်" ဟူသော မဟာဒတ္တထေရ်၏ဝါဒကို အောက်တန်းချ၍ ကေစိဝါဒဟု မိန့်သည်။ ဋီကာကျော်၌ မဟာဓမ္မရက္ခိတဟု ဆိုမှား၏။) **(ဘာသာဋီကာ)**

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

ရူပကုသိုလ်၏ အကျိုးပေးပုံ

ပရိတ္တ, မဂ္ဂိမ, ပဏီတစျာန် အခွဲ

(က) ထက်ဝန်းကျင်မှ ပိုင်းခြားအပ်သောဝတ္ထုကဲ့သို့ နည်းသောအာနုဘော် ရှိသောကြောင့် ပရိတ္တစျာန် မည်၏၊ မြတ်သည်အဖြစ်ကို ဆောင်တတ်သောကြောင့် ပဏီတစျာန် မည်၏၊ နှစ်ပါးကုန်သော ပရိတ္တ, ပဏီတတို့၏ အလယ်၌ ဖြစ်တတ်သောကြောင့် မဂ္ဂိမစျာန် မည်၏။

(ခ) စျာန်ကိုရကာမျှ ဝသီဘော် ၅-ပါးတို့ဖြင့် မပွါးများအပ်သောစျာန်သည် နည်းသောအာနုဘော်ရှိသောကြောင့် ပရိတ္တစျာန် မည်၏၊ ဝသီဘော် ၅-ပါးတို့ဖြင့် လွန်စွာ မပွါးများအပ်သော မပြည့်စုံသောဝသီဘော်ရှိသောစျာန်သည် မဂ္ဂိမစျာန် မည်၏၊ ဝသီဘော် ၅-ပါးတို့ဖြင့် အလွန်ပွါးများအပ်သည်ဖြစ်၍ ခပ်သိမ်းသောအပြားအားဖြင့် ပြည့်စုံသောဝသီဘော်ရှိသောစျာန်သည် ပဏီတစျာန် မည်၏။ (အဋ္ဌကထာကျမ်းပြု အရှင်အနုရုဒ္ဓါအလို)။

(ဂ) စျာန်တရားတို့၌ ယှဉ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသဟူသော အဓိပတိတရားများ နှံ့ညံ့နေသော စျာန်သည် ပရိတ္တစျာန် မည်၏၊ အဓိပတိတပ်သောတရားများ အလယ်အလတ်ဖြစ်သောစျာန်သည် မဂ္ဂိမစျာန်မည်၏၊ အဓိပတိတရားများ ထက်မြက်သောစျာန်သည် ပဏီတစျာန် မည်၏။

ပထမစျာန်ကုသိုလ်၏ ဝိပါက်ဖြစ်ပုံ

ရူပါဝစရကုသိုလ်ပထမစျာန်ကို နည်းသောအာနုဘော် ရှိအောင် စီးဖြန်း၍ ပြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်၏၊ ထိုပထမစျာန်ကိုပင်လျှင် အလတ်ဖြစ်သော အာနုဘော် ရှိအောင် စီးဖြန်း၍ ပြဟ္မပုရောဟိတာဘုံ၌ ဖြစ်၏၊ ထိုပထမစျာန်ကိုပင်လျှင် မြတ်သော အာနုဘော်ရှိအောင် စီးဖြန်း၍ မဟာပြဟ္မာဘုံ၌ ဖြစ်၏။

ပဉ္စမစျာန်ကုသိုလ်အကျိုး

ပဉ္စမစျာန်ကို သာမန်ပွါးလျှင် ဝေဟပ္ဖိုလ်ဘုံသို့ ရောက်၏၊ ပဉ္စမစျာန်ကို သညာကင်းအောင် ပွါးလျှင် အသညသတ်ဘုံသို့ ရောက်၏၊ ဤ၌ ပဉ္စမစျာန်အရ အဘိညာဉ်အဖြစ်သို့ မရောက်သော ၃-ပါးအပြားရှိသော ပဉ္စမစျာန်ကို ယူရမည်။

(ပဋ္ဌမစျာန်သည် ပရိတ္တစျာန်ဖြစ်စေ၊ မဇ္ဈိမစျာန်ဖြစ်စေ၊ ပဏီတစျာန်ဖြစ်စေ ဝေဟပ္ဖိုလ် ၁-ဘုံတည်း၌ ကမ္ဘာ ၅၀၀-ကြာအောင် အကျိုးပေးသည်၊ သို့သော် တန်ခိုးအာနုဘော်ချင်း, စည်းစိမ်ဂုဏ်သိရှိချင်းကား တူမျှမည် မဟုတ်၊ ပရိတ္တစျာန်ရှင်ထက် မဇ္ဈိမစျာန်ရှင်က သာလွန်၍ မဇ္ဈိမစျာန်ရှင်ထက် ပဏီတစျာန်ရှင်က သာလွန်ဖွယ် ရှိလေသည်။) **(ဘာသာဋီကာ)**

အသညသတ်ဘုံသို့ အကျိုးပေးပုံ

ရူပပဋ္ဌမစျာန်ကိုရပြီးသော ကာမဘုံသားပုထုဇဉ်ပုဂ္ဂိုလ်သည် "အမှတ်သညာ ရှိနေ၍သာ အရာရာ တောင့်တမှု ကြောင့်ကြမှုစသော ဒုက္ခများ ဖြစ်ရ၏၊ အမှတ်သညာသည် အိုင်းအနာနှင့် တူ၏၊ ရောဂါဆိုးနှင့် တူ၏"ဟု နှလုံးသွင်းကာ ပဋ္ဌမစျာန်ဝင်စားပြီး စျာန်မှထကာ "သညာဂဏ္ဍော, သညာရောဂါ"ဟု သညာကို စက်ဆုပ်သောအားဖြင့် ဘာဝနာကို ပွါးများ၏၊ ထိုဘာဝနာပေါက်လျှင် သညာအပေါ်၌ စက်ဆုပ်သောကြောင့် ထိုပဋ္ဌမစျာန်သည် အကျိုးပေးသောအခါ သူ့အလိုက္ခ အောင် သညာမရှိသော အသညသတ်ဘုံ၌ ပေးရလေသည်။

(သညာဟုသာ ခေါင်းတပ်၍ ထားသော်လည်း သညာနှင့် ယှဉ်ဘက် ဖြစ်သော စိတ်, စေတသိက် နာမ်တရားအားလုံးကို စက်ဆုပ်သည်ဟု မှတ်ပါ။)

တစ်နည်း - ရူပပဋ္ဌမစျာန်ကို ရပြီးသော ကာမဘုံသား ပုထုဇဉ်ပုဂ္ဂိုလ်သည် -

(၁) သညာသည် အိုင်းအမာတည်း၊ သညာသည် အနာရောဂါတည်းဟုလည်းကောင်း၊

(၂) စိတ်သည် စက်ဆုပ်ဖွယ်ဖြစ်သည်၊ စိတ်သည် စက်ဆုပ်ဖွယ်အကျင့်၏ဖြစ်ကြောင်းတည်းဟု လည်းကောင်း၊

(၃) နာမ်တရားတို့ ဖြစ်ခြင်း၌ အပြစ်ကို ရှုသဖြင့်လည်းကောင်း၊

(၄) ထိုစိတ်မရှိသည်အဖြစ်၌ မွန်မြတ်သည်အဖြစ်ကို ဆုံးဖြတ်သဖြင့် လည်းကောင်း၊

(၅) ဝါယောကသိုဏ်း၌လည်းကောင်း၊

(၆) အချို့သောဆရာတို့၏အလိုအားဖြင့် ပိုင်းခြားအပ်သောကောင်းကင်၌လည်းကောင်း -

နာမ်၌တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် ရသင့်ရထိုက်သော အသည်းသတ်ဘုံ၌ နာမ်တရား၏ မဖြစ်သောသဘောသို့ ရောက်ကြလေသည်။

အသည်းသတ်ဘုံတို့၌ ကံသာလျှင် ပြုပြင်တတ်၏ဟု အယူရှိကုန်သော တိတ္ထိတို့သာလျှင် ဖြစ်ကုန်၏၊ ထိုတိတ္ထိတို့သည် အကြင်ဣရိယာပုတ်ဖြင့် ဤလူ့ပြည်၌ သေကုန်၏၊ ထိုဣရိယာပုတ်ဖြင့်သာလျှင် ထိုအသည်းသတ်ဘုံတို့၌ ဖြစ်ကုန်လေသည်။

ကံ,ကံ၏အကျိုးမရှိဟု ယူသောပုဂ္ဂိုလ်သည် ဈာန်ကို မရ၍ မရောက်နိုင်ကြပါ။

သုဒ္ဓါဝါသ ၅-ဘုံသို့ အကျိုးပေးပုံ

သုဒ္ဓါဝါသ ၅-ဘုံတို့၌ ပဉ္စမဈာန်ရ အနာဂါမ်ပုဂ္ဂိုလ်များသာလျှင် ပဋိသန္ဓေနေကြ၏၊ အခြားသောပုဂ္ဂိုလ်များ မဖြစ်။

အနာဂါမ်ဖြစ်ကုန်သော အရိယာတို့သည် အနာဂါမ်မဖြစ်မီ ပုထုဇဉ်အစရှိသောကာလ၌လည်းကောင်း၊ အနာဂါမ်ဖြစ်ပြီး နောက်ကာလ၌လည်းကောင်း ပရိတ္တ, မဇ္ဈိမ, ပဏီတ ဟု ၃-ပါးအပြားရှိသည့် ပဉ္စမဈာန်ကို ပွါးများ၍ သဒ္ဓါအစရှိသော ဣန္ဒြေတို့၏ လွန်သည်အဖြစ်ဟု ဆိုအပ်သောအစဉ်ဖြင့် ၅-ပါးကုန်သော သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကြကုန်၏။

အနာဂါမ်မှန်သမျှ ပြဟ္မာ့ပြည် အမြဲရောက်

ဈာန်ရမူသည် သမာဓိ၏အချက်တည်း၊ သမာဓိ၏ဘေးရန်ကား ကာမစ္ဆန္ဒနီဝရဏတည်း၊ ကာမရာဂကို လုံးဝပယ်ခွါပြီးသော အနာဂါမ်တို့မှာ ကာမစ္ဆန္ဒနီဝရဏ အနှောင့်အယှက် မရှိတော့သဖြင့် သမာဓိအား ကောင်းလှ၏။

ထို့ကြောင့် သုက္ခဝိပဿက(ဈာန်မရ)အနာဂါမ်တို့သည် အိပ်ပျော်နေစဉ် ရန်သူလက်ချက်ဖြင့် အသက်ဆုံးရစေကာမူ မဆုံးခင် ဈာန်ရ၍ ပြဟ္မာ့ပြည်သို့သာ ရောက်ကြရသည်၊ ထိုနည်းတူစွာ အထက်နတ်ဘုံ၌ရှိသော နတ်တို့ အနာဂါမ်ဖြစ်လျှင် နတ်ပြည်၌ ကာမဂုဏ်အာရုံများသဖြင့် လွတ်လပ်ဆိတ်ငြိမ်ရာအရပ် မရသောကြောင့် ကြာရှည်စွာ တည်မနေကြဘဲ ပြဟ္မာ့ပြည်သို့ ပြောင်းကြရသည်၊ ပြောင်းဖို့ရန်လည်း ဈာန်ကို လွယ်ကူစွာ ရနိုင်ကြသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့ ကာမဘုံ၌ ပြန်၍ မဖြစ်ရခြင်း

စျာန်ရပုဂ္ဂိုလ်များသည် စျာန်ဘုံ(ပြဟ္မာဘုံ)၌သာ ဖြစ်ရမည်၊ သို့သော် အခြားသောစျာန်ရ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် ကာမသုဂတိစသော သုဂတိဘုံတို့၌ စွဲလမ်းခြင်း ရှိပါမူ ရအပ်သောစျာန်၏ အားလျော်စွာ သုဒ္ဓါဝါသ ၅-ဘုံ ကြဉ်သော အမှတ်မရှိသောဘုံတို့၌ ဖြစ်ကြကုန်၏။

အနာဂါမ်ပုဂ္ဂိုလ်တို့သည်ကား ကာမရာဂကို အကြွင်းမရှိသောအားဖြင့် ပယ်အပ်ပြီး ဖြစ်၍ ကာမဘုံတို့၌ စွဲလမ်းတပ်မက်ခြင်း မဖြစ်တော့ပေ၊ ထို့ကြောင့် ကာမဘုံသည် ကြဉ်အပ်သော, ရအပ်သောစျာန်၏ အားလျော်စွာ အမှတ်မရှိသောဘုံတို့၌ ဖြစ်ကြကုန်လေသည်။

မိန်းမများ မဟာပြဟ္မာ မဖြစ်နိုင်

မိန်းမတို့သည် အရိယာဖြစ်စေ ပုထုဇဉ်ဖြစ်စေ သမာပတ် ၈-ပါးလုံး(စတုက္ကနည်း ရူပစျာန် ၄-ပါး + အရူပစျာန် ၄-ပါး)ကို ရသော်လည်း ပင်ကိုယ်က ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့ ယောကျ်ားများလောက် မထက်ကြသဖြင့် မိန်းမဘဝ၌ စုတေ၍ ပြဟ္မာဖြစ်စေကာမူ မဟာပြဟ္မာမင်း မဖြစ်နိုင်ကြဘဲ ရရှိသောစျာန်အားလျော်စွာ ပြဟ္မာပရိသတ် ပြဟ္မာပုရောဟိတ်တို့သာ ဖြစ်ရသည်။

ဘဝဂ် ၃-ပါး (ဘဝ + အဂ္ဂ ▪ ဘုံအမြတ်)

ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာနာသညာယတနဘုံတို့သည် ဘုံတို့၏မြတ်သည်အဖြစ်ကြောင့် ထို ၃-ဘုံ၌ ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် တစ်ပါးသောဘုံတို့၌ မဖြစ်ကြကုန်၊ ဤဘုံ၌သာလျှင် ရဟန္တာဖြစ်သည်အထိ ကြိုးစားကြ၍ ပရိနိဗ္ဗာန်ပြုကြသည်။

နောက်ဆုံး ပရိနိဗ္ဗာန်ယူတော့မည့် အဆုံးဘုံများ ဖြစ်၍ ထိပ်ဆုံး (သီသ)ဘုံဟု ခေါ်သည်၊ ဤ ၃-ဘုံမှ ကြွင်းကျန်သော အထက်အထက် ပြဟ္မာဘုံသို့ ရောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည်လည်း အောက်အောက်ပြဟ္မာဘုံတို့၌ မဖြစ်နိုင်ကြကုန်ချေ။ (ပြဟ္မာ့ပြည်မှာ အရိယာ အောက်ရွာ ဆင်းမရှိ။)

၄။ မရဏုပ္ပတ္တိ စတုက္က

သေခြင်း မရဏ ၄-ပါး

၁။ အာယုက္ခယ = အသက်မသေ နေရမည့်ကံ ရှိပါသော်လည်း သက်တမ်းအပိုင်း အခြားကုန်ခြင်းကြောင့် သေခြင်းသည် အာယုက္ခယမရဏာ မည်၏။

၂။ ကမ္မက္ခယ = ပိုင်းခြားအပ်သောသက်တမ်းအကြွင်းရှိသော်လည်း ကောင်းမှုကံ ကုန်ခြင်းကြောင့် သေခြင်းသည် ကမ္မက္ခယမရဏာ မည်၏။

၃။ ဥဘယက္ခယ = သက်တမ်း, ကောင်းမှုကံ ၂-ပါးကုန်သောကြောင့် သေခြင်းသည် ဥဘယက္ခယမရဏာ မည်၏။

၄။ ဥပစ္ဆေဒက = အသက်, ကံ ၂-ပါးပင် ရှိသော်လည်း ရှေးဘဝက ပြုခဲ့သော ဥပစ္ဆေဒကကံ၊ ယခုဘဝ ဂုဏ်ကြီးသောမိဘ စသောသူတို့အပေါ် ၌ ပြုအပ်သော ဥပစ္ဆေဒကကံကြောင့် အဆောတလျင် ဓား, လက်နက်စသည်ဖြင့် သေခြင်းသည် ဥပစ္ဆေဒကမရဏာ မည်၏။

ဤတွင် ဥပစ္ဆေဒကမရဏာသည် သက်တမ်း, ကံစွမ်း ၂-ပါးလုံး ရှိသေးသော်လည်း ပြုခဲ့သောအကုသိုလ်ကံကြောင့် သေချိန်မရောက်ဘဲ သေခြင်း (အကာလမရဏာ) ဖြစ်၍ ကျန်သေခြင်း မရဏာ ၃-ပါးတို့မှာမူ သေချိန်ရောက်၍ သေခြင်း (ကာလမရဏာ) ဖြစ်သည်။

ဥပစ္ဆေဒကကံဖြင့် မသေနိုင်သောသူများ

ငရဲသား ငရဲသူတို့အားလည်းကောင်း၊ မြောက်ကျွန်းသူတို့အားလည်းကောင်း၊ အချို့သောနတ်တို့အားလည်းကောင်း ဥပစ္ဆေဒကကံဖြင့် သေခြင်းသည် မဖြစ်ပေ။

စုတိခါနိုး နိမိတ်ထင်ပုံ

သေခြင်းလေးပါးတို့တွင် တစ်ပါးပါးသောသေခြင်းဖြင့် သေကုန်သောသတ္တဝါတို့အား ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးသည် ထင်ရှမြဲ ဖြစ်၏။

(**သေခါနိုးကာလအရ** စုတေတုန်းဆဲဆဲ စုတိစိတ္တက္ခဏကို မယူရ၊ စုတိ၏

အနီးအပါးဖြစ်သောကာလ **မရဏာသန္နဇော**ကို ယူရမည်။)

(၁) ကံ

ရှေးရှေးဘဝကပြုခဲ့သော များစွာသောကံတို့တွင် ဒုတိယဘဝ၌ အကျိုးပေးခွင့် အလှည့်သင့်သောကံသည် ယခုဘဝ သေခါနီးကာလတွင် ထင်လာ၏။ ၎င်းထင်လာသောအာရုံကိုကံ ဟု ခေါ်သည်၊ သုဂတိဘုံသို့ လားမည့်သူ ဖြစ်အံ့ - ကုသိုလ်ကံ ထင်၏။ ဒုဂ္ဂတိဘုံသို့ လားမည့်သူ ဖြစ်အံ့- အကုသိုလ်ကံသည် ထင်လာရ၏။

ကမ္မာ ၁၀၀-က ပြုခဲ့သောကံ ဖြစ်စေကာမူ မိမိအကျိုးပေးခွင့် အလှည့်သင့်ပါက ယနေ့ပြုသကဲ့သို့ အသစ်ဖြစ်၍ မနောဒွါရ၌ မိမိအလိုလို ရှေ့ရှုပေါ်လာ၏။ ထိုသို့ ရှေ့ရှုပေါ်လာခြင်းကို အဘိမုခီဘူတ ဟုဆို၏။

(၂) ကမ္မနိမိတ်

ကုသိုလ်, အကုသိုလ်ကံကို ပြုစဉ်အခါ တွေ့ကြုံခဲ့ရသော ကံနှင့်စပ်သမျှ ဝတ္ထုအာရုံ ၆-ပါးကို **ကမ္မနိမိတ်** ဟု ခေါ်သည်။

ကမ္မနိမိတ်သည် ကံနှင့်တိုက်ရိုက် သက်ဆိုင်သော ပဓာနအာရုံဖြစ်သည့် **ဥပလဒ္ဓကမ္မနိမိတ်**နှင့် ကံပြီးမြောက်ရန် အဆောက်အဦး အခြေအရံမျှသာ ဖြစ်သော အပဓာနအာရုံဖြစ်သည့် **ဥပကရဏ ကမ္မနိမိတ်** ဟူ၍ နှစ်မျိုး ရှိ၏။

(က) ဥပလဒ္ဓ ကမ္မနိမိတ် = ကုသိုလ်, အကုသိုလ်ကံကို ပြုစဉ်အခါ တိုက်ရိုက် သက်ဆိုင် ရအပ်သော ပဓာနအာရုံဖြစ်သည့် စေတီ, ဆင်းတု, ကျောင်း, ရဟန်း, ပုဂ္ဂိုလ်, သတ္တဝါ စသည်သည် ဥပလဒ္ဓ ကမ္မနိမိတ် မည်၏။

(ခ) ဥပကရဏ ကမ္မနိမိတ် = ကုသိုလ်, အကုသိုလ်ကံကို ပြုစဉ်အခါ ကံပြီးမြောက်စေရန် အဆောက်အဦး အခြေအရံမျှသာ ဖြစ်သော အပဓာနအာရုံ ဖြစ်သည့် ဆွမ်း, ရေချမ်း, ပန်း, ဆီမီး, သင်္ကန်း, ထီး, တံခွန်၊ လက်နက်, ပိုက်ကွန်, လေး, မြား စသည်သည် **ဥပကရဏ ကမ္မနိမိတ်** မည်၏။

(၃) ဂတိနိမိတ်

စုတေခါနီး၌ ကြိုတင်၍ ထင်လာတတ်သည့် လားရောက်အပ်သော ဘဝ၏ အာရုံ၊ နောက်ဖြစ်ရမည့် ဘဝသစ်၏အာရုံများကို ဂတိနိမိတ် ဟုခေါ်သည်။

ဂတိနိမိတ်သည် တိုက်ရိုက် ရထိုက်ရောက်ထိုက်သောဘဝ၏ အာရုံဖြစ်သည့် ဥပလဘိတပု ဂတိနိမိတ်နှင့် ရောက်ရာအရပ်၌ တွေ့ကြုံခံစားရမည့် အသုံးအဆောင် အာရုံများဖြစ်သည့် ဥပဘောဂဘူတ ဂတိနိမိတ် ဟူ၍ နှစ်မျိုးရှိ၏။

(က) ဥပလဘိတပု ဂတိနိမိတ် = အမိဝမ်းရေ, နတ်ဘုံဗိမာန်, ငရဲဘုံ, တော, တောင်, သမုဒ္ဒရာ, မြစ်ကမ်းစသည့် တိုက်ရိုက် ရထိုက် ရောက်ထိုက်သော ဘဝ၏အာရုံသည် **ဥပလဘိတပုဂတိနိမိတ်** မည်၏။

(ခ) ဥပဘောဂဘူတဂတိနိမိတ် = လူ့အသုံးအဆောင် အိုးအိမ်, အဝတ်အထည်, နတ်သမီး, အခြွေအရံ, ဥယျာဉ်, ပဒေသာပင်, ရေကန်, ခွေး, ကျီး, လင်းတ, ငရဲမီး, ငရဲထိန်း စသည့် ရောက်ရမည့်အရပ်၌ တွေ့ကြုံခံစားရမည့် အသုံးအဆောင်စသည်တို့သည် **ဥပဘောဂဘူတ ဂတိနိမိတ်** မည်၏။

ကံ, ကမ္မနိမိတ်, ဂတိနိမိတ် မထင်သောပုဂ္ဂိုလ်

သေခါနီးအခါဝယ် ထိုက်သည်အားလျော်စွာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ ထင်လာတတ်ကြသည်ဆိုရာ၌ ထိုထိုဂတိတို့၌ ဖြစ်ဦးမည့် သတ္တဝါများ၌သာ ထင်လာခြင်း ဖြစ်သည်၊ ထိုထိုဂတိ၌ ဖြစ်တော့မည် မဟုတ်သော ရဟန္တာတို့မှာမူ ကံက အကျိုးပေးမည် မဟုတ်ရကား ကံလည်း မထင်၊ ကံ၏အကြောင်းဖြစ်သော ကမ္မနိမိတ်လည်း မထင်၊ နောင်ဘဝ၌ ရောက်မည့်ဂတိလည်း မရှိတော့ရကား ဂတိနိမိတ်လည်း မထင်တော့ချေ။ မိမိတို့ စွဲစွဲမြဲမြဲ ဆင်ခြင်နေကျ ဖြစ်သော ရုပ်နာမ်အစရှိသောအာရုံသည်သာ ထင်လာလေသည်။

စုတေခါနိုး စိတ်အစဉ်ဖြစ်ပုံ

အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆို အပ်သောအာရုံကိုပင် အာရုံပြု၍ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအားလျော်စွာ စင်ကြယ်သည် ဖြစ်၍လည်းကောင်း၊ ညစ်နွမ်းသည် ဖြစ်၍လည်းကောင်း၊ ရအပ်, ခံစားအပ်သော ဘဝ၌ ညွတ်သကဲ့သို့ စိတ်၏အစဉ်သည် မပြတ်မလပ် အထပ်ထပ် များသောအားဖြင့် ဖြစ်၏၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် **"ဝိပစ္စမာနက ။ပ။ ကိလိဋ္ဌဝါ"** ဟူသော ပါဠိကို မိန့်ဆိုတော်မူ၏။

အဘိနဝကရဏဝသေန

"အဘိနဝကရဏဝသေန = မိမိကိုယ်ကို အသစ်ပြု၍ နေရသည်၏အစွမ်းဖြင့် ထင်၏" ဟူသည် ကမ္မာ ၁-သိန်းအထက်က ပြုခဲ့သောကုသိုလ်ပင် ဖြစ်သော်လည်း သေခါနီးကာလ၌ ပြုအပ်သကဲ့သို့ ဖြစ်၍ မနောဒွါရ၌ ထင်လာနိုင်လောက်အောင် ပြုသည်ကို **အဘိနဝကရဏဝသေန** ဟု ဆိုပါသည်။

~ ~

မရဏာသန္နဝီထိ

ပစ္စာသန္နမရဏ

မရဏာသန္နဝီထိ တစ်ဝီထိဖြစ်ပြီးနောက် စုတိစိတ်ဖြစ်လောက်အောင် (သို့) မရဏာသန္နဝီထိတစ်ဝီထိနောင် ဘဝင်အနည်းငယ်ခြားပြီးနောက် စုတိစိတ်ဖြစ် လောက်အောင် သေဖို့ရန် နီးကပ်နေသည်ကို **"ပစ္စာသန္နမရဏ"** ဟု ဆိုပါသည်။

မရဏာသန္နဝီထိသည်-(၁) တဒါရုံနောင် စုတိ၊
(၂) တဒါရုံ ဘဝင်နောင် စုတိ၊
(၃) ဇောနောင် စုတိ၊
(၄) ဇော ဘဝင်နောင် စုတိ ဟု လေးဝီထိရှိရာ -
ကာမဘုံမှ စုတေ၍ ပြဟ္မာဘုံသို့ သွားမည်သူ၊ ပြဟ္မာဘုံအချင်းချင်း သွား

မည့်သူ၊ ပြဟ္မာ့ဘုံမှ ကာမဘုံသို့ လားမည့်သူတို့၌ တဒါရုံနောင် စုတိ၊ တဒါရုံဘဝင် နောင် စုတိကျသော ၂-ဝီထိကို မရဖိုင်ခေါ်။

တဒါရုံတို့မည်သည် ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ (ဝိဘူတ, အတိမဟန္တအာရုံ)ဖြစ်မှ ကျန်ိုင်ရာ ပြဟ္မာ့ဘုံ၌ကျသော မရဏာသန္နဝီထိတို့သည် ကာမသတ္တဝါ မဟုတ်၍ တဒါရုံမကျနိုင်၊ ကာမဘုံမှ ပြဟ္မာ့ဘုံသို့ သွားရာ၌ကား မရဏာသန္နဝီထိသည် ကာမသတ္တဝါ၏ဝီထိ ဖြစ်သော်လည်း အာရုံမှာ ကသိုဏ်းပညတ် စသောအာရုံ ဖြစ်၍ တဒါရုံ မကျနိုင်။

ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်သောပုဂ္ဂိုလ်၌ကား- ကာမဇော, ကာမသတ္တဝါ, အာရုံမှာလည်း ဖြစ်လတ္တံ့သော ကာမဝိပါက် ပဋိသန္ဓေစိတ်မှာ ကာမတရားကိုသာ အမြဲအာရုံပြုသောကြောင့် ထိုကာမပဋိသန္ဓေစိတ်အား အာရုံယူပေးရသော မရဏာသန္နဇောသည်လည်း ကာမတရားကိုသာ အာရုံပြုရခြင်းကြောင့် ကာမအာရုံပင် ဖြစ်သည်၊ သို့ဖြစ်၍ မရဏာသန္န ၄-ဝီထိလုံး ရထိုက်၏။

မရဏာသန္နဝီထိ၏အာရုံ

မရဏာသန္နဝီထိ၏အာရုံသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟု ၃-ပါး ရှိ၏။

၁။ ကံ ဟူသည် - နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးရမည့်ကံတည်း။

ထိုကံသည် မရဏာသန္နဇောမရောက်ခင် ရှေးရှေးကပင် ဖြစ်ခဲ့ပြီးဖြစ်ရကား မရဏာသန္နဝီထိ၌ အတိတ်အဖြစ်ဖြင့်သာ ထင်ရမည်၊ ထိုကံသည် စေတနာစေတသိက်ဖြစ်ပြီး အာရုံ ၆-ပါးတွင် ဓမ္မာရုံဖြစ်၍ မနောဒွါရ၌သာ ထင်လာသည်။

၂။ ကမ္မနိမိတ် ဟူသည် -ထိုအတိတ်ကံပြုတုန်းက တွေ့ကြုံခဲ့သမျှ အာရုံတည်း။

ထိုကမ္မနိမိတ်မှာ ပစ္စုပ္ပန်, အတိတ် ၂-မျိုးပင် ရ၏။

(က) အတိတ်ကမ္မနိမိတ်

ရှေးကပြုခဲ့ဖူးသော, ချုပ်ဆုံးပျောက်ကွယ်ပြီးသော ဆွမ်း, သင်္ကန်း, ကျောင်း, ကန် စသော ကုသိုလ်ကမ္မနိမိတ်၊ တုတ်, လှံ, ဓား စသော အကုသိုလ်ကမ္မနိမိတ်တို့သည် အတိတ်ကမ္မနိမိတ် မည်ကုန်၏။ အတိတ်ကမ္မနိမိတ်သည် မနောဒွါရ၌သာ ထင်နိုင်၏။

(ခ) ပစ္စုပ္ပန်ကမ္မနိမိတ်

စုတေခါနိုးအခါဝယ်မိဘဆွေမျိုးတို့သည် ယူဆောင်အပ်သောဆွမ်း,ပန်းစသော မချုပ်သေးဘဲ ထင်ရှားရှိသော ကမ္မနိမိတ်သည် ပစ္စုပ္ပန်ကမ္မနိမိတ်မည်၏၊ ထိုကမ္မနိမိတ်သည် အာရုံအားဖြင့် ၆-ပါးလုံးတည်း၊ ဒွါရအားဖြင့် ဒွါရအားဖြင့် (ယထာရဟ) ၆-ဒွါရလုံး၌ ထင်နိုင်၏။

မှတ်ချက် ။ ။ သေခါနိုး မရဏာသန္နဇောအခါဝယ် ပစ္စုပ္ပန်ကမ္မနိမိတ်ကား အစစ် မရနိုင်၊ သို့ရာတွင် မရဏာသန္နဝီထိမကျမီကဖြစ်ခဲ့သော ကံပြုစဉ်တုန်းက တွေ့ကြုံခဲ့သောအာရုံ(ကမ္မနိမိတ်အစစ်)သည် မချုပ်သေးမီ ရှိနေဆဲ ထိုပစ္စုပ္ပန်ကမ္မနိမိတ်(အစစ်)ကို ဆက်လက်အာရုံပြုပြီး မရဏာသန္နဝီထိဆက်ဖြစ်ရာ မရဏာသန္နဇောသည် ကံ မမြောက် (ပဋိသန္ဓေအကျိုးကို မပေးနိုင်)သောကြောင့် ၎င်း မရဏာသန္နဇော၏အာရုံကို 'ကမ္မနိမိတ်'ဟု ခေါ်ဆို၍ မရချေ။

မရဏာသန္နဝီထိမကျမီက ကမ္မနိမိတ်အာရုံနှင့် မရဏာသန္နဝီထိ၏အာရုံသည် ပရမတ္ထအလို ခဏခဏ ပျက်သောကြောင့် တစ်ခုတည်းဟု မဆိုနိုင်သော်လည်း သန္တတိပညတ်အားဖြင့် မကွဲမပြား တစ်သားတည်း, တစ်ခုတည်းပင် ဖြစ်ရကား ကမ္မနိမိတ်(အစစ်)အာရုံနှင့် ယခု မရဏာသန္နဝီထိ၏အာရုံတို့ တူမျှမှုကို စွဲ၍ သဒိသူပစာရအားဖြင့် မရဏာသန္နဇော၏အာရုံကိုပင် ပစ္စုပ္ပန်ကမ္မနိမိတ်ဟု ခေါ်ဝေါ်ရလေသည်။

မရဏာသန္နဇော၏အာရုံ ပစ္စုပ္ပန်-ကမ္မနိမိတ်(အစစ်) မဖြစ်နိုင်ပုံ

သေခါနိုး မရဏာသန္နဇောအခါဝယ် ပစ္စုပ္ပန်ကမ္မနိမိတ်ကား အစစ်မရနိုင်၊ မှန်၏ -

(၁) မရဏာသန္နဇောက ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကံဖြစ်မှ ကမ္မနိမိတ်သည် ပစ္စုပ္ပန်အာရုံအစစ် ဖြစ်နိုင်မည်။

မရဏာသန္နဇောသည် ပဋိသန္ဓေသစ်အား အာရုံထင်အောင် ဆောင်ရွက်ရမည့်တာဝန် ရှိနေ၍ ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ("သူသည်ပင် အာရုံထင်လာအောင် ရွက်ဆောင်ရ၊ သူသည်ပင် ပဋိသန္ဓေအကျိုးကို ပေးရ"ဟု ၂-ကိစ္စ မဆောင်ရွက်နိုင်။)

(၂) ကံအကျိုးပေးရာဌာနတိုင်းမှာပင် "တစ်ကြိမ်တစ်ခါပြုမူ(ကတ)နှင့် အထပ်ထပ်ပွါးစေ, များစေမှု, အခါခါပြုမူ(ဥပစိတ)" ဟု ဟောတော်မူလေ့ရှိ၏၊ **ကံတို့မည်သည် တစ်ကြိမ်တစ်ခါနှင့် အကျိုးပေးနိုင်ခဲ၏၊ အထပ်ထပ်ပြုမှ အကျိုးပေးတတ်၏၊** မရဏာသန္နဝီထိအခိုန်တွင်မူ အထပ်ထပ်ပြုခိုန်လည်း မရတော့။

(၃) ပဋိသန္ဓိဒါမင်္ဂလည်း **"ကုသိုလ်တစ်ခုကို ပြုပြီးနောက် ထိုကုသိုလ်ကို သာယာလိုက်မှ ပဋိသန္ဓေအကျိုးပေးကြောင်း"** ဟောတော်မူထား၏။

မရဏာသန္နဇောကျမှဖြင့် ပြုပြီးနောက် သာယာခိုန် မရနိုင်တော့ပြီ။

(၄) ထို့ပြင် မရဏာသန္နဇောသည် စက္ခုဒွါရိကစသော ပဉ္စဒွါရိကဇော ဖြစ်အံ့၊ **ပဉ္စဒွါရိကဇောမှန်လျှင် အင်မတန်အားသေးရကား မည်သည့်ကမ္မပထတစ်ခုကိုမျှ ထမြောက်အောင် မပြုနိုင်။**

- ဤ ပြခဲ့သောအကြောင်းများအရ - မရဏာသန္နဇောသည် ကံ အထမမြောက်၊ ကံအထမမြောက်လျှင် မရဏာသန္နဇော၏ပစ္ဆာပွန်အာရုံသည် ကမ္မနိမိတ်အစစ် မဖြစ်နိုင်၊ တစ်နည်းနည်းဖြင့် ဆက်သွယ်ထားသော ကမ္မနိမိတ်အတုသာ ဖြစ်ခွင့်ရှိသည်။

၃။ ဂတိနိမိတ် ဟူသည်- လားရမည့်ဘဝ၌ တွေ့ကြုံထိုက်သောအာရုံများတည်း။

အဋ္ဌကထာနှင့် မူလဋီကာအလို -

ကာလအားဖြင့် - ပစ္စုပ္ပန်ကာလ၊

အာရုံအားဖြင့် - ရူပါရုံ၊

ဒွါရအားဖြင့် - မနောဒွါရ၊

(နောင်ဘဝကျမှ တွေ့ရမည့်ရူပါရုံကို ပကတိစက္ခုဖြင့် စေ့စေ့ငုငု မမြင်နိုင်၊ မနောဒွါရ၌သာ အိမ်မက်မက်သလို မေ့မြောနေစဉ် ထင်လာခြင်း ဖြစ်၍ မနောဒွါရဖြင့်သာ ယူနိုင်သည်ဟု ဆိုလိုသည်။)

သင်္ကြိတ်၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ သစ္စသံခိပ်၊ ပရမတ္ထဒီပနီအလို -

ပစ္စုပ္ပန်ကာလ၊ အာရုံ ၆-ပါး၊ ၆-ဒွါရ၊

မရဏာသန္နဇောနှင့် စုတိကျပုံ

မရဏာသန္နဝီထိ၌ နံ့သည်ဖြစ်၍ ဖြစ်ကုန်သော, ၅-ကြိမ်သာလျှင် ဖြစ်ကုန်သော ဇောတို့ကို အလိုရှိအပ်ကုန်၏။ ထို့ကြောင့် ထင်ခြင်းသို့ ရောက်ကုန်သော တုတ်, လုံ။ ပ ။ ပန်းမာလ်စသော ကမ္မနိမိတ်၊ အမိဝမ်းရေ ။ ပ ။ ပဒေသာပင် စသော ဂတိနိမိတ်ဟူဆိုအပ်သော ပစ္စုပ္ပန်အာရုံတို့သည် ထင်ရှားရှိကုန်စဉ်ပင် သေခြင်းသည် ဖြစ်၏။

မန္ဒပ္ပဝတ္ထာနိ - ဟူသော ပါဠိဖြင့် စုတေခါနီးသော သတ္တဝါသည် ရေနံဆီ, ဓာတ်ဆီကုန်ခမ်းသော မီးကဲ့သို့ ကံအား ဟဒယဝတ္ထုအား စသည်တို့သည် အလွန်အားနည်းကုန်သည်အဖြစ်ကြောင့် ဇောအရှိန်တို့သည် ပကတိအခါကဲ့သို့ ၇-ကြိမ် မစောနိုင်ဘဲ ၅-ကြိမ်သာ စောကုန်တော့၏-ဟူသော အဓိပ္ပါယ်ကို ပြ၏၊ မနောဒွါရ၌ ဂတိနိမိတ်၏အစွမ်းဖြင့် ပဋ္ဌဒွါရ၌ ကမ္မနိမိတ်၏အစွမ်းဖြင့် ပစ္စုပ္ပန်အာရုံတို့သည် ထင်ခြင်းသို့ ရောက်ကုန်စဉ် သေခြင်းသည် ဖြစ်၏၊ ဤကား အရှင်အနုရုဒ္ဓါဆရာ၏ အလိုတော်တည်း။

မရဏာသန္နဇောသည် ပဋိသန္ဓေအကျိုး မပေးနိုင်ခြင်း

(၁) ဆည်းပူးအပ်သည်၏အဖြစ် (အထပ်ထပ်ဖြစ်မှု အာသေဝန) မရှိသောကြောင့် လည်းကောင်း၊

(၂) တဏှာဖြင့် မသာယာအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း - မရဏာသန္နဇောသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါ။

ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကံ(စေတနာ)

(၁) ဆည်းပူးအပ်သည်၏အဖြစ် ရှိခြင်း(အဖန်တလဲလဲရအပ်သော အာသေဝန ရှိခြင်း)၊

(၂) နိကန္တိတဏှာဖြင့် သာယာခြင်း၊

(၃) မနောဒွါရိကဇောဖြစ်၍ အားရှိခြင်း၊

ဤအင်္ဂါ ၃-ချက်ဖြင့် ပြည့်စုံမှ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။

(အလွန်အားနည်းသောကြောင့် ပဋ္ဌဒွါရိကဇောစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါ။)

ပဋိသန္ဓေစိတ်ဖြစ်ပုံ

စုတိစိတ်ချုပ်သည်ရှိသော် ထိုစုတိစိတ်၏ အခြားမဲ့၌သာလျှင်-

(၁) **ဆဒ္ဒါရိကမရဏာသန္နဇောသည်** ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍၊

(၂) **မှီရာဝတ္ထုရှိသည်** ဖြစ်၍လည်းကောင်း, မှီရာဝတ္ထု မရှိသည် ဖြစ်၍လည်းကောင်း၊

(၃) ထိုက်သည်အားလျော်စွာ အဝိဇ္ဇာနုသယသည် ခြံရုံလျက်, တဏှာနုသယလျှင် အကြောင်းရင်းရှိသော ကုသိုလ်အကုသိုလ်ကံဟု ဆိုအပ်သော သခ်ါရမှ ဖြစ်စေလျက်၊

(၄) ဖဿ ဝေဒနာ အစရှိသော သမ္မယုတ်တရားတို့သည် ခြံရုံလျက်၊ ဖဿ ဝေဒနာ အစရှိသော သဟဇာတ်တရားတို့၏ တည်ရာအဖြစ်ဖြင့် ပြဋ္ဌာန်းသည် ဖြစ်၍ (ရှေ့သွားခေါင်းဆောင်ဖြစ်၍) ဖြစ်သော၊

(၅) ရှေ့ဘဝနှင့် နောက်ဘဝကို တစ်စပ်တည်းကဲ့သို့ စပ်တက်သည်၏အစွမ်းအားဖြင့် - ပဋိသန္ဓေဟု ဆိုအပ်သောစိတ်သည် ဖြစ်ဆဲဖြစ်၍သာလျှင် ဘဝတစ်ပါး၌ တည်၏။

(၁) စုတိစိတ်ချုပ်ပြီးနောက် ထိုစုတိစိတ်၏အခြားမဲ့၌ ပဋိသန္ဓေစိတ်ဖြစ်သည်။

သို့ဖြစ်၍ **အန္တရဘဝဝါဒီ (အန္တရ** - စုတိ, ပဋိသန္ဓေတို့အကြား၌၊ **ဘဝဝါဒီ**- ဘဝတစ်မျိုး ရှိသေး၏ဟု ပြောဆိုလေ့ရှိသူ)တို့၏အယူဖြစ်သော "စုတိနှင့် ပဋိသန္ဓေစိတ်အကြား၌ ယာယီဘဝတစ်မျိုး ရှိသေး၏၊ အချို့သတ္တဝါသည် စုတေလျှင် စုတေခြင်း အတည်တကျ ဖြစ်ရမည့်ဘဝ၌ ပဋိသန္ဓေမနေရသေးဘဲ (ပဋိသန္ဓေနေနိုင်လောက်သောအင်္ဂါ ညီညွတ်အောင်) မိခင်လောင်း၏ရာသီပန်းပွင့်ချိန်၊ ဖခင်လောင်းနှင့် ပေါင်းသင်းချိန်များကို စောင့်ဆိုင်းကာ ၇-ရက်ဖြစ်စေ, ထိုထက် အယုတ်အလွန် ဖြစ်စေ ထိုယာယီဘဝ၌ နေရသေး၏၊ ထိုဘဝ၌ နေခိုက်မှာ ဒိဗ္ဗစက္ခုအဘိညာဉ် ရသောတန်ခိုးရှင်ကဲ့သို့ အရာခပ်သိမ်းကိုလည်း မြင်နိုင်၊ လိုရာအရပ်သို့လည်း တစ်ခဏချင်းသွားနိုင်သည်၊ ၇-ရက်(သို့) ထိုထက် အယုတ်အလွန်ကြာမှ ဘဝတစ်ပါး၌ ပဋိသန္ဓေယူသည်" ဟူသော မိစ္ဆာအယူကို တားမြစ်သည်။

(၂) ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌ ဖြစ်ဆဲဖြစ်၍ သာလျှင် တည်သည်။

ဤ၌ "ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှ ဥပါဒ်၍ ဌီအခိုက်ကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်"ဟူသော လောက်လန်းသဖွယ် ဝိညာဉ်တွယ်ဟူသော ယူမှားချက်ကို တားမြစ်လိုရင်း ဖြစ်သည်၊ လောက်လန်းသဖွယ် ဝိညာဉ်တွယ်ဟူသော ပရိဘာသာအရ လောက်လန်းသတ္တဝါသည် အမြီးပိုင်းဖြင့် တစ်နေရာ၌ တည်ပြီးလျှင် ခေါင်းပိုင်းဖြင့် တစ်နေရာကို ရှာဖွေ၏၊ ရှာဖွေ၍ မတွေ့သမျှ အမြီးပိုင်းတည်ရာကို မလွတ်သေး၊ တွေ့သည့်အခါမှ ခေါင်းပိုင်းဖြင့် ထိုနေရာကို ထောက်၍ နောက်ပိုင်းပါ ပြောင်းရွှေ့သည်၊ ထို့အတူ ပဋိသန္ဓေဝိညာဏ်သည်လည်း ဥပါဒ်, ဌီ, ဘင် ၃-ပိုင်းတွင် ဥပါဒ်ပိုင်းကာလဖြင့် ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီးလျှင် ဌီအပိုင်းကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာ၏ဟု ယူမှားတတ်သောကြောင့် ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌ တည်၏ဟု ဆိုခြင်း ဖြစ်သည်။

အယူမှားမှု (ဒိဋ္ဌိ) မဖြစ်ရန်

ဘဝဟောင်းမှ စုတေ၍ ဘဝသစ်သို့ ပဋိသန္ဓေစိတ် ဖြစ်ရာ၌ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-မျိုးမှ ကင်းလွတ်ဖို့ရန် အရေးကြီးသည်၊ ၎င်းဒိဋ္ဌိ ၂-မျိုးလုံးသည် ရုပ်နာမ် အပေါ်၌ အတ္တစွဲလမ်းမှုကို အရင်းခံ၍ ဖြစ်သည်၊ ထို့ကြောင့် -

(၁) "ဤဘဝက အတ္တဖြစ်သော ရုပ်(သို့)နာမ်သည်ပင် ဘဝသစ်၌ ဆက်လက် ပါလာ၏"ဟု ယူလျှင် သတ္တဝါသည် မပြတ်မစဲ မြဲ၏ဟု ယူသော သဿတဒိဋ္ဌိအယူ ဘက်သို့ ပါတတ်၏။

(၂) "ဤဘဝက အတ္တဖြစ်သော ရုပ်နာမ်ဟူသမျှနှင့် လုံးဝအဆက်အသွယ် မရှိ ပြတ်၏၊ နောက်ဘဝ၌ နောက်ရုပ်နာမ် အသီးအခြားဖြစ်သည်"ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဘက်သို့ သက်ဝင်ပြန်၏။

သို့ဖြစ်၍ "ဤဘဝက အကြောင်းနှင့်လည်း မကင်းတတ်၊ တိုက်ရိုက်ပါလာခြင်း သည်လည်း မရှိ"ဟု ယူမှသာ ဖော်ပြပါ ဒိဋ္ဌိ ၂-မျိုးမှ ကင်းလွတ်နိုင်သည်။

အမှန်မှာ - ရုပ်နာမ်တရားတို့သည် ပကတိအခါ၌ပင် တစ်နေရာမှ တစ်နေရာသို့၊ တစ်ခဏမှ တစ်ခဏသို့ မပြောင်းမရွှေ့နိုင်ကြပါ၊ ယခုလို သေ၍ ဘဝတစ်ပါးမှ

ပြောင်းလွဲရသောအခါဝယ် ပြောင်းရွှေ့ပါလာလေသလားဟု ယုံမှားဖွယ်ရာ မရှိသင့်တော့ချေ။ ထို့ကြောင့် ဘဝသစ်၌ ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်းက ရုပ်နာမ်များ တိုက်ရိုက်ပြောင်းရွှေ့လာခြင်းလည်း မဟုတ်ပါ။

သို့သော် အဝိဇ္ဇာ, တဏှာ, သခ်ါရတို့ ဝိုင်းဝန်း စီမံလိုက်ကြသဖြင့် ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ် ဥပါဒ်ရကား ဘဝဟောင်းကအကြောင်းများနှင့်လည်း မကင်းနိုင်ပါ။

ဥပမာ - တောင်အနီး၌ ဟစ်အော်သောအသံသည် တောင်နံရံကို တိုက်ခိုက်မိသောအခါ ပဲ့တင်သံဟု ခေါ်သော အသံတစ်မျိုး တောင်မှ ပြန်ထွက်လာ၏။ ထိုပဲ့တင်သံသည် မူလအော်သံလည်း မဟုတ်၊ မူလအော်သံနှင့်ကင်းလျက် အလွတ်သက်သက်လည်း မဖြစ်နိုင်သကဲ့သို့ ထို့အတူ ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်းက ရုပ်နာမ်အဆက်လည်း မဟုတ်၊ ဘဝဟောင်းက အဝိဇ္ဇာ, တဏှာ, သခ်ါရ အကြောင်းများလည်း မကင်းနိုင်ချေ။

(ဆီမီးတစ်ခုမှ ဆီမီးကူးရာ၌ ဒုတိယမီးသည် ပထမမီး၏အဆက်လည်း မဟုတ်၊ ပထမမီးနှင့်လည်း မကင်းနိုင်ပုံ၊ တံဆိပ်နှိပ်ရာ၌ တံဆိပ်ရာသည် မူလတံဆိပ်၏အဆက်လည်း မဟုတ်၊ မူလတံဆိပ်နှင့်လည်း မကင်းနိုင်ပုံကိုပါ ဥပမာဆောင်၍ ပြကြသည်။)

ပဋိသန္ဓေစိတ်၏ အာရုံ

ပဋိသန္ဓေစိတ်သည် ရှေးဘဝဟောင်း စုတေခါနီးဝယ် မရဏာသန္နဇော ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင် တစ်ပါးပါးကို ဆက်လက်၍ ယူရိုး, အာရုံပြုရိုး ဖြစ်သည်။

မရဏာသန္နဇောက ကံကို အာရုံပြုလျှင် ပဋိသန္ဓေစိတ်ကလည်း ကံကိုပင် အာရုံပြုသည်၊ မရဏာသန္နဇောက ကမ္မနိမိတ်ကို အာရုံပြုလျှင် ပဋိသန္ဓေစိတ်ကလည်း ကမ္မနိမိတ်ကိုပင် အာရုံပြုလေသည်၊ မရဏာသန္နဇောက ဂတိနိမိတ်ကို အာရုံပြုလျှင် ပဋိသန္ဓေစိတ်ကလည်း ဂတိနိမိတ်ကိုပင် အာရုံပြုလေသည်။

ကာမပဋိသန္ဓေ၏ အာရုံ

ယခုပြခဲ့သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အမည်ရသောအာရုံများသည်

ကာမတရားတွင် ပါဝင်သော အာရုံများ ဖြစ်ကြ၏။ ကာမဝိပါက်ပဋိသန္ဓေများသည် ကာမတရားကိုသာ အာရုံပြုကြ၏။ သို့ဖြစ်၍ မရဏာသန္နဇောတို့က ကာမပဋိသန္ဓေတို့အတွက် ယူပေးရသည့်အာရုံများသည် 'ကံ, ကမ္မနိမိတ်, ဂတိနိမိတ်' အမည်ရသော အာရုံများပင် ဖြစ်၏။

ဤတွင် ကံအာရုံမှတစ်ပါး ကမ္မနိမိတ်နှင့် ဂတိနိမိတ်များသည် ပဥ္စဒ္ဒါရ၌ ဖြစ်၏။ မနောဒ္ဒါရ၌ကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-မျိုးလုံးပင် ဖြစ်၏။ ၎င်းအပြင် ကံအာရုံသည် အတိတ်ကာလ၌သာ ဖြစ်၏။ ကမ္မနိမိတ်သည် အတိတ်နှင့် ပစ္စုပ္ပန် ၂-မျိုးလုံး ရ၏။ ဂတိနိမိတ်သည်ကား ပစ္စုပ္ပန် ၁-မျိုးသာ ဖြစ်၏။

ပဋိသန္ဓေ, ဘဝင်တို့၏ အာရုံ

ပစ္စုပ္ပန်ရကောင်းသော ကမ္မနိမိတ်, ဂတိနိမိတ်ကို မရဏာသန္နဇောတို့က အာရုံပြုရာ၌ဘဝသစ် ပဋိသန္ဓေ, ဘဝင်တို့သည် မရဏာသန္နဇော ယူပေးအပ်သော အာရုံကိုပင် ယူကြရိုး ဖြစ်သောကြောင့် ထို ပစ္စုပ္ပန် ကမ္မနိမိတ်, ဂတိနိမိတ် တစ်ခုခုတို့ မချုပ်သေးခင် စုတေရလျှင် ပဋိသန္ဓေသစ်နှင့် ဘဝင်စိတ်များလည်း ပစ္စုပ္ပန် အာရုံကို ဆက်၍ယူကြရသည်။

ထို့ကြောင့် -

(၁) ဇောဆုံးသော ပဥ္စဒ္ဒါရဝီထိဖြစ်အံ့၊ အတိတဘဝင်မှစ၍ စုတိတိုင်အောင် အာရုံအသက် စိတ္တက္ခဏ ၁၄-ချက်သာ ရှိ၏။ ပစ္စုပ္ပန်အာရုံ မချုပ်သေး၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၂-ကြိမ်တို့သည် ထိုပစ္စုပ္ပန်အာရုံကို ဆက်၍ အာရုံပြုကြသည်၊ တတိယဘဝင်မှ စ၍ နောက်နောက်ဘဝင်များကား အတိတ်ကိုသာ အာရုံပြုကြ၏။

(၂) တဒါရုံဆုံးသော ပဥ္စဒ္ဒါရဝီထိဖြစ်အံ့၊ အတိတဘဝင်မှစ၍ စုတိတိုင်အောင် အာရုံအသက် ၁၆-ချက် ရှိပြီ၊ ပဋိသန္ဓေသစ်သာ ပစ္စုပ္ပန်အာရုံကို အာရုံပြုနိုင်တော့သည်၊ ဘဝင်တို့မှာ အတိတ်ကိုသာ အာရုံပြုရတော့သည်။

(၃) ဇောဆုံးသော မနောဒ္ဒါရဝီထိဖြစ်အံ့၊ န, ဒ, မ, မရဏာသန္နဇော-၅, စုတိတိုင်အောင် အာရုံအသက် ၉-ချက် ရှိ၏။ ပဋိသန္ဓေသစ်နှင့် ဘဝင် ၇-ကြိမ်တို့သည် ပစ္စုပ္ပန်အာရုံကို အာရုံပြု၏။

(၄) တဒါရုံဆုံးသော မနောဒွါရဝီထိဖြစ်အံ့၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၄-ချက် တို့သည် ပစ္စုပ္ပန်အာရုံကို အာရုံပြု၏။

(ဇောနောင် ဘဝင်စုတိ၊ တဒါရုံနောင် ဘဝင်စုတိကျသော ဝီထိများကို ချ၍ လည်း ပဋိသန္ဓေ, ဘဝင်စိတ်တို့၏ ပစ္စုပ္ပန်အာရုံကို စိစစ်ကြည့်ပါ။)

ရူပါရူပ ပဋိသန္ဓေ၏ အာရုံ

(၁) ရူပပဋိသန္ဓေသည် = ပညတ်ကမ္မနိမိတ်ကိုသာ အာရုံပြု၏။

(၂) အရူပပဋိသန္ဓေသည် = ပညတ်ကမ္မနိမိတ်နှင့် (အတိတ်) မဟဂ္ဂုတ်ကမ္မနိမိတ် ဟု ကမ္မနိမိတ်ကိုပင် အာရုံပြု၏။

~ ~

ပဋိသန္ဓေနေခြင်းအကြောင်း ၃-ပါး

အဝိဇ္ဇာ(ခြုံရုံ), တဏှာ(အရင်းခံ)၍, ပြုလုပ်သော ကုသိုလ်-အကုသိုလ်ကံ (သဒ္ဒါရ) တရားများကြောင့် ဘဝသစ်၌ ပဋိသန္ဓေနေကြရသည်။

ကုသိုလ်, အကုသိုလ် ပြုရာ၌ များသောအားဖြင့် မျှော်လင့်ချက်တစ်ခုခု, တောင့်တမှု တဏှာအနုသယ အရင်းခံလျက် ရှိတတ်သောကြောင့် တဏှာနုသယ ကိုပင် မူလ(အရင်းခံ) ဟု ဆို၍-

မတောင့်တထိုက်သည်ကို တောင့်တရာ၌ အဝိဇ္ဇာက အပြစ်ကို မမြင်နိုင် အောင် ဖုံးလွှမ်းရုံသာ ဖြစ်သောကြောင့် **အဝိဇ္ဇာနုသယ**ကို အခြံအရုံဟု ဆိုသည်။

သဒ္ဒါရအရ ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် ကံကိုလည်းကောင်း၊ ထိုကံနှင့်တကွဖြစ်သော ဖဿစသော ယှဉ်ဘက်စေတသိက် တရားများကိုလည်းကောင်း၊ မရဏာသန္နအခိုက်မှာဖြစ်၍ ကံစသောအာရုံ ရောက် အောင် ပဋိသန္ဓေဝိညာဏ်ကို ပစ်ပို့တတ်သော မရဏာသန္နဇောစေတနာကို လည်းကောင်း၊ ထိုစေတနာနှင့်တကွ ဖြစ်သော ဖဿစသော ယှဉ်ဘက်စေတသိက် များကိုလည်းကောင်း ယူရသည်။

ဤသို့ "ဘဝသစ်၌ အပြစ်ကို မမြင်ရအောင် ဖုံးလွှမ်းထားသောအဝိဇ္ဇာ ခြုံရုံ၍ စိတ်အစဉ်ကို ညွတ်ကိုင်းရှိုင်းစေသော တဏှာအရင်းခံကာ ကုသိုလ်, အကုသိုလ်

သခ်ၤါရ ဇနကကံတို့ကို ပြုလုပ်ခဲ့ခြင်းကြောင့် ကံ(သခ်ၤါရ)၏ပစ်ချမှုဖြင့် ဘဝသစ်၌ ပဋိသန္ဓေနေရခြင်း ဖြစ်လေသည်"။

ပဋိသန္ဓေစိတ်၏ ဟဒယဝတ္ထု မှီ-မမှီ

ပဥ္စဝေါကာရဘုံသားများမှာ - ရူပက္ခန္ဓာနှင့်တကွ ခန္ဓာ ၅-ပါးကို ရရှိ၍ ဟဒယဝတ္ထုရသော ဘုံသားများ ဖြစ်သဖြင့် ၎င်းတို့၏ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုကို မှီ၍ အတူတကွတစ်ပြိုင်နက် ဖြစ်ကြ၏။

စတုဝေါကာရဘုံသားများမှာ- ရူပက္ခန္ဓာကို မရကြ၍ ပဋိသန္ဓေစိတ်သည်လည်း ဟဒယဝတ္ထုကို မှီ၍ မဖြစ်၊ မှီရာဝတ္ထုရုပ် မရှိချေ။

~ ~

စုတိနောင် ပဋိသန္ဓေနှောင်းပုံ

(အဘိဓမ္မာဇယား ပြန်ကြည့်ပါ။)

ရူပါဝစရစုတိနောင် အဟိတ်ပဋိသန္ဓေ, အပါယ် ပဋိသန္ဓေတို့ မရနိုင်ခြင်း

ရူပဘုံ၌ ကာယက်, ဝစီက် အမျိုးမျိုးဖြစ်နေသောကြောင့် ဈာန်မရလျှင် ထိုကံအားလျော်စွာ ကာမဘုံ၌ ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ နေနိုင်၏၊ နိဝရဏတို့ကို ပယ်ခွါထားသဖြင့် အဟိတ်ပဋိသန္ဓေအကျိုး ပေးနိုင်မည့်ကံများကား အခွင့်မရနိုင်။ (ဘာသာဋီကာ)

ရူပါဝစရစုတိနောင် ဒွိဟိတ်ပဋိသန္ဓေ, တိဟိတ်ပဋိသန္ဓေ နှောင်းခြင်း

ဥပစာရဈာန်၏အစွမ်းကြောင့် ရူပါဝစရစုတိနောင် ဒွိဟိတ်ပဋိသန္ဓေ, တိဟိတ်ပဋိသန္ဓေနှောင်းခြင်း ဖြစ်၏။

အရူပါဝစရစုတိနောင် ကာမတိဟိတ်ပဋိသန္ဓေသာ နှောင်းရခြင်း

အရူပါဝစရဈာန်၏ အနိုင်၌ဖြစ်သော ကာမာဝစရကုသိုလ် ဟူသော ဥပစာရဈာန်က အားကြီးသောကြောင့် ထိုဥပစာရဈာန်၏အကျိုးဖြစ်သော ကာမတိဟိတ်ပဋိသန္ဓေ ၄-ခုသာ နှောင်းရခြင်း ဖြစ်သည်။

အရူပါဝစရစုတိနောင် အောက်အောက်အရူပပဋိသန္ဓေများ မနှောင်းရခြင်း

အထက်အထက် အရူပဗြဟ္မာတို့သည် အောက်အောက်ဖြစ်သော ကံ(စျာန်)ကို အားမထုတ်ကြသောကြောင့် အရူပစုတိနောင် အောက်အောက် အရူပပဋိသန္ဓေများ မနှောင်းနိုင်ခြင်း ဖြစ်ပါသည်။

~ ~

ဘဝင်, စုတိဖြစ်ပုံ

ဆိုအပ်ခဲ့သောနည်းတို့ဖြင့် ယူအပ်ပြီးသော ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေစိတ် ချုပ်သည်၏အခြားမဲ့မှ စ၍ ထိုပဋိသန္ဓေ၏အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် စုတိစိတ် ဖြစ်သည်တိုင်အောင် ဝီထိစိတ်တို့ ဖြစ်ခြင်း မရှိသော် ဘဝင်၏အကြောင်း၏အဖြစ်ဖြင့် ဘဝင်အစဉ်ဟု ဆိုအပ်သော စိတ်သည် မပြတ်မူ၍ မြစ်ရေအယဉ်ကဲ့သို့ ဖြစ်၏၊ အဆုံး၌လည်း စုတိသည်အစွမ်းဖြင့် စုတိစိတ်ဖြစ်၍ ချုပ်၏။

ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့ တူညီသကဲ့သို့ ပြဆိုပုံ (ဥပမာ)

ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့သည် ဥပါဒ် ဌိ ဘင်အားဖြင့် အသီးသီး ဖြစ်ချုပ်ပြီး တခြားစီ တခြားစီ ဖြစ်ကြသော်လည်း ဘုံ, ဇာတ်, သမ္ပယုတ္တဓမ္မ, သခ်ိါရ, အာရုံအားဖြင့် တူညီကြသောကြောင့်သာ တစ်မျိုးတည်း, တစ်ခုတည်းကဲ့သို့ ပြဆိုကြခြင်း ဖြစ်သည်။

ဥပမာ - လူမမာတစ်ဦးသည် ဆေးပုလင်း၏အတွင်းမှ ဆေးကို နေ့တိုင်း မှန်မှန်ယူ၍ စား၏၊ ယနေ့စားသောဆေးသည် လွန်ခဲ့သောနေ့ရက်က စားသောဆေးများမဟုတ်ပါဘဲလျက် ငရုတ်, ပိတ်ချင်း, ဂျင်းစသော ဆေးမြစ် အရေအတွက်၊ ညက်ညောပုံ၊ အဆင်း၊ အသွေး တူလှသောကြောင့်သာ မနေ့ကဆေးကိုပဲ ဆက်လက်၍ စားနေတယ်ဟု လောကမှာ ပြောဆိုနေကြဘိသကဲ့သို့ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် ဘဝင်စိတ်, စုတိစိတ် ဖြစ်သည်တိုင်အောင် မြစ်ရေအယဉ်ကဲ့သို့ အဆက်မပြတ် ဖြစ်နေခြင်း ဖြစ်သည်ဟု ဆိုရခြင်း ဖြစ်ပေသည်။

သံသရာစက် လည်ပုံ, ပြတ်ပုံ

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည်လည်းကောင်း၊ ဘဝင်သည်လည်းကောင်း၊ ဝီထိသည်လည်းကောင်း၊ စုတိသည်လည်းကောင်း ရထားဘီးလည်သကဲ့သို့ တပြောင်းပြန်ပြန် လည်၍ဖြစ်သကဲ့သို့ ထို့အတူ တစ်ဖန် ဘဝတစ်ပါး၌ ဤအတိုင်းပင် လည်၍ ရဟန္တာမဖြစ်မချင်း လည်၍ ဖြစ်ကြလေ၏။ **(သံသရာစက်လည်ပုံ)**

ပညာရှိသူ(တိဟိတ်ပုဂ္ဂိုလ်တို့သည်) မမြဲသောသဘောရှိသော ဝဋ်တရားကို ပညာဖြင့် ဆင်ခြင်၍ ရှည်မြင့်စွာသော ကာလပတ်လုံး ကောင်းသောအကျင့် ရှိကုန်သည် ဖြစ်၍၊ စုတေခြင်းသဘော မရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုကုန်၍၊ ထိုသို့ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းကြောင့် သာလျှင် ကောင်းစွာ အကြွင်းမဲ့ ဖြတ်အပ်ပြီးသော ချစ်ခြင်း, နှောင်ဖွဲ့ခြင်း ရှိကုန်သည် ဖြစ်၍၊ ခန္ဓာဟူသော ဥပဓိ အကြွင်းမရှိသော နိဗ္ဗာန်သို့ ရောက်ကုန်၏။
(သံသရာစက်ပြတ်ပုံ)

ဝီထိမုတ်ဝိုင်းပြီး၏

ရုပ်ပိုင်း

၁။ ရူပသမုဒ္ဒေသ

(ရုပ်တို့ကို အကျဉ်းအားဖြင့် ဖော်ပြခြင်း)

မဟာဘုတ်ရုပ် ၄-ပါး အဖွင့်

မဟာဘုတ်မည်ပုံ

ငါး, လိပ် စသော ဥပါဒိန္နသန္တာန်၊ စကြဝဠာ, ရေ, မြေ စသော အနုပါဒိန္နသန္တာန် တို့၌ မဟာဘုတ်ဟု ဆိုအပ်သော သသမ္ဘာရဓာတ်တို့၏အစွမ်းဖြင့် ကြီးမား၍ ထင်ရှား စွာ ဖြစ်တတ်သောကြောင့်လည်းကောင်း၊ မျက်လှည့်, ဘီလူးမတို့နှင့် တူသောကြောင့် လည်းကောင်း၊ ကြီးမားသော မဟာဘုတ်, ဥပါဒါရုပ်တို့၏ ဖြစ်ရာ ဖြစ်သောကြောင့် လည်းကောင်း မဟာဘုတ် မည်၏။

မဟာဘုတ်တို့၏ မျက်လှည့်ဆရာနှင့် တူပုံ

ထိုရုပ်တရားတို့သည် မိမိသည် မည်ခြင်း အစရှိကုန်သောသဘော ရှိကုန်လျက် ညှိသောအဆင်း အစရှိကုန်သောသဘောဖြင့် ဥပါဒါရုပ်ကို ပြခြင်း အစရှိသောအား ဖြင့် မျက်လှည့်ဆရာတို့နှင့် တူ၏။

မဟာဘုတ်တို့၏ ဘီလူးမနှင့် တူပုံ

ဘီလူးမသည် နှစ်လိုဖွယ်သော အဆင်း သဏ္ဌာန် အစရှိသည်တို့ဖြင့် သတ္တဝါ တို့ကို လှည့်စားသကဲ့သို့ ပထဝီ စသောဓာတ်တို့သည် နှစ်လိုဖွယ်သော မိန်းမ, ယောကျ်ားတို့၏အဆင်းကို ပြခြင်း အစရှိသည်ဖြင့် သတ္တဝါတို့ကို လှည့်စားတတ်ကြ ၏၊ ဤသို့ တူကြပါသည်။

မဟာဘုတ် ၄-ပါး အဓိပ္ပါယ်

(၁) ပထဝီ = မိမိနှင့် အတူတကွဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ တည်ရာ, မှီရာ ဖြစ်သောကြောင့် ပထဝီ မည်၏။

ပထဝီသည်သာလျှင် မိမိ၏လက္ခဏာကိုဆောင်ခြင်း အစရှိသောအနက်ကြောင့်လည်းကောင်း၊ သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်သောအနက်ကြောင့်လည်းကောင်း၊ ကိုယ်၏အစိတ်ဖြစ်သော သွေး အစရှိသောဓာတ်, ဆေးဒန်း မြင်းသီလာ အစရှိသော ကျောက်ဖြစ်သောဓာတ်နှင့် တူသည်၏အဖြစ်ကြောင့်လည်းကောင်း ဓာတ်လည်း မည်၏၊ ထို့ကြောင့် ပထဝီဓာတ် မည်၏။

- ခက်မာသည်၏အဖြစ်လျှင် လက္ခဏာ ရှိ၏။

(၂) အာပေါ = မိမိနှင့် အတူတကွ ဖြစ်ကုန်သော ရုပ်ကလာပ်တို့ကို ပျံ့နှံ့တတ်, ပွါးစေတတ်သောကြောင့် အာပေါ မည်၏။

- ပျော်းအိသည်၏အဖြစ်လျှင် လက္ခဏာ ရှိ၏။

(၃) တေဇော = ကြွင်းသော ဘုတ် ၃-ပါးအပေါင်းကို ရင့်ကျက်စေတတ်, ထက်စေတတ်, ပူစေတတ်, နူးညံ့စေတတ်သောကြောင့် တေဇောမည်၏။

- ပူသည်၏အဖြစ်လျှင် လက္ခဏာ ရှိ၏။

(၄) ဝါယော = ရုပ်အစု,ဘုတ်အစုတို့ကို တည်မြဲတိုင်းသောအရုပ်မှ အခြားတစ်ပါးသောအရုပ်သို့ ရောက်အောင် တိုက်လွှင့်တတ်သောကြောင့် ဝါယော မည်၏။

- ထောက်ပံ့ခိုင်ခံ့စေသည်၏အဖြစ်လျှင် လက္ခဏာ ရှိ၏။

~ ~

ဥပါဒါရုပ်အဖွင့်

ဥပါဒါရုပ် မည်ပုံ - မဟာဘုတ်တို့ကို မှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ် မည်၏။

မေး ။ ။ မဟာဘုတ်တို့ကို စွဲမှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ်မည်ခဲ့သော် "ဧကံ မဟာ-ဘူတံ ။ ပ ။ မဟာဘူတာ"ဤသို့ အစရှိသောစကားကို ဟောတော်မူခြင်းကြောင့် တစ်ပါးပါးသောမဟာဘုတ်တို့သည် ကြွင်းသောမဟာဘုတ်တို့အား မှီ၍ဖြစ်ကုန်ရကား ထိုမှီ၍ဖြစ်ကုန်သော မဟာဘုတ်တို့၏လည်း ဥပါဒါရုပ်မည်ကုန်ရာသလော?

ဥပါဒါရုပ် မမည်ပါ။ အဘယ်ကြောင့်ဆိုသော် မဟာဘုတ်တို့ကိုသာလျှင် မှီ၍ ဖြစ်ကုန်သော ရုပ်တို့ကိုသာ ထိုဥပါဒါရုပ်ဟူ၍ ခေါ်ဝေါ်ခြင်း၏ ပြီးစီးခြင်းကြောင့် ဖြစ်၏။ (သူတစ်ပါးကို မှီခိုသူသက်သက်သာဖြစ်ပြီး အမှီခံအဖြစ် လုံးဝမရသောရုပ်တို့ကိုသာ ဥပါဒါရုပ်ဟု ခေါ်၏၊ မဟာဘုတ်သည် အမှီခံလည်း ဖြစ်, မှီခိုသူလည်း ဖြစ်၍ ဥပါဒါရုပ်ဟု မခေါ်နိုင်ပါ။)

တစ်နည်း - မဟာဘုတ်ရုပ် ၄-ပါးတို့ကို မှီ၍ ဖြစ်သောရုပ်သည် ဥပါဒါရုပ်၏ လက္ခဏာ ဖြစ်၏၊ ထို့ကြောင့် ၃-ပါးကုန်သော မဟာဘုတ်ရုပ်တို့ကို မှီ၍ ဖြစ်ကုန်သော မဟာဘုတ်တို့၏ ဥပါဒါရုပ်၏အဖြစ်သည် မရှိပေ။

ပသာဒရုပ် ၅-ပါး

မဟာဘုတ်ရုပ် ၄-ပါးတို့ကို ကြည်လင်စေတတ်သောကြောင့် **ပသာဒရုပ် မည်၏၊** ပသာဒရုပ်တို့သည် အစဉ်အတိုင်း ရူပါရုံကို ရူခြင်းငှာ အလိုရှိသည်အဖြစ်၊ သဒ္ဒါရုံကို ကြားခြင်းငှာ အလိုရှိသည်အဖြစ်၊ ဂန္ဓာရုံကို နမ်းခြင်းငှာ အလိုရှိသည်အဖြစ်၊ ရသာရုံကို သာယာခြင်းငှာ အလိုရှိသည်အဖြစ်၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းငှာ အလိုရှိသည်အဖြစ်ဟု ဆိုအပ်သော **ကာမတဏှာလျှင် အကြောင်းရှိသောကံကြောင့် ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်းလက္ခဏာ ရှိ၏၊**

(၁) စက္ခုပသာဒ = မျက်နှာဝန်းအလယ် သန်းဦးခေါင်းပမာဏရှိသော ရှေ့၌ရပ်သောသူ၏ ကိုယ်သဏ္ဌာန်အရုပ်ပေါ်ရာအရပ်၌ ဂွမ်းလွှာ ၇-ထပ်တို့၌ လောင်းအပ်သောဆီသည် ပျံ့နှံ့၍ တည်သကဲ့သို့ မျက်လွှာ ၇-ထပ်တို့၌ ပျံ့နှံ့၍ တည်သော ကြည်လင်သောသဘောသည် စက္ခုပသာဒ မည်၏။

ကလာပ်အများ ခြံရံနေပုံ

သန်းဦးခေါင်းပမာဏရှိသောအရပ်၌ စက္ခုပသာဒတည်သည်-ဟု ဆိုသော်လည်း စက္ခုပသာဒတစ်မျိုးတည်းသာ တည်သည် မဟုတ်၊ စက္ခုပသာဒ တစ်ခုတစ်ခုမှာ မဟာဘုတ် ၄-ပါး၊ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာနှင့် ဇီဝိတရုပ်တို့ တွဲဘက်ပါရှိကြ၏၊ ထို ရုပ်များကို "စက္ခုဒသကကလာပ်"ဟု ခေါ်၏၊ ထို့ပြင် စက္ခုဒသကကလာပ် တစ်ခု တစ်ခု၏ ဘေးပတ်ပတ်လည်၌ စိတ္တဇ, ဥတုဇ, အာဟာရဇကလာပ်များလည်း ပူးကပ် ခြံရံလျက် ထောက်ပံ့လျက် ရှိသည်။

စက္ခုပသာဒသည် . . .

- မျက်နက်ဝန်း၏အလယ်၌ သန်းဦးခေါင်းပမာဏရှိသော ရှေ့တူရူး၌ တည်ကုန်သောသူတို့၏ကိုယ်သဏ္ဌာန်ဖြစ်ရာအရပ်၌ (၀ွမ်းလွှာ ၇-ထပ်တို့၌ လောင်းအပ်သောဆီသည် ၀ါ၀ွမ်းဆိုင်ကို ပျံ့နှံ့၍ ဖြစ်သကဲ့သို့) မျက်လွှာ၇-ထပ်တို့၌ ပျံ့နှံ့၍၊
- (ဆောင်ခြင်း, ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ယပ်ခတ်ခြင်းကိစ္စ ရှိကုန်သော ၄-ယောက်သောအထိန်းတို့သည် မင်းသားငယ်ကို ဆောင်အပ်သကဲ့သို့) ကောင်းစွာ ဆောင်ခြင်း, ဖွဲ့ခြင်း, ရင့်စေခြင်း, လှုပ်စေခြင်းကိစ္စရှိကုန်သော ၄-ပါးသောဓာတ်တို့သည် ပြုအပ်သောကျေးဇူး ရှိသည်ဖြစ်၍၊
- ဥတု, စိတ်, အာဟာရတို့သည် ထောက်ပံ့အပ်သည် ဖြစ်၍၊
- ဇီဝိတန္ဒြေသည် စောင့်ရှောက်အပ်သည် ဖြစ်၍၊
- ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ စသည်တို့သည် ခြံရံအပ်သည် ဖြစ်၍၊
- ဖြစ်သင့်သည့်အားလျော်စွာ (စက္ခုဝိညာဏ်, သံ, ဏှ, ဝှ) အစရှိသည်တို့၏ မှီရာအဖြစ်, ဒွါရ၏အဖြစ်ကို ပြီးစေသည် ဖြစ်၍ ဖြစ်၏။

သသမ္ဘာရစက္ခု = စက္ခုပသာဒမှ တစ်ပါးသော မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော အသားဆိုင်ကို **သသမ္ဘာရစက္ခု** ဟု ဆိုအပ်၏။

(၂) **သောတပသာဒ** = သသမ္ဘာရဖြစ်သော နားပေါက်၏အတွင်း၌ လက်စွပ်သဏ္ဌာန် ရှိသော, နူးညံ့သိမ်မွေ့သော နီရဲသောအမွေး ရှိသည့်အရပ်ကို

ပုံ့နှံ့၍တည်သော အကြည်ဓာတ်သည် သောတပသာဒ မည်၏။

(၃) ဃာနပသာဒ = သသမ္ဘာရဖြစ်သော နှာခေါင်းပေါက်အတွင်း၌ ဆိတ်ခြေသဏ္ဌာန်ရှိသောအရပ်ကို ပုံ့နှံ့၍ တည်သောအကြည်ဓာတ်သည် ဃာနပသာဒ မည်၏။

(၄) ဇိဝှါပသာဒ = သသမ္ဘာရဖြစ်သော လျှာ၏အလယ် အထက်ပြင်၌ အလယ်၌ ပြတ်၍နေသော ကြာရွက်ဖျားသဏ္ဌာန်ရှိသောအရပ်ကို ပုံ့နှံ့၍ တည်သော အကြည်ဓာတ်သည် ဇိဝှါပသာဒ မည်၏။

(၅) ကာယပသာဒ = ကမ္မဇတေဇောဓာတ်၏တည်ရာအရပ်၊ ဆံပင်ဖျား,အမွေးဖျား, ခြေသည်းဖျား, လက်သည်းဖျား, ခြောက်သောအရေတို့ကို ထား၍ ထိုမှကြွင်းသော တစ်ကိုယ်လုံးကို ပုံ့နှံ့၍ တည်သော အကြည်ဓာတ်သည် ကာယပသာဒ မည်၏။

ဂေါစရရူပ် ၇-ပါး = ပဋ္ဌဝိညာဏ်၏ အာရုံဖြစ်သောကြောင့် ဂေါစရရူပ် မည်၏။
(ရူပါရုံစသည်တို့၏အဓိပ္ပါယ်ကို ပကိဏ်းပိုင်း၌ ပြန်လေ့လာပါ။)

ဖောဋ္ဌဗ္ဗာရုံ = တွေ့ထိအပ် တွေ့ထိထိုက်သည်အဖြစ်ကြောင့် ဖောဋ္ဌဗ္ဗာရုံ မည်၏။

တွေ့ထိအပ်သောအတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ၃-ပါး

တွေ့ထိအပ်သောအတွေ့ (ဖောဋ္ဌဗ္ဗာရုံ)သည် ပထဝီ, တေဇော, ဝါယော ဟူသော မဟာဘုတ် ၃-ပါး ဖြစ်သည်၊ အာပေါဓာတ်သည်ကား အလွန်သိမ်မွေ့လွန်းသည့်အတွက် တွေ့ထိစမ်းသပ်၍ မရချေ။

မေး ။ ။ ရေထဲ၌ အအေးဓာတ်သည် စမ်းသပ်ကြည့်က "အေးလိုက်တာ"ဟု ဆိုရလောက်အောင် တွေ့ထိအပ်စရာ ကောင်းသည်ဖြစ်၍ ထိုအအေးဓာတ်သည် အာပေါဓာတ် မဟုတ်ပါလော။

မဟုတ်ပါ၊ အအေးဓာတ်သည် တွေ့ထိအပ်ကောင်းပါသည်၊ သို့သော် ထို အအေးဓာတ်သည် အာပေါဓာတ် မဟုတ်ပါ။

ထိုထိုရုပ်ကလာပ်၌ သီတဖြစ်စေ, ဥဏှဖြစ်စေ တေဇောဓာတ်တစ်မျိုးသာ လျှင် အမြဲပါရှိရပေသည်၊ အအေးဓာတ်ဟူသော သီးခြားရုပ်တစ်မျိုး မရှိချေ။

ပွက်ပွက်ဆူသောရေ၌ ဥဏှတေဇော(အပူဓာတ်) ပါ၏၊ မီးနှင့်ဝေး၍ တဖြည်း ဖြည်း အပူဓာတ်လျော့သောအခါ သီတတေဇော(အအေးဓာတ်) ဖြစ်လာ၏၊ စမ်းသပ် ကြည့်သူတို့မှာ အေးသည်ဟု အမှတ်သညာ ဖြစ်ပေါ်လာ၏၊ ထိုရေကို ထပ်၍ ချက် သောအခါ အအေးဓာတ် လျော့ပါး၍ အပူဓာတ် ဖြစ်ပေါ်လာ၏။

ထို့ကြောင့် အရှေ့ဘက်ဆိပ်ကမ်းတစ်ခုကိုပင် အနောက်ဘက်နေသူတို့က ဟို ဘက်ကမ်းဟု ခေါ်၍၊ အရှေ့ဘက်နေသူတို့က ဒီဘက်ကမ်းဟု ခေါ်သကဲ့သို့ တေဇော ဓာတ်တစ်မျိုးကိုပင် အခါအားလျော်စွာ ပူသည်, အေးသည်ဟု ခေါ်ဝေါ်ရခြင်း ဖြစ် လေသည်။

အအေးဓာတ်သည် တေဇောဓာတ် မဟုတ်ဘဲ အာပေါဓာတ် ဖြစ်ရိုးမှန်လျှင် အခြားဓာတ်ကြီး ၃-ပါးနှင့် မကွဲပြားသော အဝိနိဗ္ဘောဂရုပ် ဖြစ်သောကြောင့် ဥဏှ တေဇောလွန်ကဲလျက် ပွက်ပွက်ဆူနေသောရေ၌ ထိုအအေးဓာတ်သည် အာပေါဓာတ် အဖြစ်ဖြင့် ပါဝင်ရမည် ဖြစ်သည်၊ ထိုသို့လည်း မပါရှိချေ၊ သို့ဖြစ်၍ အအေးဓာတ် သည် အာပေါဓာတ် မဟုတ်, သီတတေဇောသာ ဖြစ်သည်၊ ရေကို စမ်းသပ်ရာ၌ အာပေါဓာတ်ကို ထိမိသည် မဟုတ်၊ အေးလျှင် သီတတေဇောကို ထိမိ၍ ပူလျှင် ဥဏှတေဇောကို ထိမိခြင်း ဖြစ်သည်။

ဘာဝရုပ် ၂-ပါး - ကျတ္ထိ(မိန်းမ)၏အဖြစ်၊ ပုရိသ(ယောကျ်ား)၏အဖြစ်ဟူသော အသိ ဉာဏ်တို့၏ ဖြစ်ကြောင်းသည် ဘာဝရုပ် မည်၏။

ကျတ္ထိဘာဝရုပ် - ကျတ္ထိလိင်, ကျတ္ထိနိမိတ္တ, ကျတ္ထိကုတ္တ, ကျတ္ထိအာကပ္ပတို့၏ ဖြစ် ကြောင်းသဘောသည် **ကျတ္ထိဘာဝရုပ်(ကျတ္ထိဘော)** မည်၏။

ကျတ္ထိလိင် - မိန်းမဟူ၍ သိစေတတ်သော ခန္ဓာကိုယ်၌ မူလအထည်ကိုယ် သဘောဖြင့် ပါလာသောအမှတ်အသား ဖြစ်သောကြောင့် မိန်းမ တို့၏အင်္ဂါဇာတ်နှင့်တကွ လက်, ခြေ, မျက်နှာ, ကိုယ်လုံးကိုယ် ပေါက်သည် **ကျတ္ထိလိင်** မည်၏။

ဣန္ဒြိယမိဿက = မိန်းမဟူ၍ သိခြင်း၏အကြောင်း အပေါ်ယံအမှတ်အသား ဖြစ်သောကြောင့် မိန်းမတို့၏အသံ, အလိုဆန္ဒနှင့်တကွ မုတ်ဆိတ်ကျင်စွယ် မရှိခြင်း စသည်တို့သည် **ဣန္ဒြိယမိဿက** မည်၏။

ဣန္ဒြိယကုက္ကုစ္စ = မိန်းမတို့၏ ငယ်ရွယ်စဉ်က ဗန်းငယ်, စကောငယ်တို့ဖြင့် စေ့းရောင်းတမ်းစသော ကစားခြင်း အပြုအမူနှင့် မသန့်ရှင်းသော ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း အစရှိသော ကြိယာ(အပြုအမူ)သည် **ဣန္ဒြိယကုက္ကုစ္စ** မည်၏။

ဣန္ဒြိယအာကပ = မိန်းမတို့၏အသွင်အပြင်ဟန်ပန်အမူအရာ (သွားဟန်, လာဟန်, စားသောက်ဟန်, စကားပြောဟန်) စသည်သည် **ဣန္ဒြိယအာကပ** မည်၏။

(ပုရိသဘာဝရုပ် ပုရိသဘောကိုလည်း ထိုနည်းတူ သိပါ။)

ဟဒယဝတ္ထုရုပ်

နှလုံးသားအတွင်း ပုန်းညက်စေ့လောက် ပမာဏရှိသော တွင်းငယ်၌ တည်သော တစ်လက်ဆွမ်းခွဲမျှလောက်သော သွေးကို မှီ၍ ဖြစ်သောသဘောသည် **ဟဒယဝတ္ထုရုပ် မည်၏။**

(တစ်နည်း) မနောဓာတ်နှင့် မနောဝိညာဏဓာတ် ၂-ပါးတို့၏ မှီရာဖြစ်၍ ဝတ္ထုလည်း မည်သောကြောင့် **ဟဒယဝတ္ထု မည်၏**၊ ထို့ကြောင့် ဟဒယဝတ္ထုသည် ဓာတ်နှစ်ခုတို့၏မှီရာအဖြစ်လျှင် လက္ခဏာရှိ၏။

ဟဒယဝတ္ထုရုပ် ရှိကြောင်း သိနိုင်ပုံ

ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ၌ ဟဒယဝတ္ထုရုပ်ကို ဘုရားရှင် မဟောအပ်သော်လည်း အာဂုံ(အာဂမယုတ္တိ)အားဖြင့်လည်းကောင်း၊ သဘာဝယုတ္တိအားဖြင့်လည်းကောင်း ဟဒယဝတ္ထုရုပ် ရှိကြောင်းကို သိအပ်ပါသည်။

အာဂမယုတ္တိ - ပဋ္ဌာန်းပါဠိတော်၌ "ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"ဟူသောဟောကြားချက် ဖြစ်၏။

သဘာဝယုတ္တိ - ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်တို့၏ ရုပ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည် အဖြစ်ကြောင့် မနောဓာတ်, မနောဝိညာဏဓာတ်နှစ်ပါးတို့သည် နိပ္ပန္နရုပ်ဖြစ်သော ဥပါဒါရုပ်များကို မှီ၍ ဖြစ်ကြရ၏။

ထိုနိပ္ပန္နရုပ်တို့တွင် -

- စက္ခုဝတ္ထု စသည်တို့သည် စက္ခုဝိညာဏ် စသည်တို့၏ မှီရာ ဖြစ်သော ကြောင့် ထိုဓာတ်နှစ်ပါးသည် စက္ခုဝတ္ထု အစရှိသည်ကို မှီ၍ မဖြစ်ကုန်၊
- ရူပါရုံ စသည်တို့သည် တောတောင်စသော ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ် သောကြောင့် ရူပါရုံ အစရှိသည်တို့ကိုလည်း မှီ၍ မဖြစ်ကုန်၊
- ဇီဝိတိန္ဒြေသည်လည်း အတူတကွဖြစ်ဘက်တရားတို့ကို စောင့်ရှောက်ခြင်း ဟူသော ကိစ္စတစ်မျိုးနှင့် ယှဉ်နေရသောကြောင့် ဇီဝိတရုပ်ကိုလည်း မှီ၍ မဖြစ်ကုန်၊
- ဘာဝရုပ်နှစ်ခု မရှိသော နပုန်းပဏ္ဏက်တို့၌ မနောဓာတ်, မနောဝိညာဏ ဓာတ်တို့ ဖြစ်သောကြောင့် ထိုဓာတ်တို့သည် ဘာဝရုပ်နှစ်ခုကိုလည်း မှီ၍ မဖြစ်ကုန်။

ထို့ကြောင့် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာမှာ ဆိုအပ်ပြီးသော နိပ္ပန္န ဥပါဒါရုပ် ၁၃-ပါးမှတစ်ပါး ဟဒယဝတ္ထုဟူသော ဥပါဒါရုပ်ပင် ဖြစ်ကြောင်း အလွန်ပင် ထင်ရှား၏၊ ဤသဘာဝယုတ္တိကြောင့် ဟဒယဝတ္ထုရုပ် ရှိကြောင်း သိရ၏။

(ဓမ္မသင်္ဂဏီပါဠိတော်၌ ဝတ္ထုဒုက, အာရမ္မဏဒုက်တို့၏ဒေသနာအစဉ် ပျက်မည် စိုးသောကြောင့် မြတ်စွာဘုရားရှင်သည် ဟဒယဝတ္ထုရုပ်ကို ဟောတော်မမူခြင်း ဖြစ်သည်၊ မရသင့်၍ မဟောခြင်း မဟုတ်ပေ။)

ဇီဝိတရုပ် (ဇီဝိတိန္ဒြေ)

မိမိနှင့်တကွဖြစ်ဖက် ကမ္မဇရုပ်တို့ကို စောင့်ရှောက်သောကြောင့် ကမ္မဇရုပ် များ၏အသက်ဖြစ်သောရုပ်သည် **ဇီဝိတရုပ်** မည်၏။

(တစ်နည်း) မိမိနှင့်အတူတကွဖြစ်သော ကမ္မဇရုပ်တရားတို့၏ အသက်ရှည် ကြောင်း ဖြစ်သောကြောင့် **ဇီဝိတ** မည်၏၊ ကံကြောင့် ဖြစ်သောရုပ်တို့ကို စောင့်

ရှောက်ခြင်းဌ အစိုးရသောကြောင့် **ဣန္ဒြိယ** မည်၏၊ ထို့ကြောင့် **ဇီဝိတိန္ဒြေ** မည်၏။

ကမ္မဇရုပ်များကိုသာ စောင့်ရှောက်ရခြင်းအကြောင်း

စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် စိတ် ဥတု အာဟာရတို့ ထင်ရှားရှိနေခိုက်မှာ ဖြစ်ကြရသောကြောင့် **အဓိထင်ရှားရှိနေသောသားကို သူတစ်ပါးက စောင့်ရှောက်ဖွယ် မလိုတော့သကဲ့သို့** တစ်ပါးသောတရားတို့က စောင့်ရှောက်ဖွယ် မလို၊ စိတ်, ဥတု, အာဟာရတို့ကပင် တည်တံ့အောင် စောင့်ရှောက်နိုင်ကြသည်။

ကမ္မဇရုပ်တို့မှာမူ အကြောင်းကံတရား ချုပ်ပြီးနောက် အတော်ကြာမှ (အချို့ ကမ္မဇတို့မှာ ကံနှင့် ဘဝပေါင်းများစွာ ကွာခြားပြီးမှ) ဖြစ်ပေါ်ရကား **အဓိမဲ့သောသားကို နို့ထိန်းက စောင့်ရှောက်ရသကဲ့သို့** ထိုရုပ်တို့ အသက်တမ်းအတိုင်း ဆက်လက်တည်တံ့နိုင်စေရန် ဇီဝိတိန္ဒြေက စောင့်ရှောက်ပေးရသည်။

ထို့ကြောင့် စက္ခုဒသကကလာပ်၌ ပါဝင်သော ရုပ် ၉-ခုကို ထိုကလာပ်၌ ပါသောဇီဝိတရုပ်က စောင့်ရှောက်သည်။ (ဤသို့ စသည်ဖြင့် ကမ္မဇကလာပ် ၉-စည်း၌ပါသောဇီဝိတရုပ်တို့က မိမိ၏ကလာပ်တူရုပ်များအား စောင့်ရှောက်ပုံကို သိပါ။)

တစ်ကိုယ်လုံး၌ ပျံ့နှံ့ပုံ

ဇီဝိတရုပ်များသည် ကာယပသာဒ, ဘာဝရုပ်တို့ မတည်နိုင်သော ပါစကတေဇော(ကမ္မဇဝမ်းမီး)နှင့် ကာယ, ဘာဝရုပ်တို့ပျံ့နှံ့ရာ တစ်ကိုယ်လုံးမှာပင် ပျံ့နှံ့နိုင်သည်။

(တစ်နည်း) ဇီဝိတရုပ်သည် တေဇောဓာတ်နှင့်တကွ အလုံးစုံသော ဥပါဒိန္နကကာယ (သက်ရှိသတ္တဝါတို့၏ ကမ္မဇရုပ်ဖြစ်သောကာယ)ကို နှံ့၍ ဖြစ်၏။

ဇီဝိတရုပ်နှင့် ကာယပသာဒ ထူးခြားချက်

ဇီဝိတရုပ်များသည် အစာသစ်အိမ်အောက်၌ တည်သော ပါစကတေဇော (ကမ္မဇဝမ်းမီး)၊ မိမိနှင့်အတူတကွဖြစ်ဖက် ကံကြောင့်ဖြစ်သော ရုပ်များပျံ့နှံ့ရာ တစ်ကိုယ်လုံးမှာ ၎င်းရုပ်များကို စောင့်ရှောက်လျက် ပျံ့နှံ့၍ ဖြစ်သည်။

ကာယပသာဒသည် ဆံပင်ဖျား, အမွေးဖျား, ခြေသည်းလက်သည်းဖျား,

ခြောက်နေသောအသားမာများ အစရှိသည့် ထိလျှင် မသိသောနေရာများကို ချန်လှပ်၍ တစ်ကိုယ်လုံး၌ တွဲဖက်ရုပ်များနှင့်အတူ ပျံ့နှံ့တည်နေသည်။

အာဟာရရုပ်

အလုတ်အလွေးပြု၍ မျိုအပ်သော အစားအစာ၌ ပါသော အဆီအနှစ်ဩဇာရုပ်ကို **ကဗဒ္ဓိကာရအာဟာရ (ကဗဒ္ဓိကာရာဟာရ)** ဟု ခေါ်သည်။

(တစ်နည်း) အလုတ်အလွေးပြု၍ မျိုအပ်သော အစားအစာစသည်သည် (ထမင်း, ဟင်း, ရေ စသည်) **ကဗဒ္ဓိကာရ** မည်၏၊ ထိုကဗဒ္ဓိကာရ၌ပါသော အဆီအနှစ် ဩဇာသည် **အာဟာရ** မည်၏။

အာဟာရရုပ်၏ လက္ခဏာ

(၁) အာဟာရရုပ်သည် ဂ္လုန္ဒြိယရုပ် စ-ခုနှင့်တကွဖြစ်သော ရုပ်အပေါင်းကို ခိုင်စေခြင်း၊
(၂) ဩဇာလျှင် စ-ခုမြောက်သော အာဟာရရုပ်တို့ကို ဆောင်ခြင်းလက္ခဏာ ရှိ၏။

သဘာဝရုပ်စသည် မည်ပုံ

သဘာဝရုပ် - ရုပ် ၁၈-ပါးသည် ကမ္မဇစသော မိမိတို့၏သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝရုပ် မည်၏။

သလက္ခဏရုပ် - ဥပါဒ်စသော လက္ခဏာ, အနိစ္စတာစသော လက္ခဏာတို့နှင့်တကွ ဖြစ်သောကြောင့် သလက္ခဏရုပ် မည်၏။

နိပ္ဖန္နရုပ် - ပရိစ္ဆေဒ, ဝိကာရ, လက္ခဏာတို့၏အဖြစ်ကို ကြဉ်ထား၍၊ မိမိ၏သဘောအားဖြင့်သာလျှင် ကံစသော အကြောင်းတို့သည် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ် မည်၏။

ရူပရုပ် - ဖောက်ပြန်ခြင်းသဘောအစစ်ဖြစ်သော ရုပ်သည် ရူပရုပ် မည်၏။

သမ္မသနရုပ် - ပရိစ္ဆေဒ အစရှိသည်တို့၏အဖြစ်ကို လွန်လျက် သဘောအားဖြင့် ရအပ်သည်ဖြစ်၍ လက္ခဏာယာဉ် ၃-ပါးသို့ တင်ကာ သုံးသပ်ခြင်းဌာ ထိုက်သောကြောင့် သမ္မသနရုပ် မည်၏။

"ဖောက်ပြန်သောသဘောသည် **ရူပ်** မည်၏။ ထိုဖောက်ပြန်သောသဘောနှင့် ယှဉ်သော စက္ခုပသာဒစသော ရုပ်သည်လည်း **ရူပရူပ်** မည်၏။ ဥပမာ - ညှိသော အဆင်းရှိသောကြောကို နိလုပ္ပလံ ကြာညှိဟု အထူးတပ်ကာ ခေါ်ဝေါ်သကဲ့သို့ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်အစစ်ကို **ရူပရူပ်**ဟု အထူးတပ်ကာ ခေါ်ဝေါ်ခြင်း ဖြစ်သည်။

ဤ ရူပသဒ္ဒါသည် ဥပစာအားဖြင့် ထိုသို့ ရူပသဘော မရှိသော အနိပ္ဖန္နရုပ် ၁၀-ခုၦလည်း ဖြစ်သေး၏။ ထို့ကြောင့် တစ်ပါးသော ရူပသဒ္ဒါဖြင့် အထူးပြု၍ "ရူပ ရူပံ"ဟူ၍ နှစ်ဆင့်မိန့်ဆိုခြင်း ဖြစ်၏။ အဘယ်ကဲ့သို့နည်းဟူမူ ဒုက္ခဒုက္ခံ ဟူသကဲ့သို့ တည်း။

- -

၁။ အာကာသဓာတ်ပရိစ္ဆေဒရူပ်

ရုပ်ကလာပ်မှုန်တို့၏ပတ်လည်ဝန်းကျင် ဟင်းလင်းလဟာဖြစ်သော အကြား အပေါက်သဘောသည် ရေးခြစ်၍ မရသောကြောင့် **အာကာသ** မည်၏။

ပုဂ္ဂိုလ်, ဇီဝ မဟုတ်သောကြောင့် **ဓာတ်** မည်၏။

ဤအာကာသဓာတ်သည်ပင်လျှင် ကလာပ်မှုန်ချင်း တစ်ပါးနှင့် တစ်ပါး မရောယှက်ရအောင် ပိုင်းခြားတတ်သောအပိုင်းအခြားဖြစ်သောကြောင့် **ပရိစ္ဆေဒရူပ်** မည်၏။

၂။ ဝိညတ်ရူပ် ၂-ပါး

မိမိ၏အတွင်းသဘော အလိုဆန္ဒကို သိစေတတ်သော အမူအရာထူးသည် **ဝိညတ်ရူပ်** မည်၏။

(၁) ကာယဝိညတ် - လှုပ်ရှားသောကိုယ်ကာယ (လက်စသည်ဖြင့်) မိမိ၏အတွင်း သဘော အလိုဆန္ဒကို သူတစ်ပါးတို့အား သိစေတတ်, သူ တစ်ပါးတို့သည် သိစေအပ်သော အမူအရာထူး။

လက်ယပ်ခေါ်ရာၦ ဝိညတ်ပါပုံ

တပည့်တစ်ယောက်ကို လာစေလို၍ လက်ယပ်ခေါ်ရာၦ-

(၁) ရှေးဦးစွာ လာစေလိုသော**စိတ်** ဖြစ်၏။

(၂) စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် **စိတ္တဇရူပ်**ကလာပ်များသည် ခန္ဓာကိုယ်၏ ထိုထို

အရပ်၌ အမြောက်အများ ဖြစ်၏။

(၃) လူပ်ရှားမည့်လက်၌ဖြစ်သော စိတ္တဇကလာပ်တွင် **ဝါယောဓာတ်**သည် အခြား မဟာဘုတ်များထက် သတ္တိလွန်ကဲ၏။

(၄) ပကတိရိုးရိုးအခါကဲ့သို့ အေးအေးဆေးဆေး မဟုတ်ဘဲ ထိုဝါယောဓာတ်မှာ ထူးခြားသော **အမူအရာတစ်မျိုး**လည်း ပါ၏၊ ထိုဝါယောဓာတ်၏ ထူးခြားသော အမူအရာသည် **ကာယဝိညတ်ရူပ်**ပင် ဖြစ်၏။

မျက်စိတစ်မှိတ်ခန့်ကာလအတွင်း၌ ကုဋေ ၁-သိန်းခန့်မျှ စိတ်များဖြစ်နိုင်ရာ ထိုစိတ်တို့တွင် ဝိညတ်ကို ဖြစ်စေနိုင်သောစိတ်များလည်း အတော်များများ ပါရှိရကား ထိုစိတ်များ ဖြစ်ဝှင်းဖြစ်တိုင်း ဝါယောဓာတ်လွန်ကဲသော စိတ္တဇကလာပ်များ အထပ်ထပ်ဖြစ်သည့်အတွက် လက်အငြိမ်မနေဘဲ လှုပ်လျက်, ရမ်းလျက် နေ၏၊ စိတ်အလိုက္ခအောင် ဝါယောဓာတ်နှင့် ဝိညတ်တို့ ဖြစ်ကြရသည်၊ ထို့ကြောင့် လေ့ပဲ့ပိုင်းမှနေ၍ တစ်ယောက်တည်း လေ့ခတ်သူသည် လေ့ကို လိုရာအရပ်သို့ ရောက်အောင် လေ့ပဲ့ပဲ့သကဲ့သို့ ဝါယောဓာတ်နှင့် ဝိညတ်ကလည်း ဖြစ်ဖက်ရုပ်များကို စိတ်အလိုအတိုင်း လက်ယပ်နေပုံ လှုပ်ရှားအောင် လှော်ပဲ့ပဲ့လေသည်။

ဤသို့အားဖြင့် လက်ကို လှုပ်ရမ်း၍ ပြလိုက်သောအခါ တပည့်က "ဆရာသည် ငါ့ကို လာစေချင်၏"ဟု ဆရာ၏အတွင်းသဘောအလိုဆန္ဒကို သိရလေသည်၊ ဤကဲ့သို့ သိရာ၌ **"စိတ်, စိတ္တဇရုပ်, လှုပ်ရှားမှု, အမူအရာထူး"ဟု အချုပ်မှတ်ဖို့ရာ အချက် ၄-ချက် ရှိလေသည်**၊ ထိုတွင် စိတ်, စိတ္တဇရုပ်, လှုပ်ရှားမှုသက်သက်တို့ဖြင့် အတွင်းသဘောအလိုဆန္ဒကို သူတစ်ပါးတို့ မသိနိုင်ကြချေ၊ လှုပ်ရှားသောလက်၏ အစိတ်အစိတ်ဖြစ်သော စိတ္တဇကလာပ်များ၌ ပါသော **ဝါယောဓာတ်၏ ထူးခြားသောအမူအရာ**ကြောင့်သာ အတွင်းသဘောအလိုဆန္ဒကို သိရခြင်း ဖြစ်လေသည်၊ ထိုထူးခြားသောအမူအရာသည် ဝိညတ်ပင် ဖြစ်လေသည်။

သတ္တမဇော့ကြောင့် ဖြစ်သော ဝါယောဓာတ်ကသာလျှင် ကာယဝိညတ်ရူပ်ကို ကျေးဇူးပြုပုံ

စိတ္တဇကလာပ်များ၌ ပါသော ဝါယောဓာတ်များ၏ ထူးခြားသောအမူအရာ

(ကာယဝိညတ်)ကြောင့်သာ အတွင်းသဘောအလိုဆန္ဒကို သိရသည်-ဆိုရာ၌ သတ္တမ ဇောကြောင့်ဖြစ်သော ဝါယောဓာတ်ကသာလျှင် ထူးခြားသောအမူအရာ (ကာယ ဝိညတ်)ကို ဖြစ်စေခြင်း, ကျေးဇူးပြုခြင်း ဖြစ်သည်။

ဥပမာ- ခုနစ်စုံကုန်သော ထမ်းပိုးတို့ဖြင့် တပ်ဆင်ထားအပ်သော (နွား ၇-ရှဉ်း တပ်ဆင်ထားသော) လှည်းတွင် သတ္တမထမ်းပိုး၌ ယှဉ်ကုန်သောနွားတို့သည် ရှေ့ ခြောက်စုံကုန်သောထမ်းပိုးတို့၌ ယှဉ်အပ်ကုန်သောနွားတို့မှ အထောက်အပံ့ရကုန် သည်ဖြစ်၍ လှည်းကို လှုပ်ရှားသွားလာစေနိုင်လေသည်၊ ဤတွင် ပထမထမ်းပိုး စသည်တို့၌ ယှဉ်အပ်ကုန်သောနွားတို့သည် ခိုင်စေခြင်း, ကောင်းစွာတည်စေခြင်းကို သာလျှင် ဖြစ်စေ၍ သတ္တမထမ်းပိုး၌ ယှဉ်အပ်ကုန်သောနွားတို့အား ကျေးဇူးပြုခြင်း ၌ ဖြစ်စေသကဲ့သို့ ပထမဇောအစရှိသော ဇောကြောင့်ဖြစ်ကုန်သော ဝါယောဓာတ် တို့သည် စိတ္တဇရုပ်တို့ကို ထောက်ပံ့ခြင်း, ခိုင်စေခြင်း စသည်တို့ကို ဖြစ်စေ၍ သတ္တမ ဇော၌ယှဉ်သော ဝါယောဓာတ်တို့အား ကျေးဇူးပြုကာ အရုပ်တစ်ပါးသို့ ရောက်ခြင်း ၏အကြောင်းအဖြစ်ဖြင့် စိတ္တဇရုပ်တို့အား လှုပ်စေလေသည်။

(၂) ဝစီဝိညတ် = ပြောဆိုသောစကားသံအားဖြင့် မိမိ၏အတွင်းသဘော အလို ဆန္ဒကို သူတစ်ပါးတို့အား သိစေတတ်, သူတစ်ပါးတို့သည် သိစေအပ်သော အမူအရာထူး။

နှုတ်ဖြင့် ခေါ်ရာ၌ ဝိညတ်ပါပုံ

တပည့်တစ်ယောက်ကို လာစေလို၍ နှုတ်ဖြင့်ခေါ်ရာ၌-

(၁) ရှေးဦးစွာ လာစေလိုသောစိတ် ဖြစ်၏။

(၂) လာစေလိုသည့်အတွက် ခေါ်ဆိုရန်စကားလုံးကို ကြံစည်၏။

(၃) ထို့နောက် "လာ"ဟု ပြောဆိုမည့် မနောဒွါရိကဝီထိဖြစ်ရာ၌ ပထမဇောကြောင့် ဖြစ်သော စိတ္တဇကလာပ်တွင် ပထဝီဓာတ်သည် သတ္တိလွန်ကဲလျက် ရှိသည်။

(၄) ထိုပထဝီဓာတ်မှာ ထူးခြားသောအမူအရာ ပါ၏၊ ထိုပထဝီဓာတ်၏ ထူးခြား သောအမူအရာသည် ဝစီဝိညတ်ပင် ဖြစ်သည်။

(၅) ထိုကဲ့သို့ ဒုတိယဇော, တတိယဇော စသည်၊ ဒုတိယမနောဒွါရဝီထိ, တတိယ

မနောဒွါရဝီထိ စသည်တို့ကြောင့် ဖြစ်သော စိတ္တဇပထဝီဓာတ်နှင့် ယခင် တိဇ ပထဝီဓာတ်တို့ အထပ်ထပ် ထိခတ်မိကြလေရာ လက်ဖျစ် ၁-ချက်တီးလောက် ကြာလျှင် "လ"ဟု မပီတပီ အသံပေါ်လာ၍ လက်ဖျစ် ၂-ချက်တီးလောက် အကြာမှာ ထုံးစံအတိုင်း ပီသအောင် "လာ"ဟု အသံပေါ်လာသည်၊ ထိုကဲ့သို့ ပထဝီဓာတ်ချင်း ထိခိုက်ရာဝယ် တော်စွာလျော်စွာ မထိခိုက်ဘဲ ဝစီဝိညတ် ပါသည့်အတွက် စိတ်ကူးတိုင်း အသံဖြစ်အောင် ထိခိုက်ကြလေသည်။

ဤသို့အားဖြင့် "လာ"ဟု အသံဖြစ်ပေါ်လာသောအခါ တပည့်က "ဆရာ သည် ငါ့ကို လာစေလို၏"ဟု ဆရာ၏အတွင်းသဘောအလိုဆန္ဒကို သိသည်၊ အသံ သည် ပထဝီဓာတ်ချင်း ထိခိုက်မှုကြောင့် ဖြစ်ရိုးမှန်သော်လည်း ဆိုလိုရာအသံကို ထင်ရှားအောင် ဖြစ်ပေါ်လာမှုမှာ ဝိညတ်၏အတွက်သာ ဖြစ်သောကြောင့် ဝစီ ဝိညတ်က အလိုဆန္ဒကို သိစေသည်ဟု ဆိုရသည်။

ဥပမာ - အရက်ဆိုင်၌ အလံစိုက်ထားသည်ကို မြင်ပြီးမှ အတွင်း၌ အရက် ရှိကြောင်းကို သိရသလို ဝစီဝိညတ်ပါဝင်နေသော အသံကို ကြားရပြီးမှ အတွင်း သဘော အလိုဆန္ဒကို သိနိုင်သောကြောင့် ဝစီဝိညတ်ကိုလည်း မနောဒွါရဝီထိဖြင့် သိနိုင် သိအပ်လေသည်။

၃။ လဟုတာဒိရူပ် ၃-ပါး

စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သော လဟုတာအစရှိသည့် ရုပ်တို့၏ အမူအရာထူး။

ရူပဿလဟုတာ = နိပ္ပန္နရုပ်တို့၏ ပေါ့ပါးခြင်းအမူအရာ (အနာမရှိသောသူ၏ ကိုယ်သည်ပေါ့ပါးသည်အဖြစ်ကဲ့သို့)။

ရူပဿမုဒုတာ = နိပ္ပန္နရုပ်တို့၏ နူးနူးညံ့ညံ့ဖြစ်သောအမူအရာ (ကောင်းစွာ ထက်၍ ညက်စွာ နယ်ပြီးသောသားရေ၏ နူးညံ့သည်အဖြစ် ကဲ့သို့)။

ရူပဿကမ္မညတာ = နိပ္ပန္နရုပ်တို့၏ အမှုအမျိုးမျိုး၌ ကောင်းသော, လျော်သော, ခံ သည်၏ဖြစ်ကြောင်းသဘောအမူအရာ (ဦးသစ်စဖြစ်သောရွှေ

၏ တန်ဆာအထူးကို ပြုခြင်းအားဖြင့် လျောက်ပတ်သည် အဖြစ်ကဲ့သို့။

လဟုတာဒီရူပ် ၃-ပါးကွဲပုံ

လဟုတာစသော ရူပ် ၃-ပါးသည် တစ်ပါးစီခွဲ၍ မဖြစ်ကြ၊ ဖြစ်ခွင့်ကြုံလျှင် ၃-ပါးပင် ထင်ရှားကုန်၏။ သို့သော် အမူအရာ၏ထူးခြားပုံအားဖြင့် တစ်မျိုးစီ ကွဲပြားသောကြောင့် ရူပ် ၃-ပါးဟု သမုတ်ထားရသည်။

စိတ်ကြည်လင်မှု၊ ဥတု, အာဟာရ မျှတမှုတို့အတွက် စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်သော မဟာဘုတ်တို့သည် သမာသမမျှတညီညွတ်ကုန်ရကား သလိပ်, သည်းခြေ, သွေး, လေ စသည်တို့ လမ်းမှန်စည်းကျ တည်နေကြသဖြင့် အနာကင်းသောသူ၏ကိုယ်သည် ပေါ့ပါးနေသကဲ့သို့ - တိဇနိပ္ပန္နရူပ်အားလုံး၌ ပေါ့ပါးခြင်းဟူသော လဟုတာသဘောများ ထူးထူးခြားခြား ထင်ရှားကုန်၏။

ထိုတိဇနိပ္ပန္နရူပ်များ၌ ကြိတ်နယ်၍ ထားအပ်သော သားရေကဲ့သို့ - နူးညံ့ခြင်း မုဒုတာသဘောများလည်း ထူးခြားစွာ ထင်ရှားကုန်၏။

လျော်ပြီးဉီးပြီးသောရွှေသည် ပုတီး နားကပ်ပြုမူ၌ ကောင်းမွန်ခန့်ငြားသကဲ့သို့ - ကိုယ်ဖြင့် ပြုလုပ်ရမည့် ထိုထိုကိစ္စတို့၌ တွန့်တိုဆုတ်နစ်မှု မရှိဘဲ ကောင်းမွန်ခန့်ငြားခြင်း ကမ္မညတာသဘောများ ကောင်းစွာထင်ရှားလေသည်။

၎င်းလဟုတာစသောရူပ်များသည် သက်ရှိသန္တာန်၌သာ ရထိုက်သည်၊ စိတ်မကြည်လင်ခြင်း၊ ဥတု, အာဟာရတို့ မမျှတခြင်းတို့ကြောင့် ဤခန္ဓာကိုယ်၌ မဟာဘုတ်ကြီး ၄-ပါးတို့ ဖောက်ပြားကြသော် သလိပ်, သည်းခြေ, သွေး, လေ စသည်တို့ ချောက်ချားကုန်၏။

အထူးအားဖြင့်-

(၁) အာဗန္ဓန(ဖွဲ့စည်းခြင်း)သဘောရှိသော အာပေါဓာတ် ပျက်ပြား လွန်ကဲလျှင် နိပ္ပန္နရူပ်များသည် နှံချည့်လေးလံသောကြောင့် ထိုအခါ လဟုတာ မဖြစ်နိုင်ချေ။

(၂) ကက္ခဋ(ခိုင်မာခြင်း)သဘောရှိသော ပထဝီဓာတ် ပျက်ပြားလွန်ကဲလျှင်

နိပ္ပန္နရုပ်များ ကြမ်းတမ်းခိုင်မာသောကြောင့် ထိုအခါ မုဒုတာ မဖြစ်နိုင်ချေ။

(၃) ဝိတ္ထမ္ဘန(တောင့်တင်းခြင်း)သဘောရှိသော ဝါယောဓာတ် ပျက်ပြားလွန်ကဲလျှင် နိပ္ပန္နရုပ်များ တောင့်တင်းသောကြောင့် ထိုအခါ ကမ္မညတာ မဖြစ်နိုင်ချေ။

*(ရုပ်ကို ဖြစ်စေနိုင်သော တေဇောကား အားလုံး ဖောက်ပြန်မှုဌ် ပါဝင်၏။)

ဝိကာရရူပ် ၅-ပါး

တစ်သီးတစ်ခြား ပရမတ္ထအထည်ကိုယ် ရကောင်းသော ရုပ်အစစ် မဟုတ်၊ နိပ္ပန္နရုပ်တို့၏ ပကတိအနေထက် ထူးခြားသောအမူအရာရှိသော ဝိညတ်ရုပ် ၂-ပါး နှင့် လဟုတာဒိရုပ် ၃-ပါးသည် ဝိကာရရူပ် မည်၏။

၄။ လက္ခဏရူပ် ၄-ပါး

နိပ္ပန္နရုပ်တို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟု ဆိုအပ်သော အခိုက်အတန့်၏အစွမ်းဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် လက္ခဏရူပ် မည်၏။

ဥပစယ = နိပ္ပန္နရုပ်တို့၏ ရှေးဦးစွာဖြစ်ခြင်းသည် ဥပစယ မည်၏။

သန္တတိ = နိပ္ပန္နရုပ်တို့၏ ဆက်စပ်ကျယ်ပွါးခြင်း, ဆက်စပ်လျက်ဖြစ်ခြင်းသည် သန္တတိ မည်၏။

ဇရတာ = နိပ္ပန္နရုပ်တို့၏ ချုပ်ခြင်းဘင်သို့ ရှေ့ရှုသည် အဖြစ်ဖြင့် အိုခြင်း, ရင့်ခြင်းသည် ဇရတာ မည်၏။

အနိစ္စတာ = နိပ္ပန္နရုပ်တို့၏ ချုပ်ကွယ်ပျောက်ဆုံး ကုန်ခမ်းပျက်စီးခြင်းသည် အနိစ္စတာ မည်၏။

မှတ်ချက်။ ။ အကြင်အကြင် မိမိဥစ္စာဖြစ်သော ခဏမျှ (ခဏငယ် ၄၉-ချက်ခန့်မျှ) တည်ခြင်းရှိကုန်သော စတုသန္တတိရုပ်တို့၏ ချုပ်ခြင်းသို့ ရှေးရှုဖြစ်ခြင်း၏အစွမ်းဖြင့် ရင့်ရော်ခြင်း, ဆွေးမြေ့ခြင်းသည် **ဇရာ** မည်၏၊ ထို **ဇရာ**သည်ပင် **ဇရတာ** မည်၏။

မြဲသည်အဖြစ်အားဖြင့် ဝိပဿနာဉာဏ်ဖြင့် မသိအပ်သော

ကြောင့် **အနိစ္စ** မည်၏။ ထိုအနိစ္စမည်သော တရားအပေါင်း၏အဖြစ်သည် **အနိစ္စတာ** မည်၏။ ရုပ်တို့၏အလုံးစုံပျက်စီးခြင်းကို အနိစ္စတာဟု မှတ်အပ်၏။

ဥပစယနှင့် သန္တတိ အထူး

ဂဗ္ဘသေယျကသတ္တဝါတို့၏ ပဋိသန္ဓေခဏမှစ၍ စက္ခုအစရှိသော ဒသကတို့ (စက္ခု, သောတ, ဃာန, ဇိဝှါဒသကတို့) ဖြစ်သည်တိုင်အောင်အတွင်း၌ ရုပ်တို့၏ ဖြစ်ခြင်းသည် 'ဥပစယ'မည်၏။ ထိုစက္ခုအစရှိသောဒသကတို့ ဖြစ်ရာအခါမှ နောက်၌ ရုပ်တို့၏ ဖြစ်ခြင်းသည် 'သန္တတိ' မည်၏။

သံသေဒဇ, ဥပပါတ်သတ္တဝါတို့၏ ပဋိသန္ဓေခဏ၌ ရုပ်တို့၏ဖြစ်ခြင်းသည် 'ဥပစယ' မည်၏။ ထို့နောက်၌ စုတိဆုံးသည်တိုင်အောင် ရုပ်တို့၏ ဖြစ်ခြင်းသည် 'သန္တတိ' မည်၏။

မှတ်ချက်။ ။ **ဂဗ္ဘသေယျကသတ္တဝါတို့**၏သန္တာန်၌ တစ်ဘဝအတွက် ရထိုက်သမျှ စက္ခုဒသကစသည်တို့ ပြည့်စုံပြီးနောက် ဆက်ကာဆက်ကာ ရုပ်-ကလာပ်တို့၏ မသေမချင်း ဥပါဒ်မှုကို **သန္တတိ** ဟု ခေါ်သည်။

သံသေဒဇ, ဥပပါတ်သတ္တဝါတို့မှာ ပဋိသန္ဓေခဏ၌ပင် ရထိုက်သမျှ ရုပ်များ ပြည့်စုံပြီး ဖြစ်၍ ပဋိသန္ဓေ၏ဥပါဒ်မှ နောက်၌ ထပ်၍ ဥပါဒ်သမျှရုပ်ကို **သန္တတိ** ဟု ခေါ်သည်။

ဥပမာ- မြစ်ကမ်းပါး၌ လက်ယက်တွင်းတူးရာ ပထမရေထွက်ခြင်းသည် ဥပစယနှင့် တူ၏။ တစ်တွင်းလုံးရေပြည့်အောင် အထက်အထက်၌ တိုးတက်၍ ထွက်လာခြင်းသည်လည်း ဥပစယနှင့် တူ၏။ ရေပြည့်ပြီးနောက် တွင်းရေလျှံ၍ ရေများစီးသွားခြင်းသည် သန္တတိနှင့် တူလေသည်။ (ဘာသာဋီကာ)

ဇာတိရုပ်ကိုပင် ဥပစယ, သန္တတိဟု ခေါ်ဆိုရခြင်း

တစ်ဘဝ၌ စစွာဖြစ်ခြင်း, ပြည့်စုံသည့်တိုင်အောင် တိုးတက်၍ ဖြစ်ခြင်း, ပြည့်စုံပြီးနောက် ဆက်စပ်၍ အထပ်ထပ် ဖြစ်ခြင်းဟု ဖြစ်ပုံအခြင်းအရာ ကွဲပြားမှု

ကို စွဲ၍ -

'ဥပ'သဒ္ဒါက 'အစ' ဟူသော အနက်၊ 'အထက်' ဟူသော အနက်ကို ဟော သောကြောင့် ရှေ့ဖြစ်ပုံ ၂-မျိုးကို **ဥပစယ** ဟု နာမည်တပ်၍၊ **'သန္ထတိ'** သဒ္ဒါက- 'ဆက်စပ်ကျယ်ပြန့်ခြင်း' အနက်ကို ဟောသောကြောင့် ဆက်စပ်၍ အထပ်ထပ်ဖြစ် ခြင်းကို **သန္ထတိ** ဟု နာမည်တပ်တော်မူသည်။

ဤသို့ ဖြစ်ပုံအခြင်းအရာ ကွဲပြားသောကြောင့်လည်းကောင်း၊ ဝေနေယျတို့၏ အလိုလိုက်၍ အကြိုက်ကျစေတော်မူသောကြောင့်လည်းကောင်း နိပ္ပန္နရုပ်တို့၏ ဖြစ်ခြင်းလက္ခဏာရှိသော ဇာတိရုပ်တစ်ခုတည်းကိုပင် **'ဥပစယ, သန္ထတိ'**ဟု အမည် ၂-မျိုးတပ်၍ ဟောတော်မူခြင်း ဖြစ်ပါသည်။

ရုပ် ၂၈-ပါးကို သဘောတူရာအားဖြင့် ပေါင်းလျှင် ၁၁-ပါး အပြားရှိပုံ

ရုပ်တို့သည် မဟာဘုတ်ရုပ်, ပသာဒရုပ်, ဂေါစရရုပ်, ဘာဝရုပ်, ဟဒယရုပ်, ဇီဝိတရုပ်, ဩဇာရုပ်, အာကာသဓာတ်ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, လဟုတာဒိရုပ်, လက္ခဏာရုပ်အားဖြင့် သဘောတူရာပေါင်းလျှင် ၁၁-ပါး အပြားရှိ၍၊ သရုပ်၏ အစွမ်းအားဖြင့် ၂၈-ပါးအပြား ရှိ၏။

နိပ္ပန္နရုပ်

ဘူတရုပ် ၄-ပါး, ပသာဒရုပ် ၅-ပါး, ဝိသယရုပ် ၄-ပါး, ဘာဝရုပ် ၂-ပါး, ဟဒယရုပ် ၁-ပါး, ဇီဝိတရုပ် ၁-ပါး, အာဟာရရုပ် ၁-ပါး၊ ဤ ၁၈-ပါးသောရုပ်တို့ သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါးတို့သည် ပြီးစေအပ် သောကြောင့် နိပ္ပန္နရုပ် မည်၏။

အနိပ္ပန္နရုပ်

ပရိစ္ဆေဒရုပ် ၁-ပါး, ဝိကာရရုပ် ၅-ပါး, လက္ခဏာရုပ် ၄-ပါး၊ ဤ ၁၀-ပါး သောရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါးတို့သည် မပြီး စေအပ်သောကြောင့် အနိပ္ပန္နရုပ် မည်၏။

၂။ ရူပဝိဘာဂ

(ဧကဝိဓ စသည်တို့၏အစွမ်းဖြင့် ရုပ်အပြားကို ခွဲခြမ်းဝေဖန်ခြင်း)

ဧကဝိဓနည်းအားဖြင့်

အလုံးစုံသောရုပ်တရားသည် -

၁။ အဟေတုက = သမ္မယုတ်ဖြစ်သော အလောဘစသောဟိတ် မရှိသောကြောင့် အဟေတုက မည်၏။

၂။ သပ္ပစ္စယ = မိမိ၏ဥစ္စာဖြစ်သော ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းနှင့်တကွ ဖြစ်သောကြောင့် သပ္ပစ္စယ မည်၏။

၃။ သာသဝ = မိမိကိုအာရုံပြု၍ ဖြစ်ကုန်သော ကာမာသဝစသော အာသဝေါ တရား ၄-ပါးတို့နှင့်တကွ ဖြစ်သောကြောင့် သာသဝ မည်၏။

၄။ သင်္ခတ = ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား တို့က ပြုပြင်စီရင်အပ်သောကြောင့် သင်္ခတ မည်၏။

၅။ လောကိယ = ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကဌ် ယှဉ်သောကြောင့် လောကိယ မည်၏။

၆။ ကာမာဝစရ = ကာမတဏှာ၏ကျက်စားရာ ဖြစ်သောကြောင့် ကာမာဝစရ မည်၏။

၇။ အနာရမ္မဏ = နာမ်တရားတို့ကဲ့သို့ အာရုံကို မယူတတ်သောကြောင့် အနာရမ္မဏ မည်၏။

၈။ အပ္ပဟာတဗ္ဗ = အကုသိုလ်, ကိလေသာစသည်တို့ကို ပယ်သကဲ့သို့ တဒင်္ဂ ပဟာန်စသည်တို့၏အစွမ်းဖြင့် မပယ်အပ်သောကြောင့် အပ္ပဟာတဗ္ဗ မည်၏။

~ ~

ဒွိဝိဓနည်းအားဖြင့်

၁။ အဗ္ဗတ္ထိကရုပ် ၅-ပါး = သတ္တဝါတို့၏ကိုယ်ဟူသော အတ္တဘောကို စွဲ၍ ဖြစ်သောကြောင့် ပသာဒရုပ် ၅-ပါးသည် **အဗ္ဗတ္ထိကရုပ်** မည်၏။

= (တစ်နည်း) "ငါတို့သည် အကယ်၍ မရှိကုန်အံ့၊ သင်အတ္တဘောသည် ထင်းတုံးနှင့် တူသည် ဖြစ်လတ္တံ့"ဟု ဆိုသကဲ့သို့ ခန္ဓာကိုယ်အတ္တဘောအား အလွန်အကဲကျေးဇူးပြုတတ်သောကြောင့် ပသာဒရုပ် ၅-ပါးသည် **အဗ္ဗတ္ထိကရုပ်** မည်၏။

= (တစ်နည်း) အတ္တဟုဆိုအပ်သော ပဥ္စဒ္ဒါရိကစိတ်ကို စွဲ၍ ဖြစ်သောကြောင့် ပသာဒရုပ် ၅-ပါးသည် **အဗ္ဗတ္ထိကရုပ်** မည်၏။

ဗာဟိရရုပ် ၂၃-ပါး = ခန္ဓာကိုယ်၌ ပသာဒရုပ် ၅-ပါးလောက် ကျေးဇူးမများ၊ မထင်ရှားသဖြင့် ပသာဒရုပ် ၅-ပါးမှကြွင်းသော ရုပ် ၂၃-ပါးသည် **ဗာဟိရရုပ်** (အပြင်ရုပ်) မည်၏။

၂။ ဂေါစရဂ္ဂါဟကရုပ် ၅-ပါး = စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်စိတ်၏မှီရာ စက္ခုစသော ပသာဒရုပ် ၅-ပါးသည် အာရုံကို ယူတတ်သောကြောင့် **ဂေါစရဂ္ဂါဟကရုပ်** (ဂါဟကရုပ်) မည်၏။

အသမ္မတ္တဂါဟကရုပ် ၂-ပါး = စက္ခုပသာဒ, သောတပသာဒရုပ် ၂-ပါးသည် မိမိထံသို့ လာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ မိမိထံမှောက်သို့ မရောက်ခင် အာရုံကို ယူနိုင်သောကြောင့် **အသမ္မတ္တဂါဟကရုပ်** ဟု ခေါ်သည်။

သမ္မတ္တဂါဟကရုပ် ၃-ပါး = ဃာန, ဇိဝှါ, ကာယပသာဒရုပ် ၃-ပါးမှာမူ မိမိထံမှောက်ထိရောက်ကပ်ငြိသော အာရုံကိုသာ ယူနိုင်သောကြောင့် **သမ္မတ္တဂါဟကရုပ်** ဟုခေါ်သည်။

စက္ခုပသာဒ, သောတပသာဒရုပ်တို့၏ အသမ္ပတ္တဂါဟကဖြစ်ပုံ

စက္ခုပသာဒရုပ်သည် ဝေးသောအရပ်၌ တည်နေသော လ နေ အစရှိသော အဆင်းတို့ကိုလည်းကောင်း၊ ဖန် မှန်အစရှိသည်တို့ ခြားကွယ်အပ်သော အဆင်းတို့ကိုလည်းကောင်း၊ ကြီးမားစွာသော တောင်အစရှိသောအဆင်းတို့ကိုလည်းကောင်း၊ ထိုဆိုအပ်ခဲ့ပြီးသော အဆင်း(ရူပါရုံ)တို့ကဲ့သို့ မိမိထံသို့ မထိမရောက် မလာနိုင်ကြသည့် ရူပါရုံတို့ကိုဖြစ်စေ, လာနိုင်ကြသည့် အခြားရူပါရုံတို့ကိုဖြစ်စေ မထိမရောက်ခင်ကပင် ယူနိုင်ကြသည်။

သောတပသာဒရုပ်သည်လည်း ကောင်းကင်အစရှိသော ဝေးသောအရပ်၌ တည် သောအသံကိုလည်းကောင်း၊ ဝမ်းရေ၏အခြားမဲ့၌ တည်သောအသံကို လည်းကောင်း၊ ခေါင်းလောင်းသံ, ကြေးစည်သံ, တံုးခေါက်သံ, အမြောက်သံ စသော သိန်းသောင်းကုဋေမက ပေါင်းစုမိသောကြီးပွါးသော အသံလုံးကြီးများကို လည်းကောင်း၊ မိမိထံသို့ မထိမရောက် မလာနိုင်ကြသည့် သဒ္ဒါရုံတို့ကိုဖြစ်စေ, လာနိုင်ကြသည့် အခြားသဒ္ဒါရုံတို့ကိုဖြစ်စေ မထိမရောက်ခင်ကပင် ယူနိုင်ကြသည်။

စောဒနာ

စက္ခုပသာဒသည် အဝေးဌိတည်သော ရူပါရုံကို လှမ်း၍ မယူနိုင်၊ အနီးရောက်မှ ယူနိုင်သည်ဟု ဆိုလျှင် မျက်လုံး၏အဆင်းနှင့် မျက်ခုံး၏အရင်းအရပ်သည် စက္ခုပသာဒနှင့် အနီးကပ်ဆုံးဖြစ်၍ ထိုအဆင်းများကို ယူနိုင်ရာ၏၊ ထိုသို့လည်း မယူနိုင်၊ ထို့ကြောင့် နီးသည် ဝေးသည်မှာ ပဓာနမဟုတ်၊ စက္ခုပသာဒ၏ ရှေ့တူရူအရပ်မှာ တည်ရှိလျှင် ယူဇနာလေးသောင်းနှစ်ထောင် ဝေးကွာသော လဝန်း, နေဝန်းတို့ကိုပင် ယူနိုင် မြင်နိုင်ကြသည်။

သောတပသာဒသည်လည်း အဝေးဌိတည်သော သဒ္ဒါရုံကို လှမ်း၍ မယူနိုင်၊ အနီးရောက်မှ ယူနိုင်သည်ဟုဆိုလျှင် အကောင်အထည်ကို မမြင်ရသော်လည်း အသံကြားလျှင် ထိုအသံကို မှန်း၍ အကောင်အထည်ကို ပစ်ခွင်းနိုင်စွမ်းသော လေးသမားသည် ရှိ၏၊ ထိုလေးသမားသည် မိမိ၏သောတပသာဒအနီးသို့ ရောက်မှ သဒ္ဒါရုံကို ယူနိုင်ရုံး မှန်လျှင် နားတွင်းသို့ အသံရောက်မှ ယူနိုင်လိမ့်မည် ဖြစ်၍ အသံကြားရာကို

ပစ်သောအခါ မိမိနားတွင်းသို့ပင် ပစ်ချရပေလိမ့်မည်၊ သို့ဖြစ်၍ နီးသည် ဝေးသည်မှာ ပဓာန မဟုတ်၊ သောတပသာဒသည် ကြားရောက်သော အရပ်၌တည်ရှိပါမူ အလွန်ဝေးသော အသံကိုလည်း ကြားနိုင်လေသည်။

အဂေါစရဂ္ဂါဟကရူပ် ၂၃-ပါး = ပသာဒရုပ် ၅-ပါးမှ ကြွင်းသော ကျန် ၂၃-ပါးသောရုပ်တို့သည် အာရုံကို မယူတတ်သောကြောင့် **အဂေါစရဂ္ဂါဟကရူပ်** (အဂါဟက)ရုပ် မည်၏။

၃။ ဣန္ဒြိယရူပ် ၈-ပါး = ပဋိဝိညာဏ်စိတ်တို့၌လည်းကောင်း၊ ဣတ္ထိလိင်စသည်တို့၌လည်းကောင်း၊ သဟဇာတ်ဖြစ်ကုန်သော ရုပ်တို့ကို စောင့်ခြင်း၌လည်းကောင်း အစိုးရသည်အဖြစ်နှင့် ယှဉ်ခြင်းကြောင့် **ဣန္ဒြိယရူပ်** မည်၏။

အစိုးရပုံ

(၁) စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၂) သောတပသာဒရုပ်သည် သောတဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၃) ဃာနပသာဒရုပ်သည် ဃာနဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၄) ဇိဝှါပသာဒရုပ်သည် ဇိဝှါဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၅) ကာယပသာဒရုပ်သည် ကာယဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၆) ဣတ္ထိဘာဝရုပ်သည် ဣတ္ထိလိင် စသည်တို့ကို အစိုးရ၏။
(၇) ပုမ္ဘာဝရုပ်သည် ပုလ္လိင် စသည်တို့ကို အစိုးရ၏။
(၈) ဇီဝိတရုပ်သည် မိမိနှင့် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို အစိုးရ၏။

အနိန္ဒြိယရူပ် ၂၀-ပါး = ကြွင်းရုပ်တို့သည်ကား အစိုးမရသောကြောင့် **အနိန္ဒြိယရူပ်** မည်၏။

၄။ ဒွါရရူပ် ၇-ပါး = ပသာဒရုပ် ၅-ပါးသည် ပဉ္စဒွါရဝီထိစိတ်စေတသိက်တို့၏ဖြစ်ရာ ဖြစ်သောကြောင့် **ဒွါရရူပ်** မည်၏။

ဝိညတ်ရုပ် ၂-ပါးကား ပါဏာတိပါတစသော ကံတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် **ဒွါရရုပ်** မည်၏။

အဒွါရရုပ် ၂၁-ပါး = ကြွင်းသောရုပ် ၂၁-ပါးသည် စိတ်စေတသိက်တို့၏ ဖြစ်ရာ, ကံတို့၏ဖြစ်ရာ မဟုတ်သောကြောင့် **အဒွါရရုပ်** မည်၏။

၅။ ဝတ္ထုရုပ် ၆-ပါး = ပသာဒ, ဟဒယ ဟု ဆိုအပ်သော ၆-ပါးသော ရုပ်တို့သည် စိတ်စေတသိက်တို့၏ တည်ရာ မှီရာ (ဝိညာဏာဓာတ်တို့၏မှီရာ) ဖြစ်သောကြောင့် **ဝတ္ထုရုပ်** မည်၏။

အဝတ္ထုရုပ် ၂၂-ပါး = ထိုမှတစ်ပါးသော ရုပ်တို့သည် ဝိညာဏာဓာတ်တို့၏မှီရာ မဟုတ်သောကြောင့် **အဝတ္ထုရုပ်** မည်၏။

၆။ သြဠာရိကရုပ် ၁၂-ပါး = ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၇-ပါး = ပေါင်း ၁၂-ပါး၊ ဤ ရုပ် ၁၂-ပါးသည် အာရုံ, အာရမ္မဏိကအဖြစ်သို့ ရောက်သည်အစွမ်းဖြင့် ရုန့်ရင်းကြမ်းတမ်းသည် အဖြစ်ကြောင့် (ဝါ) ထင်မြင်လွယ်သောကြောင့် **သြဠာရိကရုပ်** မည်၏။

သုခုမရုပ် ၁၆-ပါး = ရုန့်ရင်းကြမ်းတမ်းသည်အဖြစ် မရှိသောကြောင့်၊ သိမ်မွေ့သောကြောင့် **သုခုမရုပ်** မည်၏။

သန္တိကေရုပ် ၁၂-ပါး = ရုန့်ရင်းကြမ်းတမ်းသည်ဖြစ်၍ ထိုးထွင်းပြီး သိမြင်ရန် လွယ်ကူသောကြောင့် **သန္တိကေရုပ်** (အနီးရုပ်) မည်၏။

ဒူရေရုပ် ၁၆-ပါး = ရုန့်ရင်းကြမ်းတမ်းသည်အဖြစ် မရှိသောကြောင့်၊ သိမ်မွေ့သောကြောင့် ထိုးထွင်းသိမြင်ရန် မလွယ်ကူ၊ အသိနှင့် ဝေးသောကြောင့် **ဒူရေရုပ်** (အဝေးရုပ်) မည်၏။

သပ္ပဋိဃရုပ် ၁၂-ပါး = အာရုံ, အာရမ္မဏိကအားဖြင့် ထိပါးခြင်း၊ မဟာဘုတ် အချင်းချင်း ထိပါးခြင်းနှင့်တကွ ဖြစ်သောကြောင့် **သပ္ပဋိဃရုပ်** မည်၏။

= မိမိ၏အစွမ်းဖြင့်လည်းကောင်း၊ မိမိမှီရာဖြစ်သော မဟာဘုတ်တို့၏အစွမ်းအားဖြင့်လည်းကောင်း၊ ရောက်သည်လည်း ဖြစ်ကုန်သော, မရောက်သည်လည်း ဖြစ်ကုန်သော ဝတ္ထုအာရုံတို့၏ ရှေ့ရှုတော်တည့်ကြသည်ဖြစ်၍ အချင်းချင်းပေါင်းဆုံကြ၏၊ ထိုသို့ ရှေ့ရှုတော်တည့်ကြသည်၏အဖြစ်သည် အားရှိသောသူ ၂-ယောက်တို့၏ ထိခိုက်တိုးဝှေ့ခြင်းနှင့် တူ၏၊ ထို့ကြောင့် **သပ္ပဋိဃရုပ်** မည်၏။

သပ္ပဋိဃရုပ် အချင်းချင်း တိုက်ဆိုင်ကြပုံ

သပ္ပဋိဃရုပ်တို့တွင်-

(၁) ဖောဋ္ဌဗ္ဗာရုံသည် မိမိ၏အစွမ်းအားဖြင့် ကာယပသာဒသို့ ရောက်၏။

(၂) ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဂန္ဓာရုံ, ရသာရုံတို့သည် မိမိတို့မှီရာ မဟာဘုတ်၏အစွမ်းဖြင့် အချင်းချင်းသို့ ရောက်ကုန်၏။

(၃) စက္ခုပသာဒ, သောတပသာဒ, ရူပါရုံ, သဒ္ဒါရုံတို့သည် မိမိ၏အစွမ်းအားဖြင့်လည်းကောင်း၊ မိမိတို့မှီရာ မဟာဘုတ်တို့၏အစွမ်းအားဖြင့်လည်းကောင်း ၂-ပါးသောအပြားအားဖြင့်လည်း မရောက်ကုန်။

အပ္ပဋိဃရုပ် ၁၆-ပါး = ကြွင်းသောရုပ်တို့သည် ဆိုအပ်ပြီးသော ထိပါးခြင်း မရှိသောကြောင့် **အပ္ပဋိဃရုပ်** မည်၏။

၇။ အဝိနိဗ္ဘောဂရုပ် ၈-ပါး = ရူပါရုံရုပ်, ဂန္ဓာရုံရုပ်, ရသာရုံရုပ်, ဩဇာရုပ်, ဘူတရုပ် ၄-ပါး ဤရုပ် ၈-ပါးအပေါင်းသည် အသီးသီး တစ်ပါးစီ ခွဲ၍ မရသောကြောင့် **အဝိနိဗ္ဘောဂရုပ်** မည်၏။

ဝိနိဗ္ဘောဂရုပ် ၂၀-ပါး = ထိုမှတစ်ပါးသော ၂၀-သောရုပ်တို့သည် ခွဲခြမ်း၍ ရကောင်းသောကြောင့် **ဝိနိဗ္ဘောဂရုပ်** မည်၏။

ဝဏ္ဏ = ရှုအပ်, ကြည့်အပ်သောကြောင့် ရူပါရုံသည် **ဝဏ္ဏ** မည်၏။
ဩဇာ = မိမိဟု ဆိုအပ်သော ဩဇာဓာတ် ဖြစ်ပြီးသည်နောက် ဌိကာလ၌ ရုပ်ကို ဖြစ်စေတတ်သောကြောင့် **ဩဇာ** မည်၏။

၈။ သနိဒဿနရုပ် ၁-ပါး= မြင်ခြင်းနှင့်တကွဖြစ်သောကြောင့် (၀၊) ကြည့်၍ မြင်ကောင်းသောကြောင့် ရူပါရုံရုပ်သည် **သနိဒဿနရုပ်** မည်၏။

အနိဒဿနရုပ် ၂၇-ပါး= ရူပါရုံရုပ်မှ ကြွင်းသောရုပ် ၂၇-ပါးသည် ကြည့်၍ မမြင်ကောင်းသောကြောင့် **အနိဒဿနရုပ်** မည်၏။

ဥပါဒိန္နရုပ် ၁၈-ပါး = တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံ၏ အကျိုးအဖြစ်ဖြင့် ယူအပ်သောကြောင့် ကမ္မဇရုပ်သည် **ဥပါဒိန္နရုပ်** မည်၏။

အနုပါဒိန္နရုပ် ၄၀-ပါး = တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံ၏ အကျိုးအဖြစ်ဖြင့် မယူအပ်သောကြောင့် စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်များသည် **အနုပါဒိန္နရုပ်** မည်၏။

၃။ ရူပသမုဋ္ဌာန

(ရုပ်တို့၏ ဖြစ်ခြင်းအကြောင်း)

(ရုပ်ဖြစ်ကြောင်းတရား ၄-ပါး၏အဓိပ္ပါယ်နှင့် ရုပ်အသီးသီးဖြစ်စေပုံ အဘိမ္မာ၌ပြန်လေ့လာပါ။)

ကံက ရုပ်ကို ဖြစ်စေပုံ

ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံ အားဖြင့် ၂၅-ပါးသောကံသည် (အဖျတ္တိကသန္တာန်၌ ပြုပြင်အပ်သော ကံကြောင့်ဖြစ်သော) ကမ္မဇရုပ်ကို ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှစ၍ ခဏတိုင်း ခဏတိုင်း မပြတ်မလပ် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်စေ၏။

ၵင်း ၁၇-ချက်မြောက်သော စိတ်၏ဌီကာလမှ စ၍ ကမ္မဇရုပ်ကို မဖြစ်စေတော့ပြီ။

အရူပါဝစရကုသိုလ်ကံသည်ကား ရုပ်ကိုမဖြစ်စေလိုသော ရူပဝိရာဂဘာဝနာ၏အစွမ်းကြောင့် ရုပ်ကို မဖြစ်စေနိုင်။

စိတ်က ရုပ်ကို ဖြစ်စေပုံ

အရူပဝိပါက်စိတ် ၄-ပါး၊ ဒွေပဉ္စဝိညာဏ် ၁၀-ပါး၊ ရဟန္တာတို့၏စုတိ၊ အလုံးစုံသောပဋိသန္ဓေကြေညာသော စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးသည် ပဋိသန္ဓေနောင် ပထမဘဝင်၏ဥပါဒ်မှ စ၍ စိတ္တဇရုပ်တို့ကို ဖြစ်စေ၏။

စိတ်သည် အလွန်လျင်မြန်သဖြင့်လည်းကောင်း၊ အနန္တရပစ္စည်း, အာသေဝနပစ္စည်းကို မရသဖြင့်လည်းကောင်း ရုပ်ကဲ့သို့ ဌီခဏ, ဘင်ခဏတို့၌ အားမရှိသောကြောင့် ဌီခဏ, ဘင်ခဏတို့၌ ရုပ်ကို မဖြစ်စေနိုင်။

အရူပဝိပါက်စိတ် ၄-ပါး - အရူပဝိပါက်စိတ် ၄-ပါးသည် အရူပဘုံ၌သာ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်၍ ဖြစ်၏၊ အရူပဘုံကား ရုပ်ကို စက်ဆုပ်သော ပြဟ္မာတို့၏နေရာ ဖြစ်သည်၊ သို့အတွက် အရူပဘုံ၌ ရုပ်ဖြစ်စေဖွယ် မလိုသောကြောင့် အရူပဝိပါက်စိတ်များသည် ရုပ်ကို မဖြစ်စေနိုင်ခြင်း ဖြစ်သည်။

ဒွေပဉ္စဝိညာဏ် ၁၀-ပါး - လက်ခြေအင်္ဂါ မပြည့်စုံသူသည် ထိုထိုကိစ္စကို အင်္ဂါပြည့်စုံသူလောက် မစွမ်းဆောင်နိုင်သကဲ့သို့ ဒွေပဉ္စဝိညာဏ်-၁၀ သည် စျာန်, မဂ္ဂင်, ဟိတ်နှင့် မယှဉ်၍ စိတ်အင်္ဂါအားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်။

ရဟန္တာတို့၏ စုတိ - အဝိဇ္ဇာ, တဏှာတည်းဟူသော ဝဋ်မြစ် ပြတ်ပြီး ဖြစ်၍ ဘဝသစ်ဖြစ်ရန် မရှိသောကြောင့် ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

အလုံးစုံသော ပဋိသန္ဓေစိတ် - (၁) ဟဒယဝတ္ထု၏ အားနည်းခြင်း၊ (၂) တည်တည်တံ့တံ့ မရှိသေးခြင်း၊ (၃) ပုရေဇာတ စသော

အကြောင်း အထောက်အပံ့ ချို့တဲ့ခြင်း၊ (၄) ဘဝသစ်၌ ရောက်ခါစ အာဂန္တုကမျှသာ ဖြစ်ခြင်း၊ (၅) စိတ္တဇရုပ်တို့ တည်ဖို့ရာအကြောင်းကို ကမ္မဇရုပ်များက ယူထားခြင်း- ဤအကြောင်းများကြောင့် ပဋိသန္ဓေစိတ်ဟူသမျှ ရုပ်ကို မဖြစ်စေနိုင်ကြပါ။

မှတ်ချက် ။ ။ အရူပဝိပါက်-၄, ဒွေပဉ္စဝိညာဏ်-၁၀ သာမက အလုံးစုံသော ပဋိသန္ဓေစိတ်နှင့် ရဟန္တာတို့၏စုတိစိတ်များလည်း ရုပ်များကို မဖြစ်စေနိုင်ဟု ဆိုရာဝယ် (တစ်နည်း-အလုံးစုံသောပဋိသန္ဓေစိတ်နှင့် ရဟန္တာတို့၏စုတိစိတ်များကို အဘယ်ကြောင့် မကြဉ်သနည်း။)

အလုံးစုံသောပဋိသန္ဓေစိတ်နှင့် ရဟန္တာတို့၏စုတိစိတ်တို့သည် ပဋိသန္ဓေကိစ္စနှင့် ရဟန္တာတို့၏စုတိကိစ္စ တပ်ခိုက်၌သာ ရုပ်ကို မဖြစ်စေနိုင်၊ ဘဝင်ကိစ္စနှင့် ပုထုဇဉ်, သေက္ခတို့၏ စုတိကိစ္စတပ်ခိုက်မှာ ရုပ်ကို ဖြစ်စေနိုင်သေးသောကြောင့် စိတ်အရေအတွက် မလျော့ရကား အခါခပ်သိမ်း ရုပ်ကို မဖြစ်စေနိုင်သော အရူပဝိပါက်စိတ် ၄-ပါးနှင့် ဒွေပဉ္စဝိညာဏ်-၁၀ကိုသာ ကြဉ်ရသည်။

ကျရိယာပုထ်ကို ဖြစ်စေနိုင်သောစိတ်

အပ္ပနာဇော-၂၆၊ မနောဒွါရာဝဇ္ဇန်း-၁၊ ကာမဇော-၂၉၊ အဘိညာဉ်-၂ ပေါင်း ၅၈-ပါးသောစိတ် **(ဇဝနရဟိတ်)**တို့သည် ကျရိယာပုထ် ၄-ပါးကို ထောက်ပံ့ခိုင်ခံ့စေသည်။

ဤတွင် အပ္ပနာဇော-၂၆-ပါးသည် အာသေဝနပစ္စည်းကို ရ၍ အရှိန်အဟုန်ရှိသော်လည်း ကာမဇောတို့ကဲ့သို့ ရုန့်ရင်းသောစိတ် မဟုတ်သောကြောင့် ဝိညတ်ကို မဖြစ်စေနိုင်၊ ကျရိယာပုထ် မပျက်စီးအောင်သာ တည်တံ့အောင် ထောက်ပံ့တတ်, ဖြစ်စေတတ်၏။

ကျရိယာ = သွားခြင်း, လာခြင်း, ထိုင်ခြင်း စသော ကြိယာသည် ကျရိယာ မည်၏။
ကျရိယာပုထ် = ၎င်းကျရိယာကြောင့်ဖြစ်သော သွားသောအခိုက်အတန့်, လာသော

အခိုက်အတန့်အတွင်း၌ဖြစ်သော ရုပ်တရားသည် ကွ္ကရိယာပုထ်မည်၏။

မနောဒွါရ၌ဖြစ်သော ဝုဋ္ဌော၊ ကာမဇော-၂၉၊ အဘိညာဉ်-၂ တို့သည် အားကြီးသောကြောင့် ဝိညတ်ကိုလည်း ဖြစ်စေနိုင်ကုန်၏၊ ကွ္ကရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်ကုန်၏။

ပဉ္စဒွါရ၌ဖြစ်သော ဝုဋ္ဌော၊ ကာမဇော-၂၉ တို့ကား အားနည်းသောကြောင့် ဝိညတ် စသည်တို့ကို မဖြစ်စေနိုင်။

ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သောစိတ်

အကုသိုလ် သောမနဿ ၄-ပါး၊ မဟာကုသိုလ် သောမဿ ၄-ပါး, မဟာကြိယာ သောမနဿ ၄-ပါး၊ အဟိတ်ကြိယာ သောမနဿ ၁-ပါးအားဖြင့် ကာမသောမနဿဇော ၁၃-ပါးတို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏။

ထိုစိတ်တို့တွင် ပုထုဇဉ်တို့သည် အကုသိုလ် သောမနဿ ၄-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါး ဤ ၈-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏၊ သေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ဦးတို့သည် ဒိဋ္ဌဂတဝိပ္ပယုတ် အကုသိုလ် သောမနဿ ၂-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါး ဤ ၆-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

အသေက္ခ(ရဟန္တာပုဂ္ဂိုလ်)တို့သည် မဟာကြိယာ သောမနဿ ၄-ပါး၊ အဟိတ်ကြိယာ သောမနဿ(ဟသိတုပ္ပါဒ်) ၁-ပါး ဤ ၅-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

အသေက္ခပုဂ္ဂိုလ်တို့သည် မဟာကြိယာသောမနဿ ၄-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါးတို့ဖြင့် ပြုံးရယ်တော်မူကြသည် ဆိုရာဝယ်-

မြတ်စွာဘုရားတို့သည် မဟာကြိယာသောမနဿ ၄-ပါးဖြင့်သာလျှင် ပြုံးတော်မူကြသည်၊ ဟသိတုပ္ပါဒ်စိတ်ဖြင့် မရယ်ရွှင်ကြကုန်၊ အဘယ်ကြောင့်ဆိုသော် ပြုံးတော်မူခြင်းသည် အသံမထွက်သောကြောင့် ကာယကံသာ ဖြစ်၏၊ အတိတ်အဖို့ အစရှိသည်တို့၌ အပိတ်အပင်မရှိသောဉာဏ်သို့ ရောက်တော်မူပြီး၍ ၃-ပါးသောဉာဏ်

တို့နှင့် ပြည့်စုံတော်မူသော, သစ္စာ ၄-ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၏ အလုံးစုံသောကာယကံသည် ဉာဏ်သာလျှင် ပြဋ္ဌာန်းခြင်း ရှိ၏။ ဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်၏။ ဉာဏ်ကင်းသော ဟသိတုပ္ပါဒ်ဇောသည် အဘယ်မှာလျှင် ဉာဏ်တော်သို့ အစဉ်လိုက်နိုင်ပါအံ့နည်း၊ သို့ဖြစ်၍ ဘုရားရှင်တို့သည် ဟသိတုပ္ပါဒ်ဇောဖြင့် ဘယ်အခါမှ ပြီးတော်မမူခဲ့-ဟု **ဦကာဆရာတို့ ယူဆကြ၏။**

အဌကထာဌ်မူ ဘုရားရှင်တို့သည် တစ်စုံတစ်ယောက်၏ ထူးခြားသော ကောင်းမှု, မကောင်းမှုတို့ကို မြင်တော်မူသောအခါ ပုဗ္ဗေနိဝါသဉာဏ်တော်ဖြင့် ရှေးရှေးက ဖြစ်ခဲ့ပုံကို အာရုံပြုတော်မူပြီးမှသော်လည်းကောင်း၊ နောက်နောင် ဖြစ်မည့်အရေးကို အနာဂတံသဉာဏ်တော်ဖြင့် တွေးတော်မူပြီးမှသော်လည်းကောင်း ဤဟသိတုပ္ပါဒ်စိတ်ဖြင့် တစ်ရံတစ်ခါပြီးတော်မူသည်၊ ထိုဉာဏ်များနှင့် သဗ္ဗညုတဉာဏ်၏နောက်မှသာ ဟသိတုပ္ပါဒ်စိတ် ဖြစ်သောကြောင့် ဘုရားရှင်၏ ပြီးတော်မူဟန် ကာယကံသည် အမှန်ပင် ဉာဏ်တော်အစဉ်သို့ လိုက်သောတရား ဖြစ်သည်၊ သို့ဖြစ်၍ ဟသိတုပ္ပါဒ်စိတ်တို့၏ ဘုရားရှင်တို့အား ဖြစ်ခြင်းကို တားမြစ်ခြင်းငှါ မတတ်ကောင်းပေဟု ချေပတော်မူကြသည်။

မေး ။ ။ အချို့သောအရာဝယ် နိုင်လောက်သောရန်သူကို တွေ့သောအခါ သဘောကျ၍ ဒေါသဖြင့် ပြီးသည် မဟုတ်ပါလော။

နိုင်လောက်သောရန်သူကို တွေ့ရာ၌ ရန်သူကို အာရုံပြု၍ ဒေါသဖြစ်၏၊ ထို ဒေါသအခိုက်မှာ မပြီးနိုင်သေး၊ နိုင်လောက်သောအချက်ကို အာရုံပြုမိသောအခါ "ဒီကောင်ပေါ်မှာ ငါ အလိုရှိတိုင်း ပြုနိုင်တော့မည်"ဟု သဘောကျသော သောမနဿဇော ဖြစ်လေသည်၊ ထိုသောမနဿဇောဖြင့်သာ ပြီးသည်၊ သို့သော် ဒေါသဖြစ်လိုက်, သောမနဿဖြစ်လိုက်နှင့် ရောနေသည့်အတွက် စိတ်အစဉ်အထူးကို မသိနိုင်သောကြောင့် ဒေါသဖြင့်ပင် ပြီးသည်ဟု မှတ်ထင်ကြလေသည်၊ အမှန်မှာ ဒေါသဖြင့် ပြီးခြင်း မဟုတ်ချေ။

ဥတုက ရုပ်ကို ဖြစ်စေပုံ

အအေးဟူသော သီတတေဇော, အပူဟူသော ဥဏှတေဇောဓာတ်သည်

ပဋိသန္ဓေ၏ဥပါဒိခဏာ ကမ္မဇရုပ်၌ ပါရှိသော်လည်း ၎င်းဥပါဒိခဏာ၌ ကျေးဇူးမပြုနိုင်သေး၊ ပဋိသန္ဓေစိတ်၏ဌီခဏာကျမှသာ ပစ္စာဇာတပစ္စည်းကို ရသဖြင့် အားရှိသောကြောင့် ဥတုဇရုပ်ကို ဖြစ်စေနိုင်၏။

"တေဇောဓာတု ဌိတိပွတ္တာဝ" စသောစကားရပ်

ပစ္စာဇာတစသော ပစ္စည်းတို့၏အထောက်အပံ့ကို ရသဖြင့် ဌီခဏာ၌သာလျှင် ဥတု, သြဇာတို့ အားရှိကြသောကြောင့် "တေဇောဓာတု ဌိတိပွတ္တာဝ" စသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူ၏။

အာဟာရက ရုပ်ကို ဖြစ်စေပုံ

ပဋိသန္ဓေစိတ်မှ စ၍ ဖြစ်ပေါ်နေသော ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်း ၄-ပါးကြောင့်ဖြစ်သော သြဇာဓာတ်သည် အပ ဗဟိဒ္ဓဓာတ်နှင့် မတွေ့ထိရသဖြင့် သြဇာရုပ်ကို မဖြစ်စေနိုင်သေး၊ ပဋိသန္ဓေတည်နေသည်မှနောက် တစ်သတ္တာဟ, နှစ်သတ္တာဟသို့ ရောက်၍ အမိမျိုအပ်သောဘောဇဉ်၌ ပါသော ဗဟိဒ္ဓသြဇာနှင့် အချင်းချင်းပေါင်းဆုံမိကြသဖြင့် ရုပ်၏ဌီသို့ ရောက်မှသာလျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။

~ ~

ဇကဇ, ဒွိဇ, တိဇ, စတုဇရုပ်များနှင့် စတုဝိမုတ်ရုပ်များ

(သရုပ်ကို အဘိဓမ္မာ ပြန်ကြည့်ပါ။)

ဟဒယရုပ်, ကျွန်ဒြိယရုပ် ဤ ၉-ပါးသောရုပ်တို့သည် ကံကြောင့်သာလျှင် ဖြစ်သည် အဖြစ်ကြောင့် ကမ္မဇရုပ် မည်ကုန်၏၊ အကြောင်းကား ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကာလ ၃-ပါးလုံး၌ဖြစ်သော ရုပ်ကိုမှသာ 'ကမ္မဇရုပ်'ဟု ခေါ်ရသည်၊ အဘယ်ကဲ့သို့နည်းဟူမူ 'ဒုဒ္ဓ' ဟူသကဲ့သို့တည်း၊ 'ဒုဒ္ဓ'ပုဒ်၌ 'တ'ပစ္စည်းသည် ကာလ ၃-ပါးဖြစ်သကဲ့သို့ 'ကမ္မဇ' ၌ 'ဇ'သဒ္ဒါသည်လည်း ကာလ ၃-ပါး၌ ဖြစ်၏ ဟူလို။

တိဇရုပ် (စိတ်, ဥတု, အာဟာရအကြောင်း ၃-ပါးကြောင့်ဖြစ်သော လဟုတာဒိရုပ် ၃-ပါး)

- လဟုတာစသော ရုပ် ၃-ပါး အပေါင်းသည် စိတ်, ဥတု, အာဟာရဟူသော ပစ္စုပ္ပန်အကြောင်းတရားကိုသာ ငဲ့၏၊ အတိတ်ဖြစ်သော ကံတည်း ဟူသော အကြောင်းတရားကို မငဲ့သောကြောင့် ကံကြောင့် မဖြစ်ပါဘဲ စိတ်, ဥတု, အာဟာရတို့ကြောင့်သာ ဖြစ်၏။
- လဟုတာစသော ရုပ် ၃-ခုသည် စိတ်, ဥတု, အာဟာရတို့ကြောင့်သာ ဖြစ်၏၊ ကံကြောင့် မဖြစ်၊ ပစ္စုပ္ပန်ကာလ၌သာ ဖြစ်၏၊ အတိတ်, အနာဂတ်တို့၌ မဖြစ်။
- လဟုတာစသော ရုပ် ၃-ခုတို့ကို ကံကြောင့်ဖြစ်သည်ဟု ယူလျှင် ကမ္မဇရုပ်ကဲ့သို့ ကာလ ၃-ပါးလုံး၌ ဖြစ်သည်ဟူသောအပြစ် ရောက်လိမ့်မည်။

စတုဝိမုတ်ရုပ် (လက္ခဏရုပ် ၄-ပါး) = တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်သောရုပ်

လက္ခဏရုပ် ၄-ပါးတို့သည် နိပ္ဖန္နရုပ်တို့၏ ဥပါဒ်အခိုက်, ဌိတိအခိုက်, ဘင်အခိုက်အတန့်မျှသာ ဖြစ်၍ မိမိတို့၏သဘောလက္ခဏာကား ထင်ရှား မရှိကုန်သောကြောင့် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားကြောင့် ဖြစ်သောတရားမျိုး မဟုတ်ကုန်၊ တစ်စုံတစ်ခုသောအကြောင်းကြောင့်မျှ မဖြစ်သော ရုပ်များဖြစ်၍ **နကုတောစိသမုဋ္ဌာန်** ဟု ဆိုရသည်။

ကြွင်း အနိပ္ဖန္နရုပ် (၆-ပါး)တို့မှာမူ ကံစသော အကြောင်းတရားကြောင့် မဖြစ်သော်လည်း စိတ်, ဥတု, အာဟာရဟူသော အကြောင်းထူး၏ အစွမ်းဖြင့် ထင်ရှားသောကြောင့် **နကုတောစိသမုဋ္ဌာန်** ဟု မဆိုရချေ။

၄။ ရုပကလာပ

(ရုပ်တို့ကို အပေါင်းအစည်းအားဖြင့် ဝေဖန်ဖော်ပြခြင်း)

ကလာပ် (ကလာပ) = ရုပ်တို့၏ ပေါင်းစုရာသဘောသည် ကလာပ် မည်၏။

ရုပ်ကလာပ်တို့၏ လက္ခဏာ ၄-ပါး

(၁) **ဇာတိ** = တူသောဖြစ်ခြင်းရှိသော ရုပ်တရားတို့၏ ဇာတိသဘောသည် ဇာတိ မည်၏။

(၂) **ဇရာနိရောဓ** = တူသောချုပ်ခြင်း ရှိသော ရုပ်တရားတို့၏ အနိစ္စတာသဘော သည် ဇရာနိရောဓ မည်၏။

(၃) **ဇရာသဿ** = မဟာဘုတ် ၄-ပါးတည်းဟူသော တူသောမှီရာ ရှိသောကြောင့် ဇရာသဿ မည်၏။

(၄) **သဟဝုတ္တိ** = အတူတကွ တစ်ပေါင်းတည်း ဖြစ်တတ်သောကြောင့် သဟဝုတ္တိ မည်၏။

ကလာပ်စည်း

(ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်း၊ ကလာပ်စည်းများ တွက်ပုံနှင့် အလျှတ္တသန္တာန်, ဗဟိဒ္ဓ သန္တာန်၌ ရအပ်သောကလာပ်များခွဲပုံ အဘိဓမ္မာမှတ်စုအတိုင်း သိပါ။)

စက္ခုဒသကကလာပ် ဟု ဆိုရခြင်း

စက္ခုသည်သာ အခြားသောကလာပ်များနှင့် မဆက်ဆံသောကြောင့်လည်းကောင်း၊ ထင်ရှားသောအမှတ်အသား ဖြစ်သောကြောင့်လည်းကောင်း၊ ပြဋ္ဌာန်း သောကြောင့်လည်းကောင်း စက္ခုဖြင့်သာ မှတ်၍ **စက္ခုဒသကကလာပ်**ဟု ဆိုရ၏။

ဝစီဝိညတ္တိဒသက် ဟု ဆိုရခြင်း

ဝစီဝိညတ်သည် သဒ္ဒရုပ်နှင့် ကင်း၍ မဖြစ်သည့်အတွက် 'ဝစီဝိညတ္တိ'သဒ္ဒါ


ဖြင့် သဒ္ဒရုပ်ကိုလည်း သိမ်းယူအပ်သောကြောင့် 'ဝစီဝိညတ္တိသဒ္ဒဒသက်'ဟု မဆိုဘဲ 'ဝစီဝိညတ္တိဒသက်' ဟုဆိုရခြင်း ဖြစ်ပါသည်။

အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် ၂-ပါးလုံး၌ ဖြစ်သောကလာပ်

ဥတုဇကလာပ် ၄-စည်းတို့တွင် သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ် ၂-စည်းတို့သည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် (သက်ရှိ, သက်မဲ့) ၂-ပါးလုံး၌ ဖြစ်နိုင်ကုန်၏၊ ကျန်ကလာပ်စည်းတို့ကား အဇ္ဈတ္တသန္တာန်၌သာ ရနိုင်၏။

ကလာပ်ဝိမုတ်ရုပ် ၅-ပါး

အာကာသဓာတ်ပရိစ္ဆေဒရုပ် (ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောရုပ်)နှင့် လက္ခဏရုပ် (ရုပ်ကလာပ်တို့၏ ဖြစ်, တည်, ပျက် အမှတ်လက္ခဏာမျှသာ ဖြစ်သောရုပ်) ၄-ပါး, ပေါင်း ရုပ် ၅-ပါးတို့သည် ကလာပ်ဖွဲ့ရာတွင် မပါဝင်သောကြောင့် ကလာပ်ဝိမုတ်ရုပ်များ ဖြစ်ပါသည်။



၅။ ရူပပဝတ္တိက္ကမ

(ရုပ်တို့၏ ဖြစ်စဉ်)

ကာမဘုံ၌ ရုပ်ဖြစ်စဉ်

အလုံးစုံလည်း ဖြစ်ကုန်သော ထိုရုပ်တို့ကို ကာမဘုံ၌ ထိုက်သည်အားလျော်စွာ (ယထာရဟံ) ပဝတ္တိအခါ၌ မယုတ်မလွဲကုန်သည် ဖြစ်၍ ရအပ်ကုန်၏။

ယထာရဟံ ပါဠိဖြင့် ကာမဘုံ၌ ပဝတ္တိအခါဝယ် အလုံးစုံသောရုပ်တို့ကို ရအပ်၏-ဟု ဆိုသော်လည်း ယောက်ျားဖြစ်အံ့ ပုမ္ဘာဝရုပ်သာ ရ၍ ဣတ္ထိဘာဝရုပ်ကို မရသောကြောင့် ကြွင်းရုပ် ၂၇-ပါးသာ ရ၏။ ထို့အတူ မိန်းမတို့အားလည်း ၂၇-ပါးသာ ရ၏။ စက္ခုစသောဣန္ဒြေ ချို့တဲ့သော သတ္တဝါတို့အား ချို့သောဣန္ဒြေကို မရနိုင်-ဟူသော အဓိပ္ပါယ်ကို ပြ၏။

ပဋိသန္ဓေ(ယောနိ)အမျိုးအစား

ပဋိသန္ဓေ(ယောနိ)အမျိုးအစားများမှာ- သံသေဒဇ, ဥပပါတ်, ဂဗ္ဘသေယျက (ဇလာဗုဇ, အဏ္ဍဇ) ဟူ၍ ရှိ၏။

သံသေဒဇ = ပဒုမ္မာကြာတိုက်, သစ်ခေါင်း, သစ်ပွေး, သစ်ပွင့်, ရွှံညွန်, ရေဟောင်းရေဆွေး, အညစ်အကြေးစသော စိမ်းစော်ညှီဟောက်သောအနံ့ ရှိသောအရပ်တို့၌ဖြစ်သော သတ္တဝါသည် သံသေဒဇသတ္တဝါ မည်၏။

အကုသိုလ်ကံ နှိပ်စက်၍ အာယတနချို့သော အပါယ် သံသေဒဇသတ္တဝါများအား အယုတ်အားဖြင့် စက္ခု, သောတ, ဃာန, ဘာဝဒသကကလာပ်ရုပ်တို့ကို တစ်ခါတစ်ရံ မရကြကုန်၊ ထို့ကြောင့် ထိုမဖြစ်သောရုပ်တို့၏အစွမ်းဖြင့် ကလာပ်ယုတ်လျော့မှုကို သိအပ်၏။

ဥပပါတ် = ရုတ်တရက် ကောင်းကင်မှ ကျလာသကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာသောသတ္တဝါသည် ဥပပါတ်သတ္တဝါ မည်၏။

ပြည့်စုံသော အာယတနရှိသော သံသေဒဇနှင့် နတ်စသော ဥပပါတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထု-ဒသကကလာပ်ဟု ဆိုအပ်ကုန်သော ကလာပ် ၇-စည်းတို့သည် တစ်ပြိုင်နက် ထင်ရှားဖြစ်ပေါ်ကုန်၏။

ဂဗ္ဘသေယျက = အမိဝမ်းတိုက် သားအိမ်အတွင်း၌ ပဋိသန္ဓေတည်နေသော သတ္တဝါသည် ဂဗ္ဘသေယျကသတ္တဝါ မည်၏။

ထိုဂဗ္ဘသေယျကသတ္တဝါအား ပဋိသန္ဓေ ကလလရေကြည် တည်သောအခါ၌ ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ်အားဖြင့် ကလာပ် ၃-စည်း၊ ရုပ်အားဖြင့် ၃၀ တို့သည် တစ်ပြိုင်နက် ထင်ရှားဖြစ်ပေါ်ကုန်၏။

(ထိုဂဗ္ဘသေယျကပဋိသန္ဓေ၌ အဉ်၌ဖြစ်သော အဏ္ဍဇပဋိသန္ဓေ, အမိဝမ်းတိုက်၌ဖြစ်သော ဇလာဗုဇပဋိသန္ဓေ ၂-မျိုးတို့ကိုလည်း ယူအပ်၏။)

ကလလရေကြည်ရုပ်

ကလလရေကြည်ဟူသည် ယခုဖွားစဖြစ်သော သိုး၏အမွေး (သို့) ဟိမဝန္တာတောင် သိမ်မွေ့သော ဧကဓိမည်သော သားကောင်၏ အမွေးတစ်ချောင်းကို ကြည်လင်သောဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ငြိကပ်နေသော ဆီပေါက် ပမာဏ ရှိ၏၊ အလွန်ကြည်လင်၏၊ ယင်းသေးငယ်လှသော ကလလရေကြည်၌ ရုပ်ပေါင်း-၃၀ နှင့် ပဋိသန္ဓေစိတ်စေတသိက် ခန္ဓာ ၅-ပါးတို့သည် အတူတကွ ဖြစ်ကုန်၏။ (နပုံးတို့အား ပဋိသန္ဓေအခါကပင် ဘာဝဒသကရုပ်ကို မရ။)

ပဋိသန္ဓေအခါ = ပဋိသန္ဓေစိတ်၏ ဥပါဒ်, ဌိ, ဘင် ခဏငယ် ၃-ချက်မျှအခါသည် ပဋိသန္ဓေအခါ မည်၏။

ပဝတ္တိအခါ = ပဋိသန္ဓေအခါမှနောက် ပထမဘဝင်မှစ၍ အမိဝမ်းတွင်း၌ တည်နေသမျှကာလသည် ပဝတ္တိအခါ မည်၏။

ဂဗ္ဘသေယျကသတ္တာဟုဖြစ်ပုံ

ပဝတ္တိအခါ - ပထမသတ္တာဟု၌ ကလလရေကြည် တည်နေ၏၊ ဒုတိယသတ္တာဟု၌ အမြုပ် ဖြစ်၏၊ တတိယသတ္တာဟု၌ နီနီထွေးထွေးသားတစ် ဖြစ်၏၊ စတုတ္ထသတ္တာဟု၌ မာမာခက်ခက် အစိုင်အခဲသားတစ် ဖြစ်၏၊ ပဉ္စမသတ္တာဟု၌ ခက်မငါးဖြာ, ဆံပင်, မွေးညင်းစသည် ဖြစ်၏၊ ဆဋ္ဌသတ္တာဟု၌ ခက်မာငါးဖြာ, ဆံပင်စသည်တို့ ရင့်ကျက်၏၊ အဋ္ဌကထာအလို - သတ္တမသတ္တာဟု၌, မူလဋီကာအလို - ဧကာဒသမသတ္တာဟု၌ စက္ခုဒသကဖြစ်၏၊ ထို့နောင် သတ္တာဟမျှား၌ သောတ, ဃာန, ဇိဝှါဒသကများ ထင်ရှားဖြစ်ကုန်၏။

ရုပ် ၄-ပါးတို့ ရှေးဦးစွာ ဖြစ်ပုံ

ပဋိသန္ဓေစိတ်၏ဥပါဒ်မှစ၍ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်ကုန်၏၊ ပထမဘဝင်မှ စ၍ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်ကုန်၏၊ ပဋိသန္ဓေစိတ်၏ဌိကာလမှ စ၍ ဥတုကြောင့် ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်ကုန်၏၊ ဩဇာ၏နှံ့သောကာလမှစ၍ အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်

ကုန်၏၊ ဤသို့ အကြောင်း ၄-ပါးကြောင့် ဖြစ်သော ရုပ်ကလာပ်တို့၏အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအယဉ်ကဲ့သို့လည်းကောင်း အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်လေ၏။

ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ဥတုက ရုပ်ကို ဖြစ်စေပုံ

ပဋိသန္ဓေစိတ်၏ ဥပါဒ်နှင့်တကွဖြစ်သော ဥတုသည် ဌီခဏသို့ ရောက်သည်ဖြစ်၍ ထိုပဋိသန္ဓေစိတ်၏ ဌီခဏ၌ သုဒ္ဓဋ္ဌကကလာပ်ကို ဖြစ်စေသည်၊ ထိုပဋိသန္ဓေစိတ်၏ဌီခဏ၌ ဖြစ်သော ဥတုသည် ဌီခဏသို့ ရောက်သည်ဖြစ်၍ ပဋိသန္ဓေစိတ်၏ဘင်ခဏ၌ သုဒ္ဓဋ္ဌကကလာပ်ကို ဖြစ်စေသည်၊ ဤသို့ အစရှိသောအစဉ်အားဖြင့် ဥတုက ရုပ်ကို ဖြစ်စေပါသည်။

အာဟာရဇရုပ် ဖြစ်ပုံ

ဂဗ္ဘသေယျကသတ္တဝါတို့၌ အမိစားမျိုအပ်သော အာဟာရမှ ဖြစ်သော ဩဇာ၊ သံသေဒဇ, ဥပပါတ်သတ္တဝါတို့၌ ခံတွင်း၌ ဖြစ်သော သလိပ်အစရှိသည်မှ ဖြစ်သော ဩဇာ၏ အရသာကို ဆောင်တတ်သော အကြောအဂိါကြီးငယ်သို့ အစဉ်လျှောက်သဖြင့် ခန္ဓာကိုယ်၌ ပျံ့နှံ့သောအခါမှ စ၍ အာဟာရဇရုပ်များ ဖြစ်ကြ၏။

ရုပ် ၄-ပါးတို့ နောက်ဆုံး ချုပ်ပုံ

- **ကမ္မဇရုပ်တို့သည်** စုတိစိတ်မှ ပြန်၍ရသော် ၁၇-ချက်မြောက်သောစိတ်၏ ဌီကာလမှစ၍ အသစ်မဖြစ်တော့ဘဲ ဖြစ်ပြီးသောကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကုန်၏။

  ၁၇-ချက်မြောက်သောစိတ်၏ဌီခဏ၌ ကမ္မဇရုပ်တို့ ဆက်လက်ဖြစ်နေသည်ရှိသော် ဇီဝိတိန္ဒြေ၏ပျက်ခြင်း မရှိသောကြောင့် သေခြင်း မရှိတော့ပြီ၊ ထို့ကြောင့် စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သောစိတ်၏ဌီကာလမှ စ၍ ကမ္မဇရုပ်တို့ မဖြစ်တော့ပါ။
- **စိတ္တဇရုပ်တို့ကား** စုတိစိတ်ချုပ်ပြီးသည်နောက် စိတ္တက္ခဏ ၁၆-ချက်, ခဏငယ် ၄၉-ချက်ခန့်လောက် လူသေကောင်သန္တာန်၌ ကြွင်းကျန်ရစ်သေး၏။

- **အာဟာရဇရူပ်ကား** ဝိညာဏ်တည်းဟူသော အထောက်အပံ့ကို ရသဖြင့် စုတိစိတ်၏ဘင်ခဏတိုင်အောင် ဖြစ်သေး၍ စုတိစိတ်နောက် ခဏငယ် ၅၀-ခန့် လောက် ကြွင်းကျန်ရစ်သေး၏။
- **ဥတုဇရူပ်ကား** လူသေကောင်သန္တာန်မှာ ပါသွား၍ ရုပ်ကလာပ်ရုပ်ကြွင်းရှိသည် တိုင်အောင် ဖြစ်နိုင်၏။

သေခြင်းသတ်မှတ်ပုံ

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ၊
အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။

အကြင်အခါ၌ ဇီဝိတိန္ဒြေလည်းကောင်း၊ ကမ္မဇတေဇောဖြစ်သော အင်္ဂေ့ဓာတ်လည်းကောင်း၊ ဝိပါက်ဖြစ်သောဝိညာဏ်လည်းကောင်း ဤသုံးပါးသောတရားတို့သည် ဤရူပကာယကို စွန့်ကုန်၏၊ ထိုအခါ၌ အကျိုးမရှိသောထင်းတုံးကို စွန့်ပစ်သကဲ့သို့ အကျိုးမရှိသော ဤရုပ်ကလာပ်ကို စွန့်ပစ်အပ်၏။

~ ~

ရူပဘုံ၌ ရုပ်ဖြစ်စဉ်

ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယဒသက ၃-ပါးတို့ကို ဘာဝနာအစွမ်းဖြင့် ပယ်အပ်သောကြောင့် မရကုန်၊ ဘာဝရုပ် ၂-ပါးသည် အားကြီးထူထဲသောကာမဝုဏ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာ၏၊ ပြဟ္မာတို့မှာ ထိုအားကြီးထူထဲသော ကာမဝုဏ်တည်းဟူသောအကြောင်း မရှိသောကြောင့် ဘာဝရုပ် ၂-ပါးကို ပြဟ္မာဘုံ၌ မရအပ်ပေ၊ မျိုးအပ်သော ဗဟိဒ္ဓအာဟာရ မရှိ၍ ရူပပြဟ္မာကိုယ်၌ တည်နေသော အဇ္ဈတ္တအာဟာရသည်လည်း ရုပ်ကို မဖြစ်စေနိုင်သောကြောင့် အာဟာရဇရုပ်ကိုလည်း မရပါ၊ (အပ၌ဖြစ်သော ဥတုကိုလည်းကောင်း၊ အာဟာရကိုလည်းကောင်း ဥပနိဿယပစ္စည်းကို ရမှသာ ဥတု, အာဟာရတို့သည် ရုပ်ကို ဖြစ်စေကုန်၏၊ ထို့ကြောင့် ကိုယ်၌ရှိသော အာဟာရသည် ရုပ်ကို မဖြစ်စေနိုင်-ဟူလို)၊ ထို့ကြောင့် ရူပပြဟ္မာတို့၏ ပဋိသန္ဓေအခါ၌ စက္ခု, သောတ, ဝတ္ထုဒသကတို့၏အစွမ်းဖြင့် ၃-ပါးသောဒသကတို့လည်းကောင်း၊ ဇီဝိတနဝကကလာပ်လည်းကောင်း၊ ဤသို့ ကံကြောင့်ဖြစ်သောကလာပ်

၄-စည်းတို့ကို ရအပ်ကုန်၏၊ (ပြဟ္မာတို့အား ကာယဒသကကလာပ်အစား ဇီဝိတ နဝကကလာပ်ကိုသာ ရ၏)။

အသညသတ်ပြဟ္မာတို့အား ရူပပြဟ္မာတို့ရသော စက္ခု, သောတ, ဝတ္ထု ဒသကတို့ကိုလည်းကောင်း၊ အလုံးစုံသော စိတ္တဇရုပ်တို့ကိုလည်းကောင်း မရအပ်ကုန်၊ ထိုရုပ်အလုံးစုံမှကြွင်းသော ဇီဝိတနဝကကလာပ်ရုပ်သည်သာ ပဋိသန္ဓေအခါ၌ ဖြစ်၍၊ ပဝတ္တိအခါ၌ သုဒ္ဓဋ္ဌကကလာပ်, လဟုတာဒိဧကာဒသကကလာပ်ဟူသော ဥတုဇ-ကလာပ် ၂-စည်းတို့ကို ရအပ်ကုန်၏။

စုတေသောကာလ၌ ပြဟ္မာတို့၏ကိုယ်ကို ပစ်ချခြင်း မရှိသောကြောင့် အသည -သတ်မှ တစ်ပါးသော ရူပပြဟ္မာတို့အား ကံ, စိတ်, ဥတုကြောင့်ဖြစ်သောရုပ်တို့သည် လည်းကောင်း၊ အသညသတ်ပြဟ္မာတို့အား ကံ, ဥတုကြောင့် ဖြစ်သောရုပ်တို့သည် လည်းကောင်း စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ဆုံးကြကုန်၏၊ အသေကောင် မကျန်တော့ပေ။

~ ~

ဘုံအားဖြင့်ရသော ရူပ်များ

၁။ ကာမဘုံ၌ ရုပ်ပေါင်း ၂၈-ပါး, ကလာပ်ပေါင်း ၂၁-စည်းတို့ကို ရ၏။
၂။ အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၌ ရုပ် ၂၃-ပါး, ကလာပ်ပေါင်း ၁၄-စည်းတို့ကို ရ၏။
၃။ အသညသတ်ဘုံ၌ ရုပ် ၁၇-ပါး, ကလာပ်ပေါင်း ၃-စည်းတို့ကို ရ၏။
၄။ အရူပဘုံ၌ ရူပဝိရာဂဘာဝနာ၏အစွမ်းကြောင့် ရုပ်တစ်ပါးကိုမျှ မရကြ။

အခါအားဖြင့် ရသော ရူပ်များ

၁။ ကာမဘုံ, ရူပဘုံတို့၌ ပဋိသန္ဓေအခါ သဒ္ဒရုပ်-၁၊ ဝိကာရရုပ်-၅၊ ဇရတာရုပ်၊ အနိစ္စတာရုပ် ဤ ၈-ပါးသောရုပ်တို့ကို မရနိုင်ချေ၊ ပဝတ္တိအခါ၌ကား ထိုက်သည်အားလျော်စွာ ရကုန်၏။
၂။ အသညသတ်ဘုံ၌ ပဋိသန္ဓေအခါဝယ် လဟုတာဒိရုပ်-၃၊ ဇရတာရုပ်၊ အနိစ္စတာရုပ် ဤ ၅-ပါးသောရုပ်တို့ကို မရနိုင်ချေ။

ကေစိဆရာတို့အလို ရူပဘုံ၌ ရနိုင်သော ရူပ်များ

ကေစိဆရာတို့က ရူပ ၁၅-ဘုံ၌ လေးလံသည်၏အဖြစ်, ကြမ်းတမ်းသည်၏အဖြစ်, ထိုထိုအမှု၌ မကောင်းသည်၏အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း မရှိသောကြောင့် လဟုတာဒိရုပ် ၃-ပါးလည်း မရှိဟု ဆိုကြ၏၊ ထိုဆရာတို့အလို ရူပ ၁၅-ဘုံ၌ ဃာန, ဇိဝှါ, ကာယဟူသော ပသာဒရုပ် ၃-ပါး, ဘာဝရုပ် ၂-ပါး, လဟုတာဒိရုပ် ၃-ပါး၊ ပေါင်း ၈-ပါး ကြဉ်သောရုပ် ၂၀-သာ ရနိုင်၏။

ထိုဆရာတို့၏စကားသည် မသင့်၊ အဘယ်ကြောင့်ဆိုသော် ထိုငြိမ်းစေအပ်သော ဓမ္မတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော ဓမ္မတို့၏ဖြစ်ခြင်းသည် ငြိမ်းစေအပ်သော ဓမ္မကို ငဲ့ခြင်း မရှိ၊ ထို့ကြောင့် မသင့်-ဟူလို။

အဘယ်ကြောင့် မရှိသနည်းဟူမူ ထိုငြိမ်းစေအပ်သော ဆန့်ကျင်ဘက်ဖြစ်သောဓမ္မကို ငဲ့ခြင်းရှိသော၊ ထိုငြိမ်းစေအပ်သောတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သောတရား၏ဖြစ်ခြင်းသည် ရှိလတ်သော် သဟိတ်ကြိယာစိတ်တို့၌ လဟုတာဒိရုပ်တို့၏မရှိသည်၏အဖြစ်ဖြင့် လျဉ်းပါးခြင်းသို့ ရောက်ရာသောကြောင့် မရှိ၊ 'သဒ္ဒါဝိကာရော' အစရှိသောစကားကို အလုံးစုံသော ကာမ, ရူပပုဂ္ဂိုလ်တို့အား ဆက်ဆံသည်၏အစွမ်းဖြင့် မိန့်ဆိုအပ်၏။



နိဗ္ဗာန်အကြောင်း

နိဗ္ဗာန် (နိ+ဝါန) မည်ပုံ

ခန္ဓာအစရှိသည် ပြားကုန်သော တေဘူမကတရားတို့ကို ဒေအာက်အထက် ဖြစ်ခြင်း၏အစွမ်းဖြင့် ဖွဲ့တတ်သောကြောင့် ဝါနဟု ဆိုအပ်သော တဏှာ၏အာရုံကို လွန်ခြင်းအစွမ်းဖြင့် လွန်သည်အဖြစ်ကြောင့် နိဗ္ဗာန်ဟု ဆိုအပ်၏။

ကလျာဏပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်သည် အနုမာနဉာဏ်အားဖြင့် ထင်ရှားပုံ

သခ်ၤတတရားလျှင် အာရုံရှိသော ဉာဏ်သည်လည်းကောင်း၊ ပညတ်လျှင် အာရုံ

ရှိသော ဉာဏ်သည်လည်းကောင်း၊ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း ငြိမ်းစေခြင်း၌ မစွမ်းနိုင်၊ လောကဋ္ဌ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း ငြိမ်းစေခြင်း အစရှိသည်တို့သည် ရှိသည်သာတည်း၊ ထို့ကြောင့် သဒ်တတရား, ပညတ်တရားမှ ထူးသော, ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း ငြိမ်းစေခြင်းကို ပြုတတ်ကုန်သော မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်အမည်ရှိသော တရားတစ်မျိုးသည် ဧကန်ရှိ၏- ဟု ဤသို့ အနုမာနဉာဏ်ဖြင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်သည် ထင်ရှား၏။

"အဘာဝပညတ်"မျှသည် နိဗ္ဗာန်မည်၏-ဟူသော မိစ္ဆာအယူကို တားမြစ်ပုံ

"စကုမဂ္ဂဉ္ဉာဏေန သစ္ဆိကာတဗ္ဗံ" ဟူသောပါဠိဖြင့် နိဗ္ဗာန်၏ ထိုထိုအရိယာပုဂ္ဂိုလ်တို့အား မျက်မှောက်အားဖြင့် ထင်ရှားသည်၏အဖြစ်ကို ပြပါသည်။

"မဂ္ဂဖလာနမာရမ္မဏာဘူတံ"ပါဠိဖြင့် နိဗ္ဗာန်၏ ကလျာဏပုထုဇဉ်တို့အား မှန်းဆ၍ သိတတ်သော အနုမာဏဉာဏ်အားဖြင့် ထင်ရှားသည်၏အဖြစ်ကို ပြပါသည်။

ထိုသို့ နိဗ္ဗာန်၏ ပစ္စက္ခသိဒ္ဓ, အနုမာနသိဒ္ဓအဖြစ်ကို ပြသဖြင့် ရာဂစသည်တို့၏မရှိခြင်း "အဘာဝပညတ်" မျှသည် နိဗ္ဗာန်မည်၏- ဟူသော မိစ္ဆာအယူကို အရှင်အနုရုဒ္ဓါဆရာမြတ်သည် တားမြစ်အပ်ပါသည်။

နိဗ္ဗာန်အပြား

ဥပါဒိ = ကာမုပါဒါန် အစရှိသည်တို့သည် စွဲလမ်းအပ်သောကြောင့် ခန္ဓာ ၅-ပါးသည် ဥပါဒိ မည်၏။

ဥပါဒိသေသ = ကာမုပါဒါန် အစရှိသည်တို့သည် စွဲလမ်းအပ်သော ခန္ဓာ ၅-ပါးသည်သာလျှင် ကိလေသာတို့မှ ကြွင်းသောကြောင့် ဥပါဒိသေသ မည်၏။

= (တစ်နည်း) အာသဝေါတရား ကင်းစင်ပျောက်တော်မူသော ဘုရား ရဟန္တာတို့၏ ခန္ဓာ ၅-ပါးသည် မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့မှ ကြွင်းကုန်သောကြောင့် ဥပါဒိသေသ မည်၏။

သဥပါဒိဿသနိဗ္ဗာန် - ကိလေသာအပေါင်းသာ ကုန်ခမ်း၍ ခန္ဓာ ၅-ပါးမှာမူ ကြွင်းကျန်နေသဖြင့် ညစ်ကြေးသန့်ရှင်းသော ရွှေစင်ပမာ အာသဝေါအညစ်အကြေးမှ ကင်းစင်သော ခန္ဓာ ၅-ပါး ရှိနေသေးသောကြောင့် သဥပါဒိဿသနိဗ္ဗာန် မည်၏။
(ကိလေသနိဗ္ဗာန်, ဒိဋ္ဌဓမ္မိကနိဗ္ဗာန်)

အနုပါဒိဿသနိဗ္ဗာန် - ကိလေသာသည်လည်း မရှိ၊ ကိလေသာတို့မှ ကြွင်းကျန်နေခဲ့သော ခန္ဓာ ၅-ပါးလည်း မရှိသောကြောင့် နိဗ္ဗာန်သည် အနုပါဒိဿသနိဗ္ဗာန် မည်၏။
(ခန္ဓနိဗ္ဗာန်, သမ္ပရာယိကနိဗ္ဗာန်)

ကာရကာပရိယာယေန ဟူသော ပါဠိဖြင့် နိဗ္ဗာန်သည် ပရမတ်သဘောအားဖြင့် မပြား၊ သန္တိသဘောမျှသာ ဖြစ်၍ တစ်ပါးတည်းသာ ဖြစ်၏၊ သို့သော် ခန္ဓာရှိမှု, မရှိမှု ဟူသော အကြောင်းအမြွက်အားဖြင့် (မှတ်သားကြောင်း ပရိယာယ်အားဖြင့်) ၂-ပါး ပြားရ၏ - ဟူသော အဓိပ္ပါယ်ကို ပြ၏။

သုညတနိဗ္ဗာန် - ရာဂစသော ကိလေသာတို့ကို အာရုံ မပြုသောကြောင့် အာရုံအားဖြင့် ဆိတ်၏၊ ရာဂစသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်အပ်သည် ဖြစ်၍ သမ္မယောဂအားဖြင့်လည်း ဆိတ်၏။
ဤသို့ အာရုံအားဖြင့်လည်းကောင်း၊ သမ္မယုတ်အားဖြင့်လည်းကောင်း ကိလေသာအနှောင့်အယှက် မရှိ၊ ကိလေသာတို့ ဆိတ်သုဉ်းရာ ဖြစ်သောကြောင့် သုညတနိဗ္ဗာန် မည်၏။
- (တစ်နည်း) အလုံးစုံသောသင်္ခါရတို့မှ ဆိတ်ရာဖြစ်သောကြောင့် သုညတနိဗ္ဗာန် မည်၏။

အနိမိတ္တနိဗ္ဗာန် - ရာဂစသော ကိလေသာအကြောင်းအရာ (ကိလေသာနိမိတ်) တို့၏ကင်းရာ ဖြစ်သောကြောင့် အနိမိတ္တနိဗ္ဗာန် မည်၏။
- အလုံးစုံသောသင်္ခါရအကြောင်း (သင်္ခါရနိမိတ်) ကင်းရာ ဖြစ်သောကြောင့် အနိမိတ္တနိဗ္ဗာန် မည်၏။

အပွဏ်ိဟိတနိဗ္ဗာန် ▪ တဏှာတည်းဟူသော တောင့်တခြင်း မရှိရာ ဖြစ်သောကြောင့် အပွဏ်ိဟိတနိဗ္ဗာန် မည်၏။

အာကာရဝေဒေန ဟူသော ပါဠိဖြင့် နိဗ္ဗာန်သည် တစ်ပါးတည်းပင် ဖြစ်သော်လည်း ဆိုအပ်ပြီးသော သုညတစသော ဂုဏ်(အခြင်းအရာ) ပြားလေသောကြောင့် နိဗ္ဗာန်လည်း ၃-ပါး ပြားရ၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။

နိဗ္ဗာန်၏ ဂုဏ်ရည်

အစ္စုတ = စုတေခြင်း မရှိသောကြောင့် **အစ္စုတ** မည်၏။

အစ္စန္တ = ပျက်စီးခြင်းဟူသော အဆုံးကို လွန်သည်၏အဖြစ်ကြောင့် **အစ္စန္တ** မည်၏။

အသင်္ခတ ▪ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သည်၏အဖြစ်ကြောင့် **အသင်္ခတ** မည်၏။

အနုတ္တရ = မိမိထက် သာလွန်သောတရား မရှိခြင်းကြောင့် **အနုတ္တရ** မည်၏။
တစ်နည်း- အကြောင်းနှင့်တကွ ပြောဆိုထိုက်သော, မိမိထက် လွန်မြတ်သောတရား မရှိခြင်းကြောင့် **အနုတ္တရ** မည်၏။

ပဒ = မဂ်ဖိုလ်တို့ဖြင့် အာရုံပြုအပ်သောကြောင့် **ပဒ** မည်၏။

မဟေသီ

တဏှာမှ လွတ်သောကြောင့်, အချင်းခပ်သိမ်း ကင်းသည်အဖြစ်ကြောင့် ဝါန ဟု ဆိုအပ်သော တဏှာမှ လွတ်ကုန်ပြီးသော, မြတ်ကုန်သော သီလကွန္ဓအစရှိသည်တို့ကို ရှာမှီးတတ်ကုန်သောကြောင့် မြတ်စွာဘုရားတို့သည် **မဟေသီ** မည်ကုန်၏။

❧ ရုပ်ပိုင်းပြီး၏ ❧

အဘိဓမ္မာဂုဏ်ထူးဆောင် (ဒုတိယဆင့်) - သင်တန်းမှတ်စု ပြီး၏။